ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 22 October 2020 ၁၀၁၇၃

# ဒုတိယသမ္မတ ဦးမြင့်ဆွေ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၁**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရေတာရှည်မြို့နယ်၌ ပြင်ပသို့ထွက်ခွာမည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား Rapid Test Kit ဖြင့် စစ်ဆေး

ရေတာရှည် အောက်တိုဘာ ၂၁

**ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ ပြင်ပသို့ထွက်ခွာမည့် ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ယမန်နေ့ ညနေပိုင်းမှစတင်၍ Rapid Test Kit ဖြင့် စစ်ဆေးပေး လျက်ရှိကြောင်း သိရသည်။**



"ကျွန်တော်တို့ မြို့နယ်မှာဆိုရင် ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ မြို့အသီးသီးက ကုန်တင်ယာဉ်မောင်း၊ ယာဉ်နောက်လိုက် နှစ်ဦးစီကို စစ်ပေးပါတယ်။ စစ်ဆေးခက တစ်ဦးကို ကျပ်တစ်သောင်း ကောက်ပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒာညီဆွေက ပြောကြားသည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုကားလမ်းသည် ကုန်စည်စီးဆင်းမှု အများဆုံးဖြစ်ပြီး ကိုဗစ်-၁၉ မတိုင်မီ ကာလများတွင် နေ့စဉ်ကုန်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်၊ ခရီးသည်တင်ယာဉ် စီးရေ ၃၇၀၀ ကျော် ဖြတ်သန်းကြသော်လည်း လက်ရှိအချိန်တွင် တစ်ရက်လျှင် ယာဉ်စီးရေ ထောင်ဂဏန်းပင် မရှိကြောင်း ဆွာတိုးဂိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ကိုလွင်(ဆွာ)

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မြန်မာနိုင်ငံပိုင် အနိမ့်ပျံအသေးစားဂြိုဟ်တု MMSATS-1 တည်ဆောက်ပြီးစီး၍ ဂျပန်အာကာသအေဂျင်စီထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်**
စာမျက်နှာ » ၅

- - - - - - - - - - - - -

**ကိုဗစ်-၁၉ ရောဂါနှင့် မကူးစက်နိုင်သော ရောဂါများအန္တရာယ်**
ဆောင်းပါး စာမျက်နှာ » ၆

- - - - - - - - - - - - -

**ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်**
စာမျက်နှာ » ၁၆

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# မဲပေးရေး၌ ရုပ်ပိုင်း၊ စိတ်ပိုင်း ဘေးကင်းလုံခြုံ

မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ရက်သတ္တနှစ်ပတ် ကျော်မျှသာလိုတော့သည်။ မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူအားလုံး နိုင်ငံသား အခွင့်အရေး မဆုံးရှုံးစေဘဲ ဘေးကင်းလုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးမှာ အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ရင်ဆိုင်ကြုံတွေ့နေရဆဲ ကိုဗစ်-၁၉ ရောဂါဘေးကာလအတွင်း တစ်နိုင်ငံလုံး အတွက် တစ်ရက်တည်းကျင်းပရသည့် ရွေးကောက်ပွဲဖြစ်၍ ဘေးကင်းလုံခြုံရေး အထူးလိုအပ်ခြင်းဖြစ်သည်။

ထို့ကြောင့် ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြည်သူများ ရောဂါဘေးကင်းဝေးကာ လုံလုံခြုံခြုံ မဲပေးနိုင်ရေး အထူးဂရုစိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေရသည်။ အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းလမ်းညွှန်များနှင့် အညီ ဆောင်ရွက်နိုင်ရေးအတွက် အောက်တိုဘာလ ၂၀ ရက်နေ့က တတိယ အကြိမ် ကြိုတင်ပြင်ဆင်စီစဉ်ကျင်းပနေသော မဲပေးသည့်အစီအစဉ် လက်တွေ့ သရုပ်ပြမှုများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကြည့်ရှုလေ့လာခဲ့သည်။

မဲဆန္ဒရှင်ပြည်သူများ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ လုံခြုံ၍ အချိန် ကြန့်ကြာမှုမရှိစေဘဲ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းလမ်းညွှန်များနှင့်အညီ သတ်မှတ်ချိန်အတွင်း စနစ်တကျဖြင့် အောင်မြင်စွာ မဲပေးနိုင်ရေး၊ ရုပ်ပိုင်း၊ စိတ်ပိုင်း ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးရေးဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်များကို မဲရုံအတွင်း မြင်သာသည့်နေရာများတွင် ထားရှိသွားရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မဲရုံများအား ကြည့်ရှုလေ့လာစဉ် မှာကြားခဲ့သည်။

မဲဆန္ဒနယ်မြေ တစ်ခုချင်းအလိုက် ဆန္ဒမဲပေးခွင့်ရှိသည့် ပြည်သူများမှာ ရာဂဏန်းမှ ထောင်ဂဏန်းအထိရှိနိုင်၍ ရွေးကောက်ပွဲနေ့၌ မဲလာပေးသည့် ပြည်သူလူထု ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ သတ်မှတ်အချိန် အတွင်း အကုန်အစင်မဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ရသည့်အလုပ်မှာ လွယ်ကူလှသည်မဟုတ်ပေ။ ထို့ကြောင့် ဆန္ဒမဲပေးသည့် အချိန် ကြန့်ကြာမှုမဖြစ်စေရန် မဲပေးသူများ အချိန်ကိုက်စနစ်တကျ မဲပေးနိုင်ရေး ကြိုတင်အသိပညာပေးအစီအစဉ်ကို ထိထိရောက်ရောက် ပြုလုပ်ရမည် ဖြစ်သည်။

အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ရင်ဆိုင်ကျော်လွှားနေရသည့် ကြီးမားသော စိန်ခေါ်မှုတစ်ခုဖြစ်သည်။ ထိုစိန်ခေါ်မှုကိုကျော်လွှား၍ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒနယ်မြေ တစ်ခုချင်းအလိုက် လိုက်လျောညီထွေစွာ စနစ်တကျပြင်ဆင်ဆောင်ရွက်နိုင်မှု၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ယခင်နှင့်မတူသည့် ၂၀၂၀ ရွေးကောက်ပွဲ အခင်းအကျင်းပုံစံသစ်တွင် စနစ်တကျ မှန်ကန်မြန်ဆန်စွာ ပါဝင်လုပ်ကိုင်နိုင်မှုတို့ လိုအပ်ပါသည်။

လက်ရှိတွင် ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် တစ်ကမ္ဘာလုံးနှင့်အတူ ကိုဗစ်ရောဂါဖြစ်နေသည့် တိုင်းတစ်ပါးနိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံများ၏ သတ်မှတ်ထားသော စည်းမျဉ်း၊စည်းကမ်းများကို လိုက်နာကာ မိမိနိုင်ငံအပေါ် ချစ်မြတ်နိုးသည့်စိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ စနစ်တကျမဲပေးခဲ့ကြသည်ကို ဂုဏ်ယူဖွယ်ရာ မြင်တွေ့ရပြီးဖြစ်သည်။ မြန်မာပြည်သူ ပြည်သားများ၏ နိုင်ငံအပေါ်ထားရှိသည့် သံယောဇဉ်၊ နိုင်ငံသား တာဝန် ကျေပွန်မှုတို့သည် ဂုဏ်ယူစရာဖြစ်သည်။ နိုင်ငံတကာရှိ သံရုံးများမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ တာဝန်ကျေပွန်မှု၊ လုပ်ကိုင်ပေးလိုသည့် စိတ်စေတနာရှိမှုတို့သည် အခက်အခဲများကြားမှ အောင်မြင်ကျော်လွှား ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

နိုဝင်ဘာလ ၈ ရက်နေ့မတိုင်မီ ရွေးကောက်ပွဲဆိုင်ရာ အကြိုဆောင်ရွက်မှု၊ အကြိုလှုပ်ရှားမှုများသည် ဂုဏ်ယူဖွယ်ရာများရှိသလို သင်ခန်းစာယူဖွယ်ရာများလည်းရှိပေသည်။ သင်ခန်းစာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားခဲ့သည့် ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ ဟူသည့် အောင်မြင်ခြင်းတရား လေးပါးဖြစ်သည်။ ထိုအောင်မြင်ခြင်းတရားလေးပါးကို လူတိုင်းလူတိုင်း ကိုင်စွဲလျက် ရင်ဆိုင်ကျော်ဖြတ်ကြမည်ဆိုလျှင် ယခု လက်ရှိ ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကို အောင်မြင်စွာကျော်လွှားနိုင်မည့်အပြင် အထွေထွေရွေးကောက်ပွဲကိုလည်း အောင်အောင်မြင်မြင် ကျင်းပနိုင်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကို ရင်ဆိုင်ကျော်လွှားပြီး အထွေထွေရွေးကောက်ပွဲနေ့တွင် ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံစိတ်ချစွာဖြင့် ချောချောမွေ့မွေ့ စနစ်တကျ မဲပေးနိုင်ရေးအတွက် အောင်မြင်ခြင်းတရားလေးပါးကို လက်ကိုင်ထားကာ နိုင်ငံချစ်စိတ်ဖြင့် ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)သို့ အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အရာထမ်း၊ အမှုထမ်းများက ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးဘက်ဆိုင်ရာနိုင်ငံ့ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ် ဧည့်ရိပ်သာ (၁)၌ ကျင်းပသည်။



**ကျေးဇူးတင်စကားပြောကြား**

အခမ်းအနားတွင် ကိုဗစ်-၁၉ ကုသရေးဌာန ကြီးကြပ်မှုလုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ကိုဗစ်-၁၉ ကုသရေးဌာန ကြီးကြပ်မှု လုပ်ငန်းကော်မတီ အတွင်းရေးမှူး(၁) ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုနိုင်က လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တက်ရောက်**

အဆိုပါ လှူဒါန်းပွဲသို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ တက္ကသိုလ်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ ကိုဗစ်-၁၉ ကုသရေးဌာန ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ယဉ်ထွန်းနှင့် ဆရာဝန်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့နယ် သမဝါယမအသင်းစုလယ်ယာဝန်ဆောင်မှုလုပ်ငန်းခွဲမှ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**အင်္ဂပူ အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သမဝါယမအသင်းစုသည် ကျေးလက်နေတောင်သူဦးကြီးများ လုပ်ငန်းခွင်အဆင်ပြေချောမွေ့စေရန်အတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းခွဲမှ အသင်းစုပိုင်ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ပန်းတင်အုပ်စု ကံဦးကျေးရွာရှိတောင်သူများ၏ လယ်ယာမြေများအား တစ်ကေလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် အောက်တိုဘာလမှစတင်၍ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁-၁၀-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁,၀၄၇ | ၁၀,၄၇၀,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၅,၂၆၉ | ၁၉,၄၉၅,၃၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၃၄ | ၂၇၅,၄၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၅၀၀ | ၅ | ၁၁၀,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၉၇၆ | ၂,၆၈၇,၄၀၀ |
| EFR | ၃,၁၀၀ | ၃,၁၅၀ | ၃၁ | ၉၆,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၁

ရန်ကုန်(ရွှေဈေး) ၁၃၁၈၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၈၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၀ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၅ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၄.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၃.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၄.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၄၄၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၂.၁၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၅၈၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၅.၅၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၄.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၃.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၂၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - | ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ **ရှေ့ဖုံးမှ**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

**လုပ်ငန်းတာဝန် (၁၁)ရပ်**

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် "Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ" ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ "Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ" ကို နိုင်ငံတော်သမ္မတရုံးက ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်တွင် ဒုတိယသမ္မတ(၁) ဦးဆောင်၍ ၁၀ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်(၁၁)ရပ် ချမှတ်ပေးခဲ့ပါကြောင်း၊ အဆိုပါ "လုပ်ငန်းတာဝန် (၁၁) ရပ်အပေါ် သက်ဆိုင်ရာဌာနများ၊ ကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ"၊ "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များအပေါ် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ" နှင့် "လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး" တို့အတွက် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း။

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၃ ရက်တွင် ပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၂၆ ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး ၁၀ ချက်၊ ဆောင်ရွက်ဆဲ ၁၆ ချက်ရှိပါကြောင်း၊ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၄ ရက်တွင် ပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၁၁ ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး ၅ ချက်၊ ဆောင်ရွက်ဆဲ ၆ ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ ဆောင်ရွက်ဆဲအချက်များသည်လည်း ဆက်လက်ဆောင်ရွက်နေရမည့်အချက်များ ဖြစ်ပါကြောင်း။

သက်ဆိုင်ရာဌာနများ၊ ကော်မတီများအနေဖြင့် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ "အစည်းအဝေးဆုံးဖြတ်ချက်များ"၊ "သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များ"၊ "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ" ကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့ကော်မတီတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများကို ထည့်သွင်းဖွဲ့စည်းထားသည့်အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ကိုပါ ထည့်သွင်းဖွဲ့စည်းထားသည့်အတွက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် တပ်မတော်အနေဖြင့် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရပါကြောင်း။

မိမိတို့ကော်မတီကို ဖွဲ့စည်းပြီး တစ်ဆက်တည်းမှာပဲ ချမှတ်ထားသည့်လုပ်ငန်းတာဝန် (၁၁) ချက်ကို အချိန်နှင့် တစ်ပြေးညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် "Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့"ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်၍ ပြည်ထောင်စုဝန်ကြီးဌာန ၁၀ ခုမှ ညွှန်ကြားရေးမှူးများအပါအဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းပြီး ရုံးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတာဝန်အဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်း၍ ၂၄ နာရီ အချိန်ပြည့် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအဆင့် Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီများကို ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ငန်းတာဝန်များ အကြံပြုရေးဆွဲကာ "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီ" သို့ တင်ပြအတည်ပြုချက်ရယူပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၆ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

မိမိတို့ကော်မတီအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန် (၁၁) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျဉ်းချုံးပြောရလျှင် COVID–19 ရောဂါပိုး ကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine ဝင်ရောက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ကာ Contact Person စာရင်းများပြုစုပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ စုံစမ်းဖော်ထုတ်ရန် ခက်ခဲသော Contact Person များ၊ နိုင်ငံသားစိစစ်ရေး ကတ်နံပါတ်သာသိရှိသူများ၊ ဖုန်းနံပါတ်ပါရှိပြီး ခေါ်ဆို၍ မရသူများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်စုံစမ်း ဖော်ထုတ်ပေးလျက်ရှိပါကြောင်း။

**COVID-19 ရောဂါပိုးကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ကာ Contact Person စာရင်းများပြုစုပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားလျက်ရှိ။**

**ထို့အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ စုံစမ်းဖော်ထုတ်ရန်ခက်ခဲသော Contact Person များ၊ နိုင်ငံသားစိစစ်ရေးကတ်နံပါတ်သာ သိရှိသူများ၊ ဖုန်းနံပါတ်ပါရှိပြီး ခေါ်ဆို၍ မရသူများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်စုံစမ်းဖော်ထုတ်ပေးလျက်ရှိ။**

**ဆောင်ရွက်ပေးလျက်ရှိ**

"Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူးရုံး" အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အနေဖြင့်လည်း "နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ" အတွင်းရေးမှူးများနှင့် Video Conferencing ပြုလုပ်၍ "သက်ဆိုင်ရာကော်မတီများအလိုက် တွေ့ကြုံနေရသည့် အခက်အခဲများ၊ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းခြင်း"၊ "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း"များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

"Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ" အနေဖြင့် "Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ" ၏ လမ်းညွှန်ချက်အရ မဟာသင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆား ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ကြက်သွန်နီတစ်ပိဿာ စုစုပေါင်းအမယ် ငါးမျိုးကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှစ၍ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးခြင်းကို ကြီးကြပ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၉ ရက်အထိ အိမ်ထောင်စုပေါင်း ၄၀၀၆၃၀၂ စုအတွက် ရာနှုန်းပြည့် အောင်မြင်စွာ ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

**အရေးယူဆောင်ရွက်ခဲ့**

ပြည်သူများတွင် စိုးရိမ်ပူပန်မှုများရှိပါက အကူအညီပေးနိုင်ရေးနှင့် ထူးခြားသတင်းများ ပေးပို့နိုင်ရေးအတွက် Hot line ဖုန်းနှစ်လုံးထားရှိပြီး သက်ဆိုင်ရာဌာနများနှင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများအကြား အထိတ်တလန့် ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြားနေရာများတွင် သတင်းမှားဖြန့်ဝေနေသူများကိုလည်း အမြန်ဆုံး ဖော်ထုတ်၍ ရှာဖွေဖမ်းဆီးပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် အရေးယူခဲ့သည့်အမှု ၂၆ ခုရှိပါကြောင်း၊ ထို့အပြင် COVID–19 ရောဂါပိုးပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းမရှိသူများအား သက်ဆိုင်ရာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၁၄၅၇၇ မှုကို အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

**အထူးလိုက်နာဆောင်ရွက်**

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၆ ရက်မှစ၍ ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုမြင့်မားလျက်ရှိပြီး အခြားဒေသများသို့ ကူးစက်ပြန့်ပွားနိုင်သော အခြေအနေရှိသည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအဆင့် "Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ" များသို့ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်များအတိုင်း အထူးလိုက်နာဆောင်ရွက်သွားရန် ထပ်ဆင့်အကြောင်းကြားခဲ့ပါကြောင်း။

ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သူများအနက် အခက်အခဲရှိ၍ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၆ ရက်မှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်အထိ ထိုင်းနိုင်ငံနယ်စပ်ဂိတ် ရှစ်ဂိတ်မှ ဝင်ရောက်လာသူ ၈၉၉၁၀ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနယ်စပ်ဂိတ် ငါးဂိတ်မှ ဝင်ရောက်လာသူ ၅၅၂၄၂ ဦး၊ လာအိုနိုင်ငံနယ်စပ်ဂိတ်တစ်ဂိတ်မှ ဝင်ရောက်လာသူ ၄၁၇ ဦး စုစုပေါင်း ၁၄၅၅၆၉ ဦးတို့ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂ ရက် မှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်အထိ လေကြောင်းလိုင်းများမှ ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၂၂၆၀၄ ဦးနှင့် နိုင်ငံခြားသား ၄၃၄၁ ဦး စုစုပေါင်း ၂၆၉၄၅ ဦးရှိသည်ကို တွေ့ရပါကြောင်း။

အဆိုပါ "နယ်စပ်ဂိတ်များ"နှင့် "လေကြောင်းလိုင်းများ" မှ ပြန်လည်ဝင်ရောက်လာသော နိုင်ငံသားများအား ၎င်းတို့၏နေရပ်များသို့ စနစ်တကျ ပို့ဆောင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆက်ဆံရေးအရာရှိများ စေလွှတ်ထားရှိပြီး စာရင်းကောက်ယူခြင်း၊ လိုအပ်သည့် မော်တော်ယာဉ်များ၊ ရထားများစီစဉ်ပေးခြင်း၊ သက်ဆိုင်ရာမြို့နယ်များသို့ ရောက်ရှိပါက Quarantine ဝင်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမားများအနက်မှ ခရီးဝေးကွာ၍ သွားလာရန်ခက်ခဲသည့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ အလုပ်သမားများကိုလည်း သက်ဆိုင်ရာနယ်စပ်မြို့ရှိ Community Based Facility Quarantine များတွင် သတ်မှတ်ရက်အတိုင်း စနစ်တကျထားရှိ၍ Swab နမူနာရယူစစ်ဆေးပေးပြီး ရောဂါပိုးမတွေ့ရှိသူများကို သက်ဆိုင်ရာဒေသများသို့ စနစ်တကျ ပြန်လည်စေလွှတ်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ Relief Flight အပါအဝင် လေကြောင်းခရီးစဉ်ဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကိုလည်း Hotel Quarantine နှင့် Home Quarantine ဝင်ရောက်စေရေးတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် COVID–19 ရောဂါပိုးကို စတင်စစ်ဆေးတွေ့ရှိခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်အထိ ရောဂါပိုးရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှု ၅၃၈၀၈၆ ဦး ပြုလုပ်ခဲ့ရာမှာ ရောဂါပိုးတွေ့ရှိသူ ၃၈၅၀၂ ဦး၊ သေဆုံးသူ ၉၄၅ ဦးနှင့် ရောဂါပျောက်ကင်းသူ ၁၈၁၄၇ ဦးရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

COVID–19 ရောဂါကိုအချိန်နှင့်တစ်ပြေးညီ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများအားလုံးကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၈ ရက်အထိ ရဟန်းသံဃာနှင့် သီလရှင်များ အပါအဝင် အရပ်ဘက်ဆိုင်ရာများအား COVID–19 ရောဂါပိုး ရှိ/မရှိ ဆေးစစ်ဆေးပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများကို ဆေးကုသပေးခြင်း၊ Quarantine ထားရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် Quarantine ဝင်ရောက်နေသူများအား စားသောက်ရေးကိစ္စရပ်များကိုပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ Volunteer များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်သိပြည်သူများ၏ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေမှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါကြောင်း။

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်(၁၁)ချက်နှင့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၄ သို့** ✪

✪ စာမျက်နှာ ၃ မှ

ထို့နောက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ အပေါ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း ညှိနှိုင်းကာ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များအခြေအနေ၊ COVID–19 ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး(၂) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ”၏ ညွှန်ကြားချက်များ၊ “Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ”၏ လုပ်ငန်းတာဝန်များနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းကာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အတွင်းရေးမှူးရုံးအဖွဲ့၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေးနှင့် လိုက်နာမှုမရှိသူများအား ထိရောက်စွာ အရေးယူဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သင်တန်းကျောင်းများတွင် Quarantine ထားရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လက်ရှိ Quarantine ဝင်ရောက်နေမှု အခြေအနေများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝန်ကြီးဌာန အောက်ရှိ အဆောက်အအုံများနှင့် သာသနိကအဆောက် အအုံများတွင် Quarantine နေရာစီစဉ်ထားရှိမှု အခြေအနေများ၊ Quarantine ဝင်ရောက်နေမှုအခြေအနေများ၊ COVID–19 ရောဂါပိုး တွေ့ရှိရသော ရဟန်း/ သာမဏေများ နှင့် သီလရှင်များအား ဆေးကုသမှုပေးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ COVID–19 ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် အလှူငွေများ လှူဒါန်းမှုအခြေအနေများ၊ Stay at Home သတ်မှတ်ကာလအတွင်း ဆွမ်းအခက်အခဲရှိသော စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းခဲ့မှု အခြေအနေများ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များတွင် ရောဂါပိုးကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား သတ်မှတ်ထားသည့် ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ COVID–19 ဖြစ်ပွားနေသည့် ကာလ အတွင်း စက်ရုံ၊ အလုပ်ရုံများအနေဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲအကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ COVID–19 ကာလအတွင်း မြန်မာနိုင်ငံသို့ အလုပ်သမားများ ပြန်လည်ရောက်ရှိမှုအခြေအနေများနှင့် အလုပ်သမားများ ပြည်ပနိုင်ငံသို့ စေလွှတ်ပေးနိုင်မှုအခြေအနေများ၊ COVID–19 ကာလတွင် အာမခံ အလုပ်သမားများအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု ပေးခဲ့သည့် အခြေအနေများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် COVID–19 ရောဂါပိုး တွေ့ရှိမှု အခြေအနေများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ထိရောက်စွာ အရေးယူနိုင်ရေး

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိ ဆောင်ရွက်လျက်ရှိပြီး ထပ်မံအားဖြည့်ရန် ဆောင်ရွက်လျက် ရှိသည့် အခြေအနေများ၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရေးနှင့် လိုက်နာဆောင်ရွက်မှုမရှိသူများအား ထိရောက်စွာအရေး ယူနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအောက်ရှိ အဆောက်အအုံများတွင် Community Based Facility Quarantine နေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ Quarantine ဝင်ရောက်နေမှုအခြေအနေများ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ COVID–19 ကာလအတွင်း သတ်မှတ်ထားသည့် အသက်အပိုင်းအခြားနှင့်ဒေသများအလိုက် ထောက်ပံ့ ဆောင်ရွက်ပေးနိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

### ဆေးအဖွဲ့ ၆၀ ဖွဲ့စည်းထား

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက တပ်မတော်အတွင်း COVID–19 ရောဂါပိုး တွေ့ရှိမှုနှင့် Quarantine Center များတွင် Quarantine ဝင်ရောက်နေမှုအခြေအနေများ၊ ပြည်သူများ၊ တပ်မတော် သားများနှင့် မိသားစုဝင်များအတွက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေး နိုင်မှုအခြေအနေ၊ ပထမလှိုင်းကာလတွင် တပ်မတော် ဆေးရုံ/တပ်နေရာ ၆၇ ခုတွင် လူဦးရေ ၂၂၈၂ ဦးအတွက် Designated Hospital များ ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ရောဂါပိုးတွေ့ရှိသူ အရပ်သားလူနာများကို Designated Hospital များတွင် ဆေးဝါးကုသ ဆောင်ရွက်ပေးနေမှုများ၊ ဒုတိယလှိုင်းကာလတွင် ရောဂါပိုးတွေ့ရှိမှု မြင့်မားလာသဖြင့် အရပ်သားလူနာများကို ထပ်မံတိုးချဲ့ကုသပေးနိုင်ရန် တပ်မတော်ဆေးရုံ/တပ်/နေရာ ကိုးခုတွင် လူဦးရေ ၂၆၈၇ ဦးအတွက် Designated Hospital များအဖြစ် တိုးချဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား Quarantine ထားရှိနိုင်ရေးအတွက် တည်းခိုရေးစခန်းများ/ကျောင်းဌာန များ/တပ်နေရာ ၁၄ ခုတွင် လူဦးရေ ၂၈၁၀ အတွက် Facility Quarantine Center များ ပြင်ဆင်ဆောင်ရွက် ထားရှိမှုအခြေအနေ၊ တိုင်းစစ်ဌာနချုပ်များအလိုက် ဆေးရုံ/ ဆေးတပ်များတွင် ပါရဂူများအပါအဝင် ၁၅ ဦးစီဖြင့် ဆေး အဖွဲ့ ၆၀ အား ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေ၊ တပ်မတော်အနေဖြင့် ပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ စုစုပေါင်း ၃၈၆၈၉ ဦးအား COVID–19 ရောဂါပိုးရှိ/မရှိ ဆေးစစ်ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ တပ်မတော်မှ ပစ္စည်း ၂၃ မျိုးနှင့် အောက်ဆီဂျင်အိုး ၁၀၀၀ ကျော်အား ထောက်ပံ့လှူဒါန်းခဲ့မှုအခြေအနေ၊ အတည်ပြု လူနာများနှင့် စောင့်ကြည့်လူနာများအား ကျွေးမွေး စောင့်ရှောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေ အနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက COVID–19 ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်ပနိုင်ငံများတွင် အခက် အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည် ခေါ်ဆောင်နိုင်ရေးအတွက် ကယ်ဆယ်ရေးလေယာဉ်များ (Relief Flights) စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေများ၊ နိုင်ငံတကာသင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက် ရှိသော မြန်မာသင်္ဘောသားများအတွက် Crew Change ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် “စောစောရှာ” Application နည်းပညာစနစ် ဆောင်ရွက်ထားရှိမှုအခြေ အနေ၊ ထိတွေ့မှုရှာဖွေခြင်းလုပ်ငန်းစဉ် (Contact Tracing) နှင့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေခြင်း (Information Dashboard) စသည့် Application များ သုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယခုအစည်းအဝေးမှာ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အခြေအနေများ၊ “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ကော်မတီ၏လုပ်ငန်းတာဝန်(၁၁)ရပ်အပေါ် အကောင် အထည်ဖော်နေမှုများနှင့်ပတ်သက်၍ ပြည့်စုံစွာ အကြံပြု ဆွေးနွေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ကော်မတီသည် အုပ်ချုပ်ထောက်ပံ့ စီမံခန့်ခွဲမှုတွင် ပေါင်းစပ်ညှိနှိုင်းပေးရမည့်တာဝန်ဖြစ်၍ ပြည်ထောင်စု အစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ “နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ” များနှင့် အချိန်ပြည့်ပေါင်းစပ်ညှိနှိုင်းမှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တပ်မတော်အနေဖြင့် ကျန်းမာ ရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်နေမှုများအတွက် ကျေးဇူးတင်ရှိပါ ကြောင်း၊ “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟို ကော်မတီ၏လမ်းညွှန်ချက်အရ မဟာသင်္ကြန်ရုံးပိတ် ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများကို အိမ်ထောင်စုတစ်စုလျှင် အခြေခံစားကုန် ငါးမျိုးအား အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးခြင်းကို ကြီးကြပ် ဆောင်ရွက်ခဲ့ရာ အိမ်ထောင်စုပေါင်း လေးသန်းကျော်ကို အောင်မြင်စွာဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ မိမိတို့ကော်မတီ အား “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ညွှန်ကြားသည့် အစည်းအဝေးဆုံးဖြတ်ချက် (၁၂)ချက် အပေါ် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ကိုလည်း ပြန်လည်တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို အယုတ်အလတ်အမြတ်မရွေး တိကျစွာလိုက်နာရေး ဝိုင်းဝန်းပူးပေါင်းကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လိုက်နာ ဆောင်ရွက်မှုမရှိသူများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုပါကြောင်းဖြင့် နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။

**သတင်းစဉ်**

# (၄၂)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

(၄၂)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက Blue Jeans Application အသုံးပြု၍ Virtual Meeting အဖြစ် ကျင်းပသည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Veng Sakhon က သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် ကြ၍ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် အာဟာရပြည့်ဝစေရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးတို့အတွက် ကိုဗစ်–၁၉ ကပ်ရောဂါ၏ နောက်ဆက်တွဲ သက်ရောက်နိုင်မှုတို့အပေါ် အာဆီယံနိုင်ငံ များက တုံ့ပြန်ဆောင်ရွက်နေသည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒမူဘောင် အရ ဆောင်ရွက်ခဲ့သည့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေ များကို တင်ပြရာတွင် ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်သည့်အနေဖြင့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၏ အဆိုပြုချက်များကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၅ ရက်တွင် သဘောတူထုတ်ပြန်ခဲ့ခြင်း၊ အာဆီယံစားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ မျှော်မှန်းချက်နှင့် နည်းဗျူဟာအစီအစဉ် (၂၀၁၆–၂၀၂၀) အား ကာလတို ပြန်လည်သုံးသပ်ခြင်း၊ အပင်ပိုးမွှားရောဂါ ကင်းစင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ အကောင်အထည်ဖော်မှုအတွက် အာဆီယံဒေသဆိုင်ရာ လမ်းညွှန်ချက်များကို အတည်ပြုခြင်း၊ အသားကဏ္ဍအတွက် အာဆီယံနည်းဗျူဟာလုပ်ငန်းစဉ် (၂၀၂၁–၂၀၂၅)ကို အတည်ပြုခြင်း၊ သီးနှံကဏ္ဍအတွက် အာဆီယံနည်းဗျူဟာ လုပ်ငန်းစဉ် (၂၀၂၁–၂၀၂၅)ကို အတည်ပြုခြင်း၊ ငါးကဏ္ဍ အတွက် အာဆီယံနည်းဗျူဟာ လုပ်ငန်းစဉ် (၂၀၂၁–၂၀၂၅) ကို အတည်ပြုခြင်း၊ Fall Army Worm ဖျက်ပိုးအား ထိန်းချုပ် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ် (၂၀၂၀–၂၀၂၅)ကို အတည် ပြုခြင်း၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ရေရှည်တည်တံ့စေရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်အား အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြ သည်။

ထို့အပြင် ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်မည့် Key Deliverables များအနက် အသားကဏ္ဍတွင် ဇီဝသတင်း အချက်အလက်၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုန်သွယ်မှုအစီအစဉ်များ၊ ဇီဝ လုံခြုံမှုဆိုင်ရာအစီအမံများနှင့် အရည်အသွေးထိန်းသိမ်းမှု ဆိုင်ရာ ဒေသဆိုင်ရာရည်ညွှန်းဗဟိုဌာန တည်ထောင်ခြင်း၊ သီးနှံကဏ္ဍအတွက် သီးနှံများတင်သွင်းရာတွင် အာဆီယံ အပင် ရောဂါပိုးမွှားကင်းစင်ရေးဆိုင်ရာ လမ်းညွှန်ချက်များ



ချမှတ်ခြင်း၊ ငါးကဏ္ဍအတွက် ရေချိုငါးမွေးမြူရေးတွင် AMR Anti–microbial Resistance နှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အာဆီယံ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာမူဝါဒနှင့်နည်းဥပဒေ မူဘောင်အတွက် သဘောတူညီမှု စာချုပ်ချုပ်ဆိုနိုင်ရေး တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တော ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိတ်ဖက်အဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုတွင် ဩစတြေးလျ၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ရုရှားတို့နှင့် လည်းကောင်း၊ FAO၊ OIE၊ Grow Asia တို့နှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက် ခဲ့သည်။

အစည်းအဝေးတွင် (၄၂)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည် ပြုခဲ့ပြီး (၄၃)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေး နှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ West Java ရှိ Bandung မြို့၌ ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မြန်မာနိုင်ငံပိုင် အနိမ့်ပျံအသေးစားဂြိုဟ်တု MMSATS-1 တည်ဆောက်ပြီးစီး၍ ဂျပန်အာကာသအေဂျင်စီထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတက္ကသိုလ် (Hokkaido University) နှင့် တိုဟိုကိုတက္ကသိုလ် (Tohoko University) တို့မှ တည်ဆောက်ပြီးစီးခဲ့သည့် မြန်မာနိုင်ငံပိုင် အနိမ့်ပျံအသေးစားဂြိုဟ်တု MMSATS-1 (မြန်မာအမည် "လောကနတ်-၁") ဂြိုဟ်တုကို အောင်မြင်စွာ တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် အာကာသအတွင်း လွှတ်တင်နိုင်ရန် ဟော့ကိုင်းဒိုးတက္ကသိုလ်မှ ဂျပန်အာကာသအေဂျင်စီသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**လွှဲပြောင်းပေးအပ်**

အခမ်းအနားတွင် ဟော့ကိုင်းဒိုးတက္ကသိုလ်မှ JAXA သို့ လွှဲပြောင်းပေးအပ်ကြောင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး ဟော့ကိုင်းဒိုးတက္ကသိုလ်မှ Professor Yukihiro Takahashi က မြန်မာအနိမ့်ပျံဂြိုဟ်တု MMSATS-1 (လောကနတ်-၁) တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ယခုကဲ့သို့ မြန်မာနိုင်ငံပိုင် အနိမ့်ပျံအသေးစားဂြိုဟ်တုကို ပူးပေါင်းတည်ဆောက်ပေးခဲ့သည့်အတွက် ဟော့ကိုင်းဒိုး တက္ကသိုလ်နှင့် တိုဟိုကိုတက္ကသိုလ်မှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း အခက်အခဲအမျိုးမျိုးကြားမှ တည်ဆောက် ပြီးစီးခဲ့ပြီး လာမည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တင်ရန်စီစဉ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တွင်လည်း မြေပြင်အသေးစား ဂြိုဟ်တု ထိန်းချုပ်ရေးစခန်း၊ အသေးစားဂြိုဟ်တုလက်တွေ့စမ်းသပ် ခန်းတို့ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ပြီး မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မှ ပထမအသုတ် ဆရာ၊ ဆရာမ ခုနစ်ဦးနှင့် သင်တန်းသား ခုနစ်ဦးကို ဂြိုဟ်တုတည်ဆောက်ခြင်း လက်တွေ့လုပ်ငန်း ခွင်သင်တန်းနှင့် ဂြိုဟ်တုနည်းပညာနှင့် အာကာသနည်းပညာ အသုံးပြုမှုများဆိုင်ရာ အွန်လိုင်းသင်တန်းများပေးခြင်း အတွက် ကျေးဇူးတင်ပါကြောင်း၊ ယခုတည်ဆောက်ပြီးစီး သော အနိမ့်ပျံအသေးစားဂြိုဟ်တုအနေဖြင့် မြန်မာနိုင်ငံ အတွက် စိုက်ပျိုးရေးဆိုင်ရာ၊ သစ်တောဆိုင်ရာ၊ မြို့ရွာစီမံကိန်း ရေးဆွဲခြင်းဆိုင်ရာ၊ ပင်လယ်ရေကြောင်းနှင့် သမုဒ္ဒရာပညာ ရပ်ဆိုင်ရာ၊ မြေဆီလွှာ၊ တွင်းထွက်ပစ္စည်းနှင့် ဓာတ်သတ္တု ရှာဖွေခြင်းဆိုင်ရာ၊ မိုးလေဝသနှင့် ရေအရင်းအမြစ်ဆိုင်ရာ နှင့် သဘာဝဘေးစီမံခန့်ခွဲခြင်းဆိုင်ရာ စသည့်နယ်ပယ် များအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါ ကြောင်း၊ အာကာသနည်းပညာဆိုင်ရာ ကိစ္စရပ်များအတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆက်လက်အားပေးသွား မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ငါးနှစ်စီမံကိန်း**

မြန်မာနိုင်ငံပိုင် အနိမ့်ပျံအသေးစားဂြိုဟ်တု စီမံကိန်း သည် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ငါးနှစ်စီမံကိန်းဖြစ်၍ စီမံကိန်း တန်ဖိုးမှာ ဂျပန်ယန်း သန်း ၁၆၈၀ ရှိပြီး စီမံကိန်းတွင် ကီလိုဂရမ် ၅၀ အလေးချိန်ရှိ Micro-satellite ဂြိုဟ်တု နှစ်လုံး၊ မြေပြင်အသေးစား ဂြိုဟ်တုထိန်းချုပ်ရေးစခန်းနှင့် Micro-satellite ဂြိုဟ်တုတည်ဆောက်နိုင်မည့် ဂြိုဟ်တု လက်တွေ့တည်ဆောက်စမ်းသပ်ခန်းတို့အပြင် နည်းပညာ လွှဲပြောင်းပေးရေးအစီအစဉ်အရ သင်တန်းသား ၁၄ ဦး၊ လုပ်ငန်းခွင်လက်တွေ့သင်တန်းအဖြစ် ဆရာ ဆရာမ ခုနစ် ဦးတို့အား လေ့ကျင့်ပေးမှုတို့ပါဝင်သည်။



ယခုလွှဲပြောင်းပေးသည့် MMSATS-1 (လောကနတ်-၁) ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတကာ အာကာသ စခန်းသို့ ပို့ဆောင်မည်ဖြစ်ပြီး မတ်လတွင် ဂြိုဟ်ပတ်လမ်း အတွင်းသို့ ထည့်သွင်းမည်ဖြစ်သည်။ ဒုတိယအနိမ့်ပျံ အသေးစားဂြိုဟ်တု (လောကနတ်-၂) ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန် - မန္တလေး အမြန်လမ်းနှင့် ရန်ကုန် - ငရုတ်ကောင်း အမြန်လမ်းတို့တွင် လုပ်ငန်းဖြစ်တန်စွမ်းလေ့လာခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစီရင်ခံစာ ရှင်းလင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၁**



မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်မှုနှင့် ပို့ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် KOICA Myanmar Office တို့အကြား ပူးပေါင်းဆောင်ရွက်သည့် Feasibility Study on the Central Backbone Expressway in Myanmar (Yangon-Mandalay Expressway and Yangon - Ngayokekaung Expressway ) ၏ နောက်ဆုံး အစီရင်ခံစာနှင့်ပတ်သက်သည့် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် လမ်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**စီးပွားရေး စင်္ကြံလမ်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မိမိတို့ အနေဖြင့် ကိုရီးယားနိုင်ငံ၏ အခြေခံအဆောက်အအုံ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများတွင် ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက် လိုပါကြောင်း၊ ယခုအခါ ရန်ကုန်မြို့ရှိ ကိုရီးယား- မြန်မာ ချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်း၊ ကိုရီးယား - မြန်မာ စက်မှုမြို့တော်စီမံကိန်း (Korea Myanmar Industrial Complex)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု အစည်းအဝေးတွင် ရန်ကုန်-မန္တလေး အမြန်လမ်းနှင့် ရန်ကုန်- ငရုတ်ကောင်းအမြန်လမ်းတို့တွင် လုပ်ငန်းဖြစ်တန်စွမ်း လေ့လာခြင်းနှင့် ပတ်သက်၍ အနှစ်ချုပ်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ ရန်ကုန် - မန္တလေးအမြန်လမ်းသည် လက်ရှိ အသုံးပြုနေသော အမြန်လမ်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိက မြို့ကြီးသုံးမြို့ဖြစ်သည့် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး မြို့များကို ဆက်သွယ်ထားကာ တောင်-မြောက် စီးပွားရေး စင်္ကြံ၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ပါကြောင်း။

ရန်ကုန်- ငရုတ်ကောင်းအမြန်လမ်းသည် အသစ် ဖောက်လုပ်မည့် အမြန်လမ်းဖြစ်ပြီး ရန်ကုန်နှင့် ဧရာဝတီ ကမ်းရိုးတန်းဒေသကို ဆက်သွယ်ထားပါကြောင်း၊ မြန်မာ နိုင်ငံ၏ Arterial Road Network Development ၏ Master Plan တွင် ပါဝင်သကဲ့သို့ အရှေ့ - အနောက် စီးပွားရေးစင်္ကြံ၏ အလားအလာကောင်းသော၊ အရေးပါသော လမ်းပိုင်းလည်း ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းစီမံကိန်းနှစ်ခုစလုံးသည် မြန်မာ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် အရေးပါသော ကဏ္ဍမှ ပါဝင်ပါ၍ အရေးကြီးအကြောင်းအရာများအား ပွင့်လင်းစွာ ဆွေးနွေးရန်နှင့် အကြံဉာဏ်ကောင်းများ ပံ့ပိုးကူညီပေးနိုင်ပါရန် တက်ရောက်သူများအားလုံးကို ဖိတ်ခေါ်အပ်ပါကြောင်း။

စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လုပ်ငန်း ဖြစ်တန်စွမ်း လေ့လာခြင်းမှ လေ့လာတွေ့ရှိချက်များသည် အဓိက အကူအညီကောင်းများဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကိုလည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

စီမံကိန်းလုပ်ငန်းများ ရည်မှန်းထားသည့်အတိုင်း အကောင်အထည်ဖော်နိုင်ရန် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ KOICA အဖွဲ့နှင့်အတူ စီမံကိန်းနှင့်ဆက်စပ်ကိစ္စရပ်များကို ဆွေးနွေးပေးကြရန် နှင့် အဓိကပြဿနာရပ်များအား ဝိုင်းဝန်းဖြေရှင်းနိုင်ပါစေ ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဆောင်ဟွာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် KOICA Myanmar Office မှ Chief Representative, Ms. Lee Youn Soo က ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် KOICA Myanmar Office တို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်- မန္တလေး အမြန်လမ်းနှင့် ရန်ကုန်- ငရုတ်ကောင်း အမြန်လမ်းတို့တွင် လုပ်ငန်းဖြစ်တန်စွမ်းလေ့လာခြင်း နောက်ဆုံးအစီရင်ခံစာ အစည်းအဝေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုရီးယားပညာရှင် Mr. Tong Hyun Kim က ရန်ကုန် -မန္တလေး အမြန်လမ်းနောက်ဆုံး အစီရင်ခံစာ နှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြပြီး တင်ပြချက် များအပေါ် အစည်းအဝေးသို့ တက်ရောက်သူများက သိလိုသည် များ အကြံပြုဆွေးနွေးမေးမြန်းရာ ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ကိုရီးယားပညာရှင် Mr. Seong Yil Bae က ရန်ကုန် - ငရုတ်ကောင်း အမြန်လမ်းနောက်ဆုံး အစီရင် ခံစာနှင့်ပတ်သက်၍ အဓိကအကြောင်းအရာပါ အချက် အလက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေး ချက်များအပေါ် အစည်းအဝေးသို့ တက်ရောက် လာသူများ က သိရှိလိုသည်များ အကြံပြုဆွေးနွေး မေးမြန်းရာ ပြန်လည် ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိဂုံး ချုပ်အမှာစကား ပြောကြားသည်။

**အဓိကလမ်းမကြီးနှစ်ခု**

KOICA ၏ နည်းပညာ အကူအညီဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ အဓိကကျောရိုးလမ်းမကြီး နှစ်ခုဖြစ်သည့် ရန်ကုန် - မန္တလေးအမြန်လမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း နှင့် ရန်ကုန် - ငရုတ်ကောင်း အမြန်လမ်း အသစ်ဖောက်လုပ် နိုင်ရေး ပဏာမဖြစ်တန်စွမ်း လေ့လာခြင်းကို ၂၀၁၈ ခုနှစ် တွင် စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ လမ်းနှစ်လမ်းသည် မြန်မာနိုင်ငံအတွက် အရေး ကြီးသော လမ်းကွန်ရက်တွင် ပါဝင်ကာ ရန်ကုန် - မန္တလေး အမြန်လမ်းသည် တောင်-မြောက် စီးပွားရေးစင်္ကြံလမ်း မကြီးဖြစ်ပြီး ရန်ကုန် -ငရုတ်ကောင်းလမ်းသည် အရှေ့- အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၏ ဆက်လက်တိုးချဲ့မည့် လမ်းပိုင်းတွင် ပါဝင်သည်။ အဓိကကျသော အမြန်လမ်းများ ကို အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လိုအပ်သော အခြေခံအဆောက်အအုံများအတွက် သာမက ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌လည်း ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေး နှိုးဆော်ချက်

၁။ ကိုဗစ်-၁၉ ကုသရေးနှင့် ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဝင်/ထွက်သွားလာနေသော လူနာတင်ယာဉ်များ၊ ဆရာဝန်များ၏ယာဉ်များ၊ ထောက်ပံ့ရေးယာဉ်များ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းအား မြို့မကျောင်းလမ်းနှင့် လမ်းမတော်လမ်းဆုံမှ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံအထိ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၄ ရက် ဝ၆:၀၀ နာရီအချိန်မှစ၍ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ယာဉ်မောင်းနှင်နေသူများအနေဖြင့် ခေတ္တလမ်းပိတ်ထားစဉ် ကာလအတွင်း အခြားသင့်လျော်သော လမ်းများမှ မောင်းနှင်သွားလာကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကိုဗစ်-၁၉ ရောဂါနှင့် မကူးစက်နိုင်သောရောဂါများ အန္တရာယ်

ဒေါက်တာကျော်ကံကောင်း
ဒုတိယညွှန်ကြားရေးမှူးချုပ်(မကူးစက်)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန


ကမ္ဘာပေါ်တွင် လျင်မြန်စွာ ကူးစက်ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ၂၁-၁၀-၂၀၂၀ ရက်အထိ လူပေါင်း ၄၁၀၉၃၉၄၀ ကို ကူးစက်ခဲ့ပြီး လူပေါင်း ၁၁၃၀၅၃၁ ဦး သေဆုံးခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ခံတွင်ခဲ့ အတည်ပြုလူနာတစ်ဦးကို ၂၃-၃-၂၀၂၀ ရက်တွင် စတင် တွေ့ရှိခဲ့ပြီး ၂၀-၁၀-၂၀၂၀ ရက်အထိ လူပေါင်း ၃၈၅၀၂ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခဲ့ရကြောင်း စမ်းသပ် တွေ့ရှိခဲ့ကာ လူပေါင်း ၉၄၅ ဦး သေဆုံးခဲ့ပြီး ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မိမိနိုင်ငံနှင့် သင့်လျော်သည့် နည်းဗျူဟာများ ချမှတ်၍ နီးနွယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ လူမှုရေးအသင်းအဖွဲ့များ၏ တက်ကြွစွာပါဝင်မှုဖြင့် ရောဂါကူးစက်မှု လျော့နည်းစေရန်နှင့် ထိန်းချုပ်နိုင်ရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ခံယူသော လူနာများ၏ ၂၀ ဒသမ ၆ ရာခိုင်နှုန်းသည် နှလုံးနှင့် သွေးတိုးရောဂါများကြောင့်လည်းကောင်း၊ ၄ ဒသမ ၉ ရာခိုင်နှုန်းသည် ကင်ဆာရောဂါကြောင့် လည်းကောင်း၊ ၄ ဒသမ ၉ ရာခိုင်နှုန်းသည် နာတာရှည် အဆုတ်ရောင်ရောဂါကြောင့် လည်းကောင်း၊ ၁ ဒသမ ၃ ရာခိုင်နှုန်းသည် ဆီးချို၊ သွေးချိုရောဂါကြောင့် လည်းကောင်း သေဆုံးခဲ့သည်ကို တွေ့ရှိရပါသည်။


၂၀၁၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ လူဦးရေ စုစုပေါင်း ၈၂၉၄၁၀၆ ဦးအနက် ရောဂါအမျိုးမျိုးကြောင့် သေဆုံးခဲ့သူ (Registered Death) စုစုပေါင်း ၆၁၂၂၃ ဦး ဖြစ်ပြီး ၎င်းသေဆုံးသူများအနက် မကူးစက်နိုင်သော ရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ နှလုံးနှင့် သွေးကြောကျဉ်းရောဂါကြောင့် သေဆုံးသူ ၁၉၈၈၇ ဦး၊ ဆီးချိုနှင့် သွေးချိုရောဂါကြောင့် သေဆုံးသူ ၁၇၅၇ ဦး ဖြစ်သောကြောင့် သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် သွေးကြောကျဉ်းရောဂါကြောင့် သေဆုံးသူ ၃၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဆီးချိုနှင့် သွေးချိုရောဂါကြောင့် သေဆုံးသူ သုံးရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။




ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင် လေ့လာဆန်းစစ်ချက်များအရ ရောဂါကူးစက်ခံရသော လူနာများအနက် အသက်အရွယ်ကြီးရင့်သူများ၊ မကူးစက်နိုင်သောရောဂါများဖြစ်သည့် ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် သွေးကြောကျဉ်းရောဂါ၊ နာတာရှည်အဆုတ်ရောင်ရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ စသည့်ရောဂါအခံရှိသည့် ပြည်သူများတွင် သေဆုံးမှုနှုန်း ၅ ဆမှ ၁၀ ဆအထိ ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် WHO STEP လေ့လာဆန်းစစ်မှုအရ အသက် ၂၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ ပြည်သူများတွင် ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှုနှုန်း ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမှာ ၂၆ ဒသမ ၄ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးအထောက်အကူပြု သတင်းအချက်အလက် စနစ်မှရရှိသော Hospital Statistics Report (2016) အရ ပြည်သူ့ဆေးရုံများတွင် တက်ရောက်ကုသမှု




ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများသည် ကျန်းမာရေးနှင့်မညီညွတ်သည့် အပြုအမူ အနေအထိုင်ဖြစ်သည့် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းစားခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ အချို၊ အငန် လွန်ကဲသည့် အစားအစာများနှင့် ဘေးအန္တရာယ်ရှိသော ဆီနှင့် တိရစ္ဆာန်အဆီများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းနှင့် လေထုညစ်ညမ်းခြင်းတို့ကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပါသည်။

အောက်တိုဘာလ ၂၀ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတွင် လူပေါင်း ၉၄၅ ဦး သေဆုံးခဲ့ပြီး အဆိုပါလူနာများအနက်မှ ၉၂ ရာခိုင်နှုန်းမှာ မူလရောဂါအခံရှိသူများဖြစ်ကာ ၎င်းတို့အနက် ၄၃ ဒသမ ၇ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် သွေးကြောကျဉ်းရောဂါ၊ ၃၈ ဒသမ ၃ ရာခိုင်နှုန်းသည် ဆီးချို၊ သွေးချိုရောဂါ၊ ၃ ဒသမ ၇ ရာခိုင်နှုန်းသည် ကင်ဆာရောဂါအခံရှိသူများ ဖြစ်ကြပါသည်။

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိသော အခြေအနေတွင် -

- ❖ သက်ကြီးရွယ်အိုများ၏ မိသားစုဝင်များနှင့် မကူးစက်နိုင်သောရောဂါရှင်များ၏ မိသားစုဝင်များသည် အကြောင်းကြောင်းကြောင့် ပြင်ပသို့သွားရောက်ရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လိုက်နာရမည့်အချက်များကို တိကျစွာ လိုက်နာရန်၊
- ❖ အသက်(၆၀)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအနေဖြင့် တတ်နိုင်သမျှ အပြင်ထွက်ခြင်း မပြုပါရန်၊
- ❖ မကူးစက်နိုင်သောရောဂါများ ခံစားနေရသူများ အနေဖြင့် မိမိနေအိမ်တွင် မိသားစုဝင်များနှင့် ရောနှော နေထိုင်ခြင်းမပြုဘဲ တတ်နိုင်သမျှ သီးခြားနေထိုင်ရန်၊
- ❖ အရေးပေါ်အခြေအနေကြောင့် ပြင်ပသို့သွားရောက်ရမည်ဆိုပါက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရာတွင် လိုက်နာရမည့်
  - ◎ နှာခေါင်းစည်း အမြဲတပ်ဆင်ခြင်း၊
  - ◎ လူစုလူဝေးအား ရှောင်ကြဉ်ခြင်း၊ အခြားသူများနှင့် အနည်းဆုံး ခြောက်ပေအကွာတွင် နေခြင်း၊
  - ◎ လက်ကို ဆပ်ပြာဖြင့် (သို့မဟုတ်) အရက်ပြန် ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် မကြာခဏ စင်ကြယ်စွာဆေးခြင်း၊
  - ◎ မျက်နှာကို မကြာခဏထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်ခြင်းတို့ကို တိကျစွာ လိုက်နာဆောင်ရွက်ရန်၊
- ❖ ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများဖြစ်သည့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့မရခြင်းအစရှိသည့် ဝေဒနာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အမြန်သတင်းပို့၍ ကုသမှုခံယူရန်၊
- ❖ မိမိအိမ်တွင် သက်ကြီးရွယ်အိုနှင့် မကူးစက်နိုင်သောရောဂါအခံရှိသူများနှင့်အတူ နေထိုင်သူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတိပေးချက်များကို ပိုမိုဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

**အောက်တိုဘာလ ၂၀ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတွင် လူပေါင်း ၉၄၅ ဦး သေဆုံးခဲ့ပြီး အဆိုပါ လူနာများအနက်မှ ၉၂ ရာခိုင်နှုန်းမှာ မူလရောဂါအခံရှိသူ များဖြစ်ကာ ၎င်းတို့အနက် ၄၃ ဒသမ ၇ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် သွေးကြောကျဉ်းရောဂါ၊ ၃၈ ဒသမ ၃ ရာခိုင်နှုန်းသည် ဆီးချို၊ သွေးချိုရောဂါ၊ ၃ ဒသမ ၇ ရာခိုင်နှုန်းသည် ကင်ဆာရောဂါ အခံရှိသူများဖြစ်။**

**ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်သူများအား စစ်ဆေးကုသပေးမှုအခြေအနေ**

| ဆောင်ရွက်သည့်လုပ်ငန်း | (၂၀၁၇)ခုနှစ် | (၂၀၁၈)ခုနှစ် | (၂၀၁၉)ခုနှစ် | (၂၀၂၀)ခုနှစ် ဇွန်လအထိ |
|---|---|---|---|---|
| လုပ်ငန်းဆောင်ရွက်သည့် မြို့နယ်စုစုပေါင်း | ၂၀ | ၁၈၀ | ၂၃၂ | ၂၅၁ |
| မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသခြင်း သင်တန်း ပေးခဲ့သော အခြေခံကျန်းမာရေး ပညာရှင် စုစုပေါင်း | ၁၁၃၀ | ၈၉၂၀ | ၃၁၄၂ | - |
| ဆီးချို၊ သွေးချိုနှင့်သွေးတိုးရောဂါ စစ်ဆေးပေးနိုင်သော လူဦးရေ စုစုပေါင်း | ၅၂၅၉၂ | ၆၄၂၆၀၅ | ၁၆၅၅၅၂၉ | ၈၃၉၄၂၀ |
| ဆီးချို၊ သွေးချိုရောဂါရှိပြီး ဆေးကုသမှုပေးခဲ့သော လူဦးရေ စုစုပေါင်း | ၈၁၂၀ | ၉၉၉၅၂ | ၂၀၅၉၄၅ | ၁၀၀၁၇၄ |
| သွေးတိုးရောဂါရှိပြီး ဆေးကုသမှု ပေးခဲ့သော လူဦးရေ စုစုပေါင်း | ၁၇၀၄၁ | ၂၂၁၄၅၆ | ၄၂၉၄၀၀ | ၂၂၂၅၄၈ |
| (၁၀)နှစ်အတွင်း နှလုံးသွေးကြောကျဉ်း ရောဂါ ဖြစ်နိုင်ခြေ (၁၀%)အထက် ရှိသည်ဟု စစ်ဆေး ကုသပေးနိုင်ခဲ့သည့် လူဦးရေစုစုပေါင်း | ၁၆၉၅၅ | ၂၄၈၄၇၇ | ၄၆၂၁၉၃ | ၃၃၆၀၄၈ |

စာမျက်နှာ ၇ သို့ ■

■ စာမျက်နှာ ၆ မှ

Stay at Home ကာလတွင် ပြည်သူများအနေဖြင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ အစားအသောက်များ ပိုမိုစားသုံးနိုင်ခြေများပြားခြင်း၊ အရက်သောက်သုံးမှု ပိုမိုများပြားခြင်းတို့ ဖြစ်နိုင်သောကြောင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ပြီး မကူးစက်နိုင်သောရောဂါအခံရှိသူများမှာ မပျက်မကွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-

- တစ်ရက်လျှင် အနည်းဆုံး မိနစ် ၃၀ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ရန်၊
- အိပ်ရေးဝအောင်အိပ်စက်ရန်၊
- ဆေးလိပ်၊ အရက်၊ ကွမ်းယာ လုံးဝရှောင်ကြဉ်ရန်၊
- စိတ်ဖိစီးမှု လျော့ပါးစေရန် တရားထိုင်ခြင်း၊ သီချင်းနားထောင်ခြင်းတို့ကို ပြုလုပ်ရန်၊
- နာမကျန်းဖြစ်နေသူများကို ရှောင်ကြဉ်ရန်နှင့် နာမကျန်းဖြစ်သူ မိတ်ဆွေများကို မိမိအိမ်သို့ မလာစေရန်။

ဆီးချို၊ သွေးချိုရောဂါရှိသူများအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်-

- သွေးချိုတိုင်းစက်ရှိပါက ပုံမှန်တိုင်း၍ စစ်ဆေးမှတ်သားထားရန်၊ စစ်ဆေးရန် စက်မရှိပါက နီးစပ်ရာ ကျန်းမာရေးဌာန၊ ဆေးခန်းများတွင် စစ်ဆေးရန်၊
- ဆေးပုံမှန် ဆက်သောက်ရန်နှင့် အချိန်မှန်သောက်ရန်၊
- မိမိသောက်နေကျ ဆေးများ ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ရန်၊ လုံလောက်မှုမရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများတွင် ဖွင့်လှစ်ထားသော ဆီးချိုနှင့် သွေးတိုးရောဂါ ကုသမှုဆေးခန်းများတွင် သွားရောက် ထုတ်ယူရန်၊
- သွေးတွင်း အချိုဓာတ်လွန်ကဲခြင်း၊ အချိုဓာတ်ကျဆင်းခြင်း လက္ခဏာများကို သတိပြုရန်၊
- အချိုနှင့် ကစီဓာတ်များသော အစားအစာများကိုလျှော့စားရန်၊ တာရှည်ခံအစားအစာများ စားသုံးခြင်းမှ ရှောင်ကြဉ်ရန်၊ အသား၊ ငါး၊ ပဲ၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ပိုစားရန်၊
- ဆီးချို၏ နောက်ဆက်တွဲလက္ခဏာများဖြစ်သော အမြင်အာရုံချို့ယွင်းခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ ကျောက်ကပ်ရောဂါလက္ခဏာများ (ဥပမာ - ဆီးနည်းခြင်း၊ ဖောရောင်ခြင်း၊ မောပန်းခြင်း) ဖြစ်ပွားပါက ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ချက်ချင်းပြသ၍ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

သွေးတိုးရောဂါရှိသူများအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- မိမိအိမ်တွင် စနစ်တကျ ပုံမှန်သွေးပေါင်ချိန်၍ စစ်ဆေးမှတ်သားထားရန်၊ စစ်ဆေးရန် စက်မရှိပါက နီးစပ်ရာ ကျန်းမာရေးဌာန၊ ဆေးခန်းများတွင် စစ်ဆေးရန်၊

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသပေးသော ဆေးခန်းများ ဖွင့်လှစ်ကုသပေးမှု အခြေအနေ

| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | မြို့နယ် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန | ဒေသန္တရ ကျန်းမာရေး ဌာန | ဒေသန္တရ ကျန်းမာရေး ဌာနခွဲ | မိခင်နှင့်ကလေး ကျန်းမာရေး ဌာန | ကျေးလက် ကျန်းမာရေး ဌာန | ကျေးလက် ကျန်းမာရေး ဌာနခွဲ | နယ်စပ် ဆေးခန်း | တိုက်နယ် ကျန်းမာရေး ဌာန | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ကချင်ပြည်နယ် | ၀ | ၁ | ၉ | ၁၅ | ၆၈ | ၂၈၄ | ၀ | ၀ | ၃၇၇ |
| ကယားပြည်နယ် | ၀ | ၁ | ၇ | ၇ | ၂၁ | ၁၂၀ | ၀ | ၀ | ၁၅၆ |
| ကရင်ပြည်နယ် | ၀ | ၁ | ၀ | ၇ | ၆၃ | ၂၆၉ | ၀ | ၀ | ၃၁၃ |
| ချင်းပြည်နယ် | ၀ | ၀ | ၀ | ၉ | ၈၅ | ၂၉၃ | ၀ | ၀ | ၃၈၇ |
| မွန်ပြည်နယ် | ၀ | ၃ | ၂ | ၁၀ | ၆၇ | ၃၀၂ | ၀ | ၀ | ၃၈၄ |
| ရခိုင်ပြည်နယ် | ၁၂ | ၀ | ၀ | ၁၄ | ၉၃ | ၂၇၁ | ၀ | ၀ | ၃၉၆ |
| ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၀ | ၁ | ၀ | ၁၇ | ၈၀ | ၃၈၉ | ၇ | ၉ | ၅၀၃ |
| ရှမ်းပြည်နယ် (တောင်ပိုင်း) | ၀ | ၂ | ၀ | ၂၈ | ၉၀ | ၃၈၃ | ၀ | ၀ | ၅၀၄ |
| ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၀ | ၀ | ၀ | ၁၀ | ၃၂ | ၁၃၁ | ၉ | ၃ | ၁၈၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၀ | ၂ | ၀ | ၃၇ | ၂၄၈ | ၁,၂၀၅ | ၀ | ၀ | ၁၄၈၉ |
| မကွေးတိုင်းဒေသကြီး | ၀ | ၅ | ၀ | ၂၈ | ၁၈၁ | ၈၈၈ | ၀ | ၀ | ၁၁၀၂ |
| မန္တလေးတိုင်းဒေသကြီး | ၀ | ၈ | ၉ | ၂၅ | ၁၂၄ | ၇၇၁ | ၀ | ၀ | ၉၃၇ |
| နေပြည်တော် ပြည်ထောင်စုနယ်မြေ | ၀ | ၄ | ၁၈ | ၃ | ၂၆ | ၄၄ | ၀ | ၄ | ၉၉ |
| ရန်ကုန်တိုင်းဒေသကြီး | ၀ | ၄၁ | ၂၂ | ၁၃ | ၉၁ | ၄၁၇ | ၀ | ၀ | ၅၈၄ |
| ပဲခူးတိုင်းဒေသကြီး | ၀ | ၄ | ၀ | ၃၀ | ၁၆၁ | ၀ | ၀ | ၀ | ၁၉၅ |
| ဧရာဝတီတိုင်းဒေသကြီး | ၀ | ၃ | ၀ | ၃၅ | ၂၃၅ | ၁,၃၀၇ | ၀ | ၀ | ၁,၅၉၄ |
| တနင်္သာရီတိုင်းဒေသကြီး | ၀ | ၁ | ၀ | ၁၀ | ၅၀ | ၂၄၃ | ၀ | ၀ | ၃၀၃ |
| **စုစုပေါင်း** | **၁၂** | **၇၇** | **၆၇** | **၂၉၈** | **၁၇၁၅** | **၇၃၁၇** | **၁၆** | **၁၆** | **၉၅၁၈** |


- ဆေးပုံမှန် ဆက်သောက်ရန်နှင့် အချိန်မှန်သောက်ရန်၊
- မိမိသောက်နေကျဆေးများ ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်ရန်၊ လုံလောက်မှုမရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများတွင် ဖွင့်လှစ်ထားသော ဆီးချိုနှင့် သွေးတိုးရောဂါ ကုသမှုဆေးခန်းများတွင် သွားရောက်ထုတ်ယူရန်၊
- အငန် (ဆား၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အချိုမှုန့်) လျှော့စားရန်၊ အချိုနှင့် အဆီလျှော့စားရန်၊ တာရှည်ခံအစားအစာများ စားသုံးခြင်းမှ ရှောင်ကြဉ်ရန်၊ အသား၊ ငါး၊ ပဲ၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို ပိုစားရန်၊
- အမြင်အာရုံချို့ယွင်းခြင်း၊ ခြေလက်ဖောရောင်ခြင်း၊ ဆီးနည်းခြင်း၊ မောပန်းခြင်းတို့ ဖြစ်ပွားပါက ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ချက်ချင်းပြသ၍ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

ကင်ဆာရောဂါရှိသူများအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

- ဆေးပုံမှန် ဆက်သောက်ရန်နှင့် အချိန်မှန်သောက်ရန်၊
- မိမိအား ကုသပေးနေသည့် ဆရာဝန်နှင့် တိုင်ပင်၍ သင့်တော်သော ကုသမှုခံယူရန်။
- အရေးပေါ်အခြေအနေဖြစ်ပွားပါက ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ချက်ချင်းပြသ၍ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

နာတာရှည်အဆုတ်ရောင်ရောဂါ ရှိသူများအနေဖြင့် အောက်ပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်-

- ဆေးပုံမှန် ဆက်သောက်ရန်နှင့် အချိန်မှန်သောက်ရန်၊
- မိမိအား ကုသပေးနေသည့် ဆရာဝန်နှင့် တိုင်ပင်၍ သင့်တော်သော ကုသမှုခံယူရန်၊
- အရေးပေါ်အခြေအနေ ဖြစ်ပွားပါက ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ချက်ချင်းပြသ၍ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲသည် ပြည်သူလူထုအတွင်း ဖြစ်ပွားလျက်ရှိသော ဆီးချို၊ သွေးချိုရောဂါနှင့် သွေးတိုးရောဂါများ၊ ကင်ဆာရောဂါနှင့် နာတာရှည်အသက်ရှူလမ်းကြောင်းရောဂါများကို စောစီးစွာ ရှာဖွေဖော်ထုတ်၍ ထိရောက်သော ကုသမှုများပေးခြင်းကို ၂၀၁၇ ခုနှစ်မှ စတင်၍ ယနေ့အထိ မြို့နယ်ဆေးရုံများ၊ ဒေသန္တရကျန်းမာရေးဌာန ၇၇ ခု၊ ဒေသန္တရကျန်းမာရေးဌာနခွဲ ၆၇ ခု၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာန ၂၉၈ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၇၁၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇၃၁၇ ခု၊ နယ်စပ်ဆေးခန်း ၁၆ ခု၊ တိုက်နယ်ကျန်းမာရေးဌာန ၁၆ ခု စုစုပေါင်း ကျန်းမာရေးဌာန ၉၅၁၈ ခုတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ ဝေဒနာရှင်များအတွက် လိုအပ်သောဆေးဝါးများကိုလည်း နိုင်ငံတော်၏ အစီအစဉ်ဖြင့် ပံ့ပိုးပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာများ Treatment Center များတွင် ကုသမှုခံယူရာတွင် ဆေးဝါးလုံလောက်မှုရှိစေရန်အတွက် ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ Treatment Center များအတွက် လိုအပ်သော ဆေးဝါးများကို ဖြန့်ဝေလျက်ရှိပါသည်။

ပြည်သူလူထုအနေဖြင့် ဆေးလိပ်သောက်သုံးခြင်းနှင့် ကွမ်းစားခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်ခြေပိုမိုများပြားပြီး ဆေးလိပ်သောက်သူများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ပြင်းထန်သည့် နောက်ဆက်တွဲ ဝေဒနာများကို ခံစားနိုင်ခြေ ၁ ဒသမ ၅ဆ ပိုများကာ သေဆုံးနိုင်ခြေ ပိုများသဖြင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်သင့်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လေ့လာဆန်းစစ်မှုများအရ သွေးတိုးရောဂါရှိသူများ၏ စုစုပေါင်း ၄၈ ရာခိုင်နှုန်းကိုသာ ရှာဖွေဖော်ထုတ်၍ ကုသမှုပေးနိုင်ပြီး ထိုသူများအနက် ၂၇ ရာခိုင်နှုန်းသာ ဆေးပုံမှန်သောက်သုံးသူများအဖြစ် တွေ့ရှိရပါသည်။ ထိုသို့ ဆေးပုံမှန်မသောက်ခြင်းကြောင့် နှလုံးရောဂါများ၊ ကျောက်ကပ်ရောဂါများနှင့် သွေးတွင်းအဆီဓာတ်များ၍ သွေးကြောကျဉ်းရောဂါများ ခံစားရမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရလျှင် ရောဂါပိုမိုဆိုးရွားစေပြီး အသက်သေဆုံးနိုင်သောကြောင့် ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါများ၏ နောက်ဆက်တွဲ ရောဂါများ မဖြစ်စေရန် မိမိသောက်သုံးနေသော ဆေးများကို ပုံမှန်သောက်သုံးရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မကူးစက်နိုင်သောရောဂါများဖြစ်သည့် ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် သွေးကြောကျဉ်းရောဂါ၊ နာတာရှည်အဆုတ်ရောင်ရောဂါ၊ ကင်ဆာရောဂါ အစရှိသည့်ရောဂါများ မဖြစ်ပွားစေရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ စိတ်ဖိစီးမှုလျှော့ချခြင်းတို့အား ဆောင်ရွက်ရန်လိုအပ်ပြီး ဆေးလိပ်နှင့် အရက်သောက်သုံးခြင်း၊ ကွမ်းယာစားသုံးခြင်းတို့ကို ရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုအား လျှော့ချနိုင်ရန်အတွက် ဖော်ပြပါအချက်များကို လိုက်နာခြင်း၊ ရှောင်ကြဉ်ခြင်းတို့ကို အထူးဂရုပြုလိုက်နာကြရန်နှင့် လိုအပ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည့် ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသပေးသည့် ဆေးခန်းများနှင့် ဆေးရုံများသို့ ဆက်သွယ်၍ ကုသမှုခံယူခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ ဌာနေကိုယ်စားလှယ် Mr. Stephan Sakaliane နှင့်အဖွဲ့အား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်လိုသည့် လုပ်ငန်းများနှင့် ICRC အဖွဲ့ဝင်များ ကိုဗစ်-၁၉ ဖြစ်ပွားပါက သယ်ယူရွှေ့ပြောင်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်ဆွေးနွေးကြသည်။

**ပိုမိုသုံးစွဲသွားမည်**

Mr. Stephan Sakaliane က ရခိုင်ပြည်နယ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေး (Physical Rehabilitation) လုပ်ငန်းများအား စစ်တွေပြည်သူ့ဆေးရုံကြီး၌ ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ရှမ်းပြည်နယ်တွင် ဆောင်ရွက်နေသည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ဖြစ်ပွားမှုများကြောင့် ရပ်ဆိုင်းနေရပြီး အတတ်နိုင်ဆုံး ပြန်လည်စတင်လိုပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ICRC တို့သည် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများ အားဖြည့်မြှင့်တင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ သုံးခုကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ၂၀၂၁ ခုနှစ် ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲမည်ဖြစ်ပြီး လူ့စွမ်းအား အရင်းအမြစ်လည်း ပိုမိုသုံးစွဲသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှု အချက်အလက်များကို တင်ပြသည်။

**ဆက်သွယ်ပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်တွင် ဝန်ကြီးဌာနလုပ်ငန်းများဆောင်ရွက်မှုများ၊ ICRC နှင့် ပူးပေါင်းဆောင်ရွက်မှုများကို နိုင်ငံတကာမှ သိရှိနိုင်စေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် ဝန်ကြီးဌာနတွင် ICRC နှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား စောင့်ကြည့်အကဲဖြတ်မှုနှင့် ပံ့ပိုးမှုဆိုင်ရာ(focal)အဖွဲ့တစ်ခုကို ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ ICRC အနေဖြင့် ဝန်ကြီးဌာန၏ အဆိုပါအဖွဲ့နှင့် ပုံမှန်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဝန်ကြီးဌာနမှ ပံ့ပိုးရမည့်ကိစ္စရပ်များကိုလည်း အဆိုပါအဖွဲ့ထံသို့ ဆက်သွယ်ပြောကြားနိုင်ပါကြောင်း၊

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာ၊ ကျား၊ မ ခွဲခြားဘက်လိုက်မှုမရှိဘဲ



လိုအပ်သူများကို လိုအပ်သည့်အကူအညီပေးရန်မှာ အထူးအရေးကြီးကြောင်း၊ ICRC ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ မိမိအနေဖြင့် အသိအမှတ်ပြု ထောက်ခံပါကြောင်း၊ ICRC အဖွဲ့သည် မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် များစွာ ပူးပေါင်းပံ့ပိုးဆောင်ရွက်နေမှုများသည် ကောင်းမွန်ပါကြောင်း၊ ကျိုင်းတုံနှင့် မြစ်ကြီးနားမြို့များတွင် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးစင်တာများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများသည် ကောင်းမွန်ပြီး စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေး (Physical Rehabilitation) လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည်မှာ ကောင်းမွန်သဖြင့် သဘောတူပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၂၀-၂၀၂၁ ကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၀ ရက်တွင် အတည်ပြုပြီးဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၉ ရက်တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၁ ရက်တွင်လည်း လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် UNICEF တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပါကြောင်း။

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် တိုင်ကြားမှုများ လက်ခံစိစစ်ရေးရုံးအဖွဲ့ ဖွဲ့စည်းခြင်း၊ တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များနှင့် အီးမေးလ်လိပ်စာများကို အသိပေးထုတ်ပြန်ခြင်း၊ တိုင်ကြားနိုင်ရန်အတွက် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွှတ်တော်ရုံးများ၊ အခြားအဖွဲ့အစည်းများဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီများသို့ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုတစ်ရပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၅ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ တိုင်း/တပ်မ/ကွပ်ကဲမှုဌာနချုပ်များသို့ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများ မပြုလုပ်စေရန်နှင့် တပ်မတော်သားများအနေဖြင့် ကျူးလွန်ခြင်းများ ဖြစ်ပွားလာပါက စစ်စည်းကမ်းအရ ထိရောက်စွာ အရေးယူသွားမည်ကို ထပ်ဆင့်ညွှန်ကြားထားပြီးဖြစ်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း။

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးအတွက် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၂၀-၂၀၂၁ အရ ဖွဲ့စည်းမည့် စောင့်ကြည့်စစ်ဆေးရေးနှင့် အကဲဖြတ်ရေး လုပ်ငန်းကော်မတီ (Monitoring and Evaluation Committee)၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို အတည်ပြုနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးအတွက် IEC Material များကို ဖြန့်ဝေနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ လက်မှတ်ရေးထိုးထားသည့် Multi – Year Work Plan အောက်မှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ၂၀၂၀-၂၀၂၁ အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှုရှိရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီအတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၏ ဆောင်ရွက်ထားရှိမှုများနှင့် အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ၂၀၂၀-၂၀၂၁ အား အကောင်အထည်ဖော်နိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက သတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပိတ်ပင်ခြင်းတို့ကို ကာကွယ်တားဆီးရန်အတွက် ရည်ရွယ်ပြီး **"လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ"** ကို နိုင်ငံတော်အစိုးရက ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စပါးဝယ်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၁**

ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့်စပါးများအား သမဝါယမအသင်းများက ဝယ်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးမှူးများနှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများက Virtual Meeting စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

စပါးဝယ်ယူရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ သမဝါယမအသင်းများမှ စုစုပေါင်း စပါးတင်း ငါးသိန်းခန့်အား တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ အခြေခံရည်ညွှန်းစံသတ်မှတ်ချက်များနှင့်အညီ အောက်တိုဘာလကုန်တွင် စတင်ဝယ်ယူနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ အဌမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၁**

အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ အဌမအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**အထူးကုန်စည်ခွန်**

အစည်းအဝေးတွင် အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက ယမကာများသည် လူမှုရေး၊ ကိုယ်ကျင့်တရားနှင့် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှုတို့နှင့် ဆက်စပ်နေသည့်အတွက် ယင်းနှင့် ပတ်သက်သည့် မူဝါဒများသည် အရေးကြီးကြောင်း၊ အရက်၊ ဘီယာ၊ ဝိုင်စသည့် အထူးကုန်စည်များမှ ကောက်ခံရရှိသည့် အခွန်ရရှိမှုမှာ ပမာဏကြီးမားကြောင်း၊ ယမကာနှင့်ဆက်စပ်၍ မူဝါဒများချမှတ်ဆောင်ရွက်သည့်အခါ အခွန်ရရှိမှုအပြင် အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေရရှိရေး စသည့်အချက်များသည်လည်း အရေးပါသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းရှိ အရက်ချက်စက်ရုံများနှင့်ပတ်သက်၍ အသေးစား၊ အလတ်စားလုပ်ငန်းများ ရပ်တည်နိုင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေး၌ ဆွေးနွေးမည့်အကြောင်းအရာများတွင် အထက်ဌာနများက ကော်မတီထံသို့ သဘောထားမှတ်ချက်များ တောင်းခံထားသည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ယနေ့အစည်းအဝေးတွင် ကော်မတီဝင်များအနေဖြင့် တစ်ဦးတစ်ယောက်ချင်းစီ၏ အကြံဉာဏ်များကို စုစည်းဖော်ထုတ်ခြင်းဖြင့် Brainstorming ပြုလုပ်ကာ ဦးစွာဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ လာမည့်သီတင်းပတ်တွင် အရက်ချက်လုပ်ငန်း ဆောင်ရွက်သူ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များနှင့် အစည်းအဝေးတစ်ရပ် ကျင်းပပြီး ၎င်းတို့၏ သဘောထားများကို ရယူစုစည်း၍ နောက်တစ်ကြိမ် ထပ်မံကျင်းပမည့် ကော်မတီအစည်းအဝေးတွင် ပြန်လည်ဆွေးနွေးကာ မူဝါဒတစ်ရပ် သုံးသပ်တင်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာနမှ သတ္တမအကြိမ် ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေး အစီအစဉ်များအတိုင်း ဆွေးနွေးရန်ရှိသည့် အကြောင်းအရာများကို ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် USAID၊ PRLM တို့ ပူးပေါင်းဆောင်ရွက်သည့် ရှေ့ပြေးဥပဒေရုံး ၁၀ ရုံး တိုးချဲ့ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် USAID၊ PRLM တို့ ပူးပေါင်းဆောင်ရွက်သည့် ရှေ့ပြေးဥပဒေရုံး ၁၀ ရုံး တိုးချဲ့ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးက တရားဥပဒေစိုးမိုးရေးကဏ္ဍ၌ ရှေ့ပြေးဥပဒေရုံးများ ဖွင့်လှစ်နိုင်ခြင်း၏ အရေးပါမှု၊ တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြောကြားပြီး USAID နှင့် PRLM မှ တာဝန်ရှိသူများက တိုးချဲ့ဖွင့်လှစ်မည့် ရှေ့ပြေးဥပဒေရုံးများတွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများ၊ တိုးချဲ့မည့် ခရိုင်ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် USAID၊ PRLM မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ကမ္ဘောဇဘဏ်က နတ်မောက်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းနှင့် အလှူငွေ လှူဒါန်း



**နတ်မောက် အောက်တိုဘာ ၂၁**

ကမ္ဘောဇဘဏ်က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀ သို့ ယမန်နေ့ ညနေပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ဆက်လက်ပေးပို့လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ် (နတ်မောက်ဘဏ်ခွဲ)တာဝန်ခံ ဒေါ်မေသကြိန်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြု ဆေးရုံသုံးနှာခေါင်းစည်း ၂၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို နတ်မောက်မြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းစည်သူနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၇၇၇၈၆ သိန်း လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**

**❒ ၂၀၂၂ အာရှဖလားမှ**

ယာယီနည်းပြ ဦးတင်မြင့်အောင်ကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့သည်။ ဦးတင်မြင့်အောင်သည် နည်းပြချုပ်အဖြစ် ခန့်အပ်ခံရသော်လည်း အသင်းအား ကိုင်တွယ်ရခြင်းမရှိသေးဘဲ ကပ်ရောဂါကြောင့် နှစ်ကုန်ပိုင်းမှသာ အစောဆုံးလေ့ကျင့်နိုင်မည်ဖြစ်သည်။ လာမည့်နှစ်တွင် ပြိုင်ပွဲများ ပုံမှန်အတိုင်းကျင်းပနိုင်ပါက မြန်မာအမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ အာရှဖလားခြေစစ်ပွဲနှင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် လာမည့်နှစ်တွင် ကျင်းပမည့်ပြိုင်ပွဲများအားလုံး အတည်ပြုနိုင်ခြင်း မရှိသေးဘဲ နှစ်ကုန်ပိုင်းမှသာ အတည်ပြုဖွယ်ရှိနေသည်။

၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ရန်ကုန်တက္ကသိုလ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် တက္ကသိုလ်ဖွဲ့တေးသီချင်း အပုဒ် ၁၀၀ ကို အပတ်စဉ် သောကြာနေ့တိုင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်မည်ဖြစ်ရာ အောက်တိုဘာ ၂၃ ရက် ညတွင် ပွဲစဉ်(၂)အဖြစ် ဂီတမှူးစန္ဒရားဇေယျာမင်း မြန်မာမှုတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် သန်းမြတ်စိုး၊ မောင်သိန်းဝင်း၊ ဝိုင်းလမင်းအောင်၊ ကျော်ကျော်ဟန်၊ ချမ်းမြေ့၊ ထား၊ အကယ်ဒမီချိုပြုံး၊ တက္ကသိုလ်လဲ့လဲ့၊ ရွှေရည်သိန်းတန်၊ သဲနုဝါ၊ အိအိချွန်၊ မို့မို့ကျော်လွင်တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို အောက်တိုဘာ ၂၅ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး၊ အဖြေ အစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အောက်တိုဘာ ၂၂ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ခေတ္တညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)ဒေါက်တာသန်းဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူး(ခုခံကျ/ကာလသားစီမံချက်) ဒေါက်တာထွန်းညွန့်ဦးနှင့် ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး) ဒေါက်တာသန်းနိုင်စိုးတို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများနှင့် ဆွေးနွေးမေးမြန်းခန်း

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်တိုဘာ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်၏ ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူများနှင့် ဆွေးနွေးမေးမြန်းခန်း အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**အစီအစဉ်မှူး။ ။** ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်လို့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ ပြည်သူတွေအနေနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ သိသင့်သိထိုက်တဲ့ကိစ္စတွေ၊ သိချင်တဲ့အကြောင်းအရာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက အပတ်စဉ်အသိပညာပေး ရှင်းလင်းပြောကြားနေတဲ့ အစီအစဉ်ကနေ ကြိုဆိုပါတယ်။

ကိုဗစ် – ၁၉ ရောဂါပိုး ကူးစက်ပြန့်ပွားမှုဟာ လူစုလူဝေးတွေကနေ အများဆုံး ပေါက်ပွားပြီး လူထူထပ်မှုရှိရင် ရှိသလောက် အန္တရာယ်ကြီးမားပါတယ်။ ဒါကြောင့် လိုက်နာကျင့်သုံးရမယ့်၊ သတိထားရမယ့် အခြေခံအချက်အလက်တွေကို စည်းကမ်းတကျ ဆက်လက်ကျင့်သုံးပြီး သတိထားနေထိုင်ကြဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နှိုးဆော်သတိပေးလျက်ရှိပါတယ်။

ဒါပေမယ့် အကြောင်းအမျိုးမျိုးနဲ့ ရောဂါခံစားခဲ့ရသူတွေလည်း အများအပြား ရှိနေပါတယ်။ ဒီနေ့ အစီအစဉ်မှာလည်း ကိုဗစ် – ၁၉ ရောဂါကို ရင်ဆိုင်ခဲ့ရပြီး မှန်ကန်တဲ့ ကုသမှုတွေခံယူကာ ပြန်လည်သက်သာ ပျောက်ကင်းလာသူတွေနဲ့ တွေ့ဆုံပြီး သူတို့ ဘယ်လိုကုသမှုတွေကို ခံယူပြီးတော့ ဘယ်လိုစိတ်ဓာတ်ခွန်အားတွေနဲ့ ဒီရောဂါကို ရင်ဆိုင်ကျော်လွှားခဲ့ရတယ်။ နောက်ဆက်တွဲအနေနဲ့လည်း ဆောင်ရန်၊ ရှောင်ရန်တွေကို ဘယ်လိုမျိုး လိုက်နာဆောင်ရွက်နေရတယ်ဆိုတဲ့ အတွေ့အကြုံတွေကို မိဘပြည်သူတွေ သင်ခန်းစာယူပြီး ခွန်အားဖြစ်စေဖို့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီနေ့အတွက် ဖိတ်ခေါ်ထားသူတွေက ရွှာသာကြီး စိတ်ကျန်းမာရေးဆေးရုံက ပါမောက္ခဒေါက်တာ တင်ဦးနဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်က ကိုဝေယံကိုကိုတို့ပဲ ဖြစ်ပါတယ်။

ဆရာကြီးအနေနဲ့ **ကိုဗစ် – ၁၉ ရောဂါကူးစက်ခံရပြီဆိုတာကို ဘယ်လိုမျိုးသိခဲ့လဲ။ အဲဒီလို သိခဲ့တုန်းက အခြေအနေကို** အရင်ဆုံးပြောပြပေးပါဦး။

**ပါမောက္ခဒေါက်တာတင်ဦး။ ။** ပထမဆုံးတော့ ဆရာတို့ ဆေးရုံမှာ ဆရာတို့ လုပ်ဖော်ကိုင်ဖက်ပေါ့နော်။ ဆရာဝန်တစ်ယောက်က ဖျားတယ်။ ပြီးတော့ အနံ့ပျောက်သွားတယ်။ သူ ကိုဗစ်လက္ခဏာ စတင်ခံစားရတာပေါ့နော်။ သူ ခံစားရတော့ သူ့ကို စစ်ဆေးကြည့်လိုက်တဲ့အခါ Positive ဖြစ်တာကို တွေ့ရတယ်။

### အမြဲစောင့်ကြည့်

အဲဒီတော့ ဆရာတို့က ဒီဆရာနဲ့ အမြဲထိတွေ့နေတယ်ဆိုတော့ ဆရာတို့လည်း စစ်ကြပါတယ်။ စစ်တော့ ဆရာတို့လည်း Positive တွေ့တာပေါ့နော်။ အဲဒါစတွေ့တာက စက်တင်ဘာလ ၂၂ ရက်နေ့ပါ။ ကိုယ်က Positive ဖြစ်ပြီဆိုတော့ ပထမတော့ ဆရာတို့ရဲ့ စိတ်ကျန်းမာရေးဆေးရုံမှာပဲ သီးခြားအဆောင်တစ်ခု စီစဉ်ပေးတယ်။ အဲဒီမှာ Quarantine လုပ်ပြီး နေပါတယ်။ ပြီးတော့ ကိုယ့်ကျန်းမာရေးကို ကိုယ်ကဆရာဝန်ဆိုတော့ အမြဲစောင့်ကြည့်ပါတယ်။ အောက်ဆီဂျင်တိုင်းတယ်။ Pressure တိုင်းတယ်။ Pulse Rate တွေတိုင်းတယ်။ ဒီကိုဗစ်လက္ခဏာတွေ ခံစားရလားဆိုတာကို အမြဲကြည့်နေတာပေါ့နော်။

အဲဒီအတောအတွင်းမှာတော့ ဆေးရုံမှာနေပြီး ပုံမှန်လှုပ်ရှားတယ်။ ဘာမှသိပ်မခံစားရဘူး။ ဆရာ Positive ဖြစ်တာနဲ့ ရောဂါလက္ခဏာ ခံစားရတာက နည်းနည်းကျသွားတယ်။ ၂၉ ရက်ကျတော့မှ စဖျားလာတယ်။ ဖျားပေမယ့် ဘာမှသိပ်ကြီးကြီးကျယ်ကျယ် မခံစားရဘူး။ နောက်တစ်ရက်မှာ စဖျားလာတာဆိုတော့ ဆရာ့ရဲ့ အသက်အရွယ်အရရယ်၊ ဆရာ့မှာ နှလုံးရောဂါကလည်း နည်းနည်းရှိတယ်။ ဂေါက်ရှိတယ်။ ကျန်တဲ့ရောဂါတော့ မရှိဘူး။



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ပါမောက္ခဒေါက်တာတင်ဦးနှင့် ကိုဝေယံကိုကိုတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

### ပြင်းပြင်းထန်ထန်မတွေ့

ဒီအရွယ်မှာတော့ ပြည့်စုံတဲ့ဆေးရုံမှာပေါ့နော်။ ဆရာတို့ဆေးရုံက စိတ်ကျန်းမာရေးဆေးရုံဆိုတော့ စိတ်ကျန်းမာရေးကို အဓိက ကုသပေးတဲ့အတွက် တောင်ဥက္ကလာပဆေးရုံကို ဆရာတို့နေတယ်။ တောင်ဥက္ကလာပဆေးရုံရောက်တော့ သူတို့ရောက်ရောက်ချင်း လိုတဲ့ဟာအားလုံးကို စစ်ဆေးပါတယ်။ စစ်ဆေးတဲ့အခါ ဓာတ်မှန်ရိုက်တော့ ဆရာ့ရဲ့ အဆုတ်မှာ Mild COVID Pneumonia လို့ခေါ်တဲ့ အဆုတ်ရောင်တာ တွေ့တယ်။ ပြင်းပြင်းထန်ထန်တော့ မတွေ့ပါဘူး။

ပထမပိုင်းတော့ ဖျားတော့ ဖျားနေသေးတယ်။ နုံးတယ်၊ မလှုပ်ချင်ဘူး၊ မလုပ်ချင်မကိုင်ချင် ဖြစ်တယ်။ အစားအသောက် မစားချင်ဖြစ်တယ်။ ချွေးထွက်တာများတယ်။ အဲဒါတွေကိုခံစားရတယ်။ ဒါပေမယ့်အောက်ဆီဂျင်ကျသွားတာ မရှိဘူး။ ပထမတော့ ဆရာ့ကို သောက်ဆေးနဲ့ ကုသပေးတယ်။ သောက်ဆေးနဲ့ကုပြီး နှစ်ရက်အကြာ အဖျားက ဆက်ပြီးတက်နေတယ်။ မကျဘူး။ အဲဒီတော့မှ ထိုးဆေးကို ပြောင်းကုလိုက်တယ်။

ထိုးဆေးပြောင်းကုလိုက်တော့ အားလုံး ရှစ်ရက်လောက်တော့ ဆရာဖျားလိုက်တယ်။ ဖျားပြီးတော့ ထိုးဆေးထိုးပြီး နှစ်ရက်၊ သုံးရက်နောက်ပိုင်းမှာ အဖျားကျသွားတယ်။ တဖြည်းဖြည်း လူကလည်း ပြန်ကောင်းလာတယ်။ အစားအသောက်တွေလည်း ပြန်ကောင်းလာတယ်။ အနံ့တွေလည်း ပြန်ရလာတယ်။ လူက ပြန်ပြီးလန်းလည်းလန်းလာတယ်။ တဖြည်းဖြည်း တိုးတက်လာတာပေါ့ နော်။ အဲဒီလိုပဲ ဆေးရုံမှာ နှစ်ပတ်နေလိုက်ရပါတယ်။ တောင်ဥက္ကလာပဆေးရုံမှာ နှစ်ပတ်နေလိုက်ရတာပါ။ အဲဒီလိုနေပြီး ၁၂ ရက်နေ့မှာတော့ ဆေးရုံက ဆင်းပါတယ်။

ဆေးရုံက ဆင်းပြီး အိမ်မှာက အသက်ကြီးတဲ့လူရှိတော့ ပိုပြီးသေချာအောင် ဆရာ့ရဲ့ ဆေးရုံမှာ တစ်ပတ် ကိုယ့်ဘာသာကိုယ် Quarantine လုပ်ပြီးနေတယ်။ ပြီးတော့မှ ပြည့်တော့ ယခုအိမ်ပြန်ရောက်နေပြီ။

**အစီအစဉ်မှူး။ ။** **ကိုဝေယံရှင့်။ အစ်ကိုအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရပြီဆိုတာကို ဘယ်လိုမျိုးသိခဲ့လဲ။ အဲဒီအခြေအနေလည်း ပြောပြပေးပါဦး။**

**ကိုဝေယံကိုကို။ ။** ကျွန်တော်ကကိုရီးယားစားသောက်ဆိုင်လေး ဖွင့်ထားတယ်။ ဖွင့်ထားတော့ အဲဒီမှာ လူနည်းနည်းတော့များတာပေါ့နော်။ များတော့ အဝင်အထွက်တွေရှိတဲ့အချိန်မှာ ကျွန်တော် ဘာမှမဖြစ်ဘူး။

ကျွန်တော် မိုးမိပြီး ဖျားတယ်။ ဩဂုတ်လ ၂၅ ရက်နေ့မှာ စပြီးဖျားတယ်။ စဖျားတဲ့အချိန်မှာ ရိုးရိုးဖျားတယ်လို့ ထင်ပြီး ဆေးထိုး၊ ဆေးသောက်တွေနဲ့ အိမ်မှာနေတယ်။ ဟိုငှက်ဖျားတက်သလို ဖြစ်ပြီးတော့ ငှက်ဖျားဆေးသောက်လိုက်တယ်။ ဩဂုတ်လ ၃၀ ရက်နေ့မှာ အဖျားကျတယ်ဆိုပေမယ့် အရှင်းမပျောက်သွားသေးဘူးပေါ့နော်။ ဒါနဲ့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် မသင်္ကာလို့ ဆေးရုံကြီးက Fever Clinic ကို သွားတယ်။ သွားပြီးတော့ အဲဒီမှာ ကျွန်တော်ကို ဆေးစစ်တယ်။

### Oxygen Level ကျနေ

Fever Clinic မှာ ဆေးစစ်လိုက်တော့ ၃၁ ရက်နေ့ ညနေမှာ ကျွန်တော်အဖြေရတယ်။ Positive ဖြစ်တယ်ဆိုတော့ ကျွန်တော့်ကို ၃၁ ရက်နေ့ ညမှာပဲ ဝေဘာဂီဆေးရုံကို ပို့ပါတယ်။ ဝေဘာဂီဆေးရုံကို မပို့ခင်မှာ Pressure တို့၊ Oxygen Level Checkup လုပ်တဲ့အချိန်မှာ ကျွန်တော်က Oxygen Level ကျနေတယ်။ Oxygen Level ကျနေတဲ့အတွက် ကျွန်တော့်ကို ဆေးရုံကြီးကနေ ဝေဘာဂီကို ပို့မယ့်အချိန်ကစပြီး အောက်ဆီဂျင် တပ်သွားပေးတယ်။

ဝေဘာဂီရောက်တော့လည်း ကျွန်တော့်ကို အောက်ဆီဂျင်နဲ့ ထားတယ်။ အောက်ဆီဂျင် အဆက်မပြတ် တပ်ထားရတယ်။ ၁ ရက်နေ့ကစပြီး ဆေးစပေးပါတယ်။

**အစီအစဉ်မှူး။ ။** **အဲဒီလိုမျိုး ကိုယ်က ရောဂါဖြစ်ပြီဆိုတဲ့အချိန်မှာ ကိုယ်ကိုယ်တိုင် ခံစားရတဲ့ ခံစားမှုရယ်၊ ကိုယ့်ရဲ့ပတ်ဝန်းကျင်က ဘယ်လိုဆက်ဆံတာမျိုးတွေရှိလဲရှင့်။**

**ကိုဝေယံကိုကို။ ။** ရောဂါစပြီး ခံစားရတဲ့အချိန်မှာ ပထမက ကျွန်တော့်ကို ကျွန်တော် ရိုးရိုးဖျားတယ်လို့ စိတ်ထဲမှာ ထင်ထားတာ။ ကျွန်တော်က အနံ့ပျောက်တာတို့၊ ချောင်းခြောက်ဆိုးတာတို့ ကိုဗစ်နဲ့ ပတ်သက်တဲ့ လက္ခဏာတွေက ဘာမှထွေထွေထူးထူး မဖြစ်တော့ ရိုးရိုးသာမန် ဖျားတယ်လို့ပဲ ထင်ခဲ့ကြတယ်။

အဲဒါဆေးရုံကြီးကနေ ဝေဘာဂီ ရောက်တဲ့အချိန်မှာတော့ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ကိုဗစ်ဖြစ်ပြီဆိုပြီး အားတင်းပြီး ရင်ဆိုင်ရမယ်ဆိုတာကို လက်ခံလိုက်တယ်။ လက်ခံလိုက်တော့ ဆေးရုံကြီးမှာ ကျွန်တော် ဆရာဆရာမတွေ ပြောတဲ့စကားအတိုင်း တစ်သဝေမတိမ်း နေတယ်။ ဆရာ ဆရာမတွေကလည်း မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကျွန်တော်တို့ကို Oxygen Level၊ Pressure Level တိုင်းတယ်။ ဆေးတွေလာပေးတယ်။

ဒါတင်မက ကြားအချိန်တွေမှာ ကျွန်တော်တို့ အခန်းတွေထဲက ဖုန်းတွေကိုဆက်ပြီး အခြေအနေတွေ မေးတယ်။ အားပေးစကားတွေလည်း ပြောတဲ့အတွက် ကျွန်တော်တို့ အားတက်ပါတယ်။ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကိုယ်အားတင်းပြီး အစားကို ဝင်အောင်စားတယ်။ အစားပျက်တယ်ဆိုပေမယ့်လည်း ဆေးရုံကပေးတဲ့ ထမင်းဘူး တစ်ဘူးကို ကုန်အောင်အားတင်းပြီး စားတယ်။ နေ့တိုင်းကို ဖုန်းဆက်တာပဲဖြစ်ဖြစ်၊ လာပြီးတော့ ဆေးပေးတာ၊ Checkup လုပ်တဲ့အခါပဲဖြစ်ဖြစ် အားပေးစကား ပြောကြပါတယ်။

### စိတ်ဓာတ်ခွန်အားပေးရန် ပိုကောင်း

ပတ်ဝန်းကျင်အနေနဲ့က ဖြစ်ဖြစ်ချင်းမှာ အပြစ်သားလို နည်းနည်းမြင်ကြတယ်။ ကျွန်တော်က ဖြစ်စေချင်တာက အဲဒီလိုမျိုး မြင်မယ့်အစား ကျွန်တော်တို့လို အခန့်မသင့်လို့ ကူးသွားတဲ့သူတွေကိုပေါ့နော်။ ကူးချင်လို့လည်း ကူးရတဲ့လူတွေလည်း မဟုတ်ဘူး။ ဒီအားပေးစကားလေး ပြောလို့ရှိရင် ပိုပြီးစိတ်ဓာတ်ခွန်အားလေးပေးရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။ လူတိုင်းတော့ မဟုတ်ပါဘူး။ တချို့တွေက အဲဒီလိုမျိုးလေး ရှိပါတယ်။

**အစီအစဉ်မှူး။ ။** **ဟုတ်ကဲ့ပါ။ ဆရာကြီးက ဒီရောဂါဖြစ်နေတဲ့အချိန်မှာ တောင်ဥက္ကလာပဆေးရုံမှာ ဆေးကုသမှု ခံယူနေတာဆိုတော့ ဆေးရုံတက်ခဲ့စဉ်ကာလမှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးတွေကိုလည်း ပရိသတ်တွေ သိအောင်လို့ မျှဝေပေးပါဦး။**

**ပါမောက္ခဒေါက်တာတင်ဦး။ ။** ဆေးရုံရောက်ရောက်ချင်းတော့ အဲဒီမှာ တာဝန်ကျတဲ့ ဆရာဝန်၊ ဆရာမတွေက လိုတာတွေ အားလုံးကို လုပ်ပေးတာပေါ့နော်။ စောစောက မောင်ဝေယံ ပြောသွားသလိုပါပဲ။ နေ့စဉ် သူတို့ ကြည့်ပေးတယ်။ ဆေးထိုးပေးတယ်။ အချိန်ကျရင် သူတို့ ဖုန်းလှမ်းဆက်ပြီး စုံစမ်းတယ်။ နောက် အားပေးစကားပြောတယ်။ လိုတဲ့အချိန်လည်း ကိုယ်တစ်ခုခု ခံစားရလို့ရှိရင် သူတို့ကို ဖုန်းဆက်ပြီး ပြောလို့ရပါတယ်။

နောက်ပြီး ကျွန်တော်တို့နေတဲ့နေရာမှာ CCTV တွေ တပ်ထားတာပေါ့နော်။ CCTV တပ်ထားတော့ လူနာ ရဲ့ အခြေအနေတစ်ခုခုဆိုရင်လည်း သူတို့ချက်ချင်း သိတယ်။ အဲဒီမှာ ရောက်သွားခါစက ကျန်တဲ့ ပြန်နာလန်ထလာတဲ့ လူနာတွေရှိတယ်။ သူတို့ကလည်း ကူညီတာပေါ့နော်။ ကျွန်တော်ရောက်ခါစက မလုပ်ချင်၊ မကိုင်ချင် နုံးနေတာပေါ့နော်။ တုပ်ကွေးဆိုတော့ ထုံးစံအတိုင်း နုံးတယ်။ မလုပ်ချင်၊ မကိုင်ချင်၊ မစားချင်၊ မသောက်ချင် အိပ်ရာထဲမှာပဲ ခွေချင်တယ်။ အဲဒီအချိန်ဆိုရင် လူနာအချင်းချင်းက အစားအသောက်တွေ ယူလာပေးတာ၊ အားပေးတာ အဲဒီလိုမျိုးလည်း ရှိတာပေါ့နော်။ ဒါကတော့ အချင်းချင်းပေါ့လေ။

နောက်ပြီးတော့ ကိုယ့်စိတ်ထဲမှာ စိုးတော့ စိုးရိမ်တာပေါ့လေ။ ဘာဖြစ်လို့လဲဆိုတော့ ဒီရောဂါက စိုးရိမ်ရတယ်လို့လည်း ပြောလို့ရတယ်။ မစိုးရိမ်ရဘူးလို့လည်း ပြောလို့ရတယ်။ ဆရာတို့အရွယ်အရကတော့ စိုးရိမ်ရတဲ့ အရွယ်မျိုးပေါ့။ ဒါပေမယ့် စိုးရိမ်နေလို့လည်း ပြီးတာ မဟုတ်ဘူးဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်တယ်။ အိပ်တာကို ဂရုစိုက်တယ်။ အိပ်ရေးဝအောင် အိပ်တယ်။ အစားအသောက်ကလည်း မစားချင်ဘူးဆိုပေမယ့်လည်း ကိုယ့်ရဲ့ အာဟာရပြည့်အောင် ဘာဖြစ်လို့လဲဆိုတော့ အာဟာရပြည့်မှပဲ ဒီရောဂါကို တိုက်နိုင်မှာဖြစ်တဲ့အတွက် အာဟာရပြည့်အောင် စားရပါတယ်။

ပြီးရင် အဲဒီအခန်းလေးထဲမှာပဲ ကိုယ်မမောရအောင် ကိုယ်လက်လှုပ်ရှားမှု လုပ်တယ်။ လေ့ကျင့်ခန်းလုပ်တယ်။ ပြီးတော့ ဒီရောဂါအကြောင်းကိုပဲ တစ်ချိန်လုံး မစဉ်းစားနေတော့ဘူး။ စဉ်းစားနေရင်လည်း အဖြေလည်းထွက်မှာ မဟုတ်ဘူးလေ။ ဒါက သူ့ရဲ့ ရောဂါသဘာဝအတိုင်း သွားမယ်။ တစ်ချိန်ကျရင် ကောင်းသွားမှာပေါ့။ ကိုယ့်မှာ ခံစားနေရတာကိုတော့ လိုအပ်သမျှကို သတိထားနေတယ်။

စာမျက်နှာ ၁၁ သို့ ◯

**ကျွန်တော်တို့ နေတဲ့နေရာမှာ CCTV တွေ တပ်ထားတာပေါ့နော်။ CCTV တပ်ထားတော့ လူနာရဲ့ အခြေအနေတစ်ခုခုဆိုရင်လည်း သူတို့ချက်ချင်း သိတယ်။ အဲဒီမှာ ရောက်သွားခါစက ကျန်တဲ့ ပြန်နာလန်ထလာတဲ့ လူနာတွေရှိတယ်။ သူတို့ကလည်း ကူညီတာပေါ့နော်။ ကျွန်တော်ရောက်ခါစက မလုပ်ချင်၊ မကိုင်ချင် နုံးနေတာပေါ့နော်။ တုပ်ကွေးဆိုတော့ ထုံးစံအတိုင်း နုံးတယ်။ မလုပ်ချင်၊ မကိုင်ချင်၊ မစားချင်၊ မသောက်ချင် အိပ်ရာထဲမှာပဲ ခွေချင်တယ်။ အဲဒီအချိန်ဆိုရင် လူနာအချင်းချင်းက အစားအသောက်တွေ ယူလာပေးတာ၊ အားပေးတာ အဲဒီလို မျိုးလည်း ရှိတာပေါ့နော်။ ဒါကတော့ အချင်းချင်းပေါ့လေ။**

❍ စာမျက်နှာ ၁၀ မှ

ရေချိုးခန်းသွားတယ်၊ ရေချိုးတယ်။ ပြန်လာတယ်။ အဲဒီအခါမျိုးမှာ အောက်ဆီဂျင်များ ကျသွားမလား။ ကျသွားရင် ဒါက အရေးကြီးတာပေ့ါ။ တစ်ခါမှတော့ ကျသွားတာမရှိပါဘူး။ အဖျား ရှိ / မရှိ ကို ကြည့်တယ်။ ပြီးရင် သွေးပေါင်တိုင်းတယ်။ နေ့စဉ်သွေးထဲမှာ ဂလူးကို့စ် ဘယ်လောက်ရှိတယ် အဲဒါတွေကို တိုင်းတယ်။ ဆရာမတွေကလည်း လာတိုင်းပေးပါတယ်။

**အဆုတ်မှာဒဏ်ရာရ**

တချို့အချိန်တွေမှာတော့ အခန်းထဲမှာ နှစ်ယောက်ရှိတော့ သူတို့နဲ့ စကားပြောတယ်။ ပြီးရင် အသက်ရှူလေ့ကျင့်ခန်းလုပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ အဆုတ်က ကိုဗစ်ထိသွားရင် အဆုတ်မှာ ဒဏ်ရာရသွားတယ်။ အဲဒီအဆုတ်ကို ပြန်သန်စွမ်းဖို့အတွက် အသက်ရှူလေ့ကျင့်ခန်းကို လုပ်ရပါတယ်။ အသက်ရှူလေ့ကျင့်ခန်း လုပ်နည်းတွေလည်း ရှိပါတယ်။ အသက်ရှူလေ့ကျင့်ခန်း လုပ်ရတယ်။ တချို့အချိန်တွေမှာ တရားထိုင်တယ်။ ညအိပ်ခါနီးဆိုရင် တရားထိုင်တယ်။ ဒီလိုနဲ့ပဲ အချိန်တွေ ကုန်သွားပါတယ်။

ကိုယ့်ရဲ့အိမ်ကလူတွေ၊ မိတ်ဆွေတွေနဲ့ တချို့အချိန်တွေမှာ စကားပြောတယ်။ အင်တာနက်ရှိတော့ Messenger ကနေ စကားပြောတယ်။ အဲဒီလိုမဟုတ်ရင် ကျန်တဲ့သူတွေကလည်း စိတ်ပူနေမှာစိုးလို့နေကောင်းတဲ့အကြောင်း စကားပြောတယ်။ ဒီလိုနဲ့ပဲ အချိန်ကုန်သွားတယ်။ ပြီးတော့ အဖျားလေးကျသွားပြီး နည်းနည်းလန်းဆန်းလာတယ်။ ကိုယ် Concentration အာရုံစိုက်လို့ ရလာတဲ့အချိန်ကျတော့ ကိုယ်အရင်တုန်းက အလုပ်များလို့ တချို့စာတွေ မဖတ်နိုင်တာတွေရှိတယ်။ တချို့ဟာတွေ မလုပ်နိုင်တာတွေ ရှိတယ်။

ပြန်ပြီးနေကောင်းလာတော့ ကိုယ်ဖတ်ချင်တဲ့စာတွေကိုဖတ်ဖို့ အချိန်ရလာတယ်။ အဲဒီလိုနဲ့ စာဖတ်လိုက်၊ ဆရာတို့ဆေးရုံမှာ လုပ်ဖော်ကိုင်ဖက်တွေရှိတယ်။ လုပ်ဖော်ကိုင်ဖက်တွေမှာ Messenger Group လေးတွေရှိတယ်။ ဥပမာ – ဆေးရုံမှာရှိတဲ့ အခက်အခဲလေးတွေ သူတို့ရေးထားတာရှိရင် ကိုယ်ကဖတ်ပြီး ဝင်ပြီးအကြံဉာဏ်ပေးတာတွေ လုပ်တယ်။ ဒီလိုနဲ့ပဲ နှစ်ပတ်ကကုန်သွားတယ်။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါ ဆရာကြီးရှင့်။ ဆရာကြီးအနေနဲ့ ကိုယ့်မှာ ကိုဗစ် Positive ဖြစ်ပြီဆိုတာ သိလိုက်ရတဲ့အချိန်မှာ ဘယ်လိုမျိုး ခံစားရလဲ၊ အဲဒါလေးလည်း သိချင်ပါတယ်။

**ပါမောက္ခ ဒေါက်တာတင်ဦး။ ။** စိုးရိမ်တာပေ့ါနော်။ ဘာဖြစ် လို့လဲဆိုတော့ ဒီရောဂါက အခန့်မသင့်ရင် သေတတ်တဲ့ရောဂါမျိုးပါ။ စိုးရိမ်တယ်၊ စိုးရိမ်လို့လည်း ထူးတာမျိုးတော့ မဟုတ်ဘူး။ ဒီတော့ စိတ်ကိုတည်ငြိမ်အောင် ပြန်ထားရတယ်။ စောစောကပြောတဲ့အတိုင်း ညအိပ်တာ၊ စားတာ၊ လေ့ကျင့်ခန်းလုပ်တာ၊ ပြီးရင် Mindfulness လို့ခေါ်တဲ့ အသက်ရှူလေ့ကျင့်ခန်းလုပ်တာတွေ လုပ်တယ်။

ဆရာခံစားရတာက တအားကြီး အောက်ဆီဂျင်ကျလောက်အောင်၊ မောလောက်အောင် မဖြစ်တော့လည်း တအားကြီးတော့လည်း မစိုးရိမ်ပါဘူး။ တစ်ချိန်ကျရင် ကောင်းသွားမယ်။ ဒါက တုပ်ကွေးတစ်မျိုးပဲလေ။ ဒီရောဂါရဲ့ ပင်ကိုသဘာဝကိုကလည်း အားလုံးက ပြင်းပြင်းထန်ထန် ဖြစ်တာမှမဟုတ်ဘဲ။

ကိုယ့်မှာ ဆီးချိုရှိတယ်၊ ကျောက်ကပ်ရောဂါရှိတယ်။ ဒါမှမဟုတ်ရင် နှလုံးရောဂါတွေ ကြီးကြီးကျယ်ကျယ်ရှိတယ်။ အဲဒီလို လူမျိုးတွေအတွက်က ပိုပြီးစိုးရိမ်ရတာပေ့ါ။ ဆရာ့မှာကျတော့ သွေးတိုးကလည်း နည်းနည်းပဲရှိတယ်။ ကျန်တဲ့ရောဂါလည်း မရှိတော့ အဲဒီလောက်ကြီးကြီးကျယ်ကျယ်လည်း မစိုးရိမ်ဘူးပေ့ါ။ စိုးတော့ စိုးရိမ်တယ်၊ အကြီးအကျယ်ကြီးတော့လည်း မစိုးရိမ်ဘူး။ စောစောကပြောတဲ့ ဆောင်ရန်/ ရှောင်ရန် တချို့နဲ့ နေလိုက်တော့ အဆင်ပြေသွားပါတယ်။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါ။ ကိုဝေယံရှင့် အစ်ကို့အနေနဲ့ ကိုဗစ်ရောဂါခံစားရတဲ့ အချိန်မှာ ဝေဘာဂီဆေးရုံမှာ ဆေးရုံတက်ခဲ့တယ်။ အဲဒီတက်ခဲ့စဉ်ကာလမှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေ၊ အခုက ပြန်ကောင်းသွားပြီ၊ ပြန်ကောင်းသွားတဲ့ အချိန်မှာ ဘယ်လို ဆောင်ရန်/ရှောင်ရန်တွေနဲ့ ကျင့်သုံးနေထိုင်သလဲ။

**ကိုဝေယံကိုကို။ ။** ဝေဘာဂီဆေးရုံကို ရောက်ရောက်ချင်းမှာ ကျွန်တော်တို့ ICU ရှိတဲ့ အဆောင်က Mini ICU အခန်းလေးထဲမှာ အရင်နေရတယ်။ Mini ICU အခန်းလေးထဲမှာနေပြီး ကျွန်တော့်ကို ဆရာမတွေက ပိုးသတ်ဆေးသွင်းပေးတယ်။ ဒီအချိန်အထိတော့ ကျွန်တော်က အဲဒီလောက်ကြီး ကိုယ့်ကိုယ်ကိုယ် အခြေအနေဆိုးမှန်းမသိသေးပါဘူး။ အဆုတ်မှာ ပိုးတွေ့တယ်။ အဲဒီလိုဖြစ်တယ်လို့တော့ သိထားတယ်။ ကျွန်တော်က ဆေးပညာအကြောင်း ကို သိပ်နားမလည်တာလည်းပါတယ်။

ကျွန်တော့်ကို စက်တင်ဘာလ ၈ ရက်နေ့မှာ ဆရာမတွေက ဖုန်းဆက်တယ်။ အထူးကြပ်မတ်ကုသဆောင်ထဲကို ရွှေ့ရမယ်ဆိုပြီး ဖုန်းဆက်တဲ့အချိန်မှာ ကျွန်တော်က အဲဒီမှာ စိုးရိမ်သွားတယ်။ တော်တော်ကြီးတော့ လန့်သွားတယ်။ ဆရာမကလည်း ပြောတယ်။ အခြေအနေနည်းနည်းဆိုးလို့ အဲဒါစောင့်ကြည့်ရမယ့် အနေအထားရှိလို့ဆိုပြီး ကျွန်တော့်ကို အထူးကြပ်မတ်ကုသဆောင်ထဲကို ရွှေ့တယ်။

အထူးကြပ်မတ်ကုသဆောင်ထဲ ရောက်တဲ့အချိန်မှာ ဆရာ ဆရာမတွေက အနီးကပ်စောင့်ကြည့်တယ်။ ဆရာမတွေပြောတာတော့ ကျွန်တော်က အရမ်းကို ဂရုစိုက်ကြည့်ရမယ့် အနေအထားမှာ ပါနေတယ်ပေ့ါနော်။ အဲဒီလိုကြည့်ပြီးတော့ ဆေးပညာအရ ဆရာမတွေပြောတာကတော့ အခြေအနေဆိုးလာလို့ Cytokine Storm အတွက်ပေးတယ်ဆိုတဲ့ဆေး ကျွန်တော့်ကို ထိုးပေးပါတယ်။ ဒီဆေးထိုးပေးပြီးတော့ တစ်ရက်၊ နှစ်ရက်လောက်မှာ ကျွန်တော် တော်တော်လေး ပြန်ပြီးလန်းလာတယ်။ အဲဒီနောက်ပိုင်းမှာ တော်တော်လေး သက်သာလာတယ်။

အရှေ့မှာလည်း တခြားဆေးတွေ တစ်မျိုးပြီးတစ်မျိုး သွင်းခဲ့ပါတယ်။ တချို့တွေက သူတို့ကို မသွင်းပေးဘူးလားအဲလိုမျိုးလေးတွေ ရှိတယ်။ ဒါပေမယ့် ဆရာမတွေက သူတို့စစ်ဆေးပြီး လိုအပ်တဲ့သူကို လိုအပ်တဲ့ဆေးပေးတယ်။ ကျွန်တော်ဆိုရင် အဲဒီလိုမျိုး ဆေးတွေက တစ်မျိုးပြီးတစ်မျိုး သွင်းရတဲ့အတွက် ဆံပင်ကျွတ်တာတွေ ဖြစ်လာတယ်။ လိုအပ်ရင် လိုအပ်သလိုမျိုး ဆရာမတွေက ဆေးပေးပါတယ်။ အခုသက်သာလာပြီး အစားအသောက်လည်း မြိန်လာတယ်။ စားလို့ကောင်းလာတယ်။ အစားတွေလည်း ဝင်လာတယ်။

**တတ်နိုင်သလောက်ဝိုင်းကူပေး**

ဆရာ ဆရာမတွေက ကျွန်တော်တို့တွေထဲကို ဝင်လာတဲ့အခါ PPE ဝတ်စုံဝတ်ထားတဲ့အခါ သူတို့အတွက် ပူပြီးအသက်ရှူကျပ်တော့ တတ်နိုင်သလောက် သူတို့ကို မြန်မြန်ပြီးသွားအောင် ကျွန်တော်တို့အခန်းထဲကထွက်မှ သူတို့က PPE ဝတ်စုံကို ချွတ်လို့ရမှာခင်ဗျ။ အဲဒါကြောင့် သူတို့ကို တတ်နိုင်သလောက်လေး ဝိုင်းကူပေးပါတယ်။ အထူးကြပ်မတ်ကုသဆောင်ထဲမှာ ဥပမာ – ဆေးသွင်းထားတဲ့ ပိုက်တွေဖြုတ်တာဆိုရင် နောက်ပိုင်းမှာ ကျွန်တော် ကိုယ့်ဘာသာကိုယ်ပဲ ဖြုတ်တော့တယ်။ အဲဒီလိုမျိုးလေး ဆရာ ဆရာမတွေကို ဝိုင်းကူပေးပါတယ်။

ကျွန်တော် အထူးကြပ်မတ်ကုသဆောင်မှာ ငါးရက်နေရတယ်။ အထူးကြပ်မတ်ကုသဆောင်ကနေ ပြန်ဆင်းပြီး နှစ်ယောက်ခန်းထဲမှာ နေတယ်။ တဖြည်းဖြည်း သက်သာလာတယ်။ သက်သာလာပြီး ကျွန်တော့်ကို နောက်ပိုင်းဆေးမသွင်းတော့ဘဲ ဆေးဖြုတ်ပြီး ငါးရက်၊ တစ်ပတ်လောက်ထပ်ပြီး စောင့်ကြည့်တယ်။ စောင့်ကြည့်ပြီး လုံးဝ Clear ဖြစ်သွားပြီ၊ ဆရာမတွေက စိတ်ချရတဲ့ အခြေအနေရောက်သွားပြီဆိုတော့မှ ကျွန်တော့်ကို ပေးဆင်းပါတယ်။

အိမ်ရောက်တော့လည်း ကျွန်တော့်ကို ဆောင်ရန် / ရှောင်ရန်တွေ လူစုလူဝေးတွေထဲ မသွားဖို့၊ Mask တပ်ပြီးနေဖို့၊ အိမ်မှာ သက်သက်သာသာနေဖို့၊ အသက်ရှူလေ့ကျင့်ခန်းလုပ်ဖို့ အဲဒါလေးတွေ ဆရာမတွေက မှာကြားလိုက်တယ်။ ပြီးတော့ အဆုတ်အားကောင်းအောင်လည်း တတ်နိုင်သလောက် မှောက်အိပ်ပေးဖို့ အဲဒီလိုမျိုးလေးတွေ ဆရာမတွေက မှာကြားပါတယ်။ ဆေးရုံက အောက်တိုဘာ ၃ ရက်က ဆင်းပါတယ်။ ဒီလ ၂၃ ရက်မှာ ကျွန်တော့်ကို ပြန်ပြီး Checkup လုပ်ဖို့ ခေါ်ထားပါတယ်။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါရှင်။ ပိုးက အဆုတ်ထဲထိ ဝင်သွားတယ်ဆိုတော့ လက်ရှိကျန်းမာရေးအခြေအနေ ပြောပြပေးပါဦး။

**ကိုဝေယံကိုကို။ ။** အဆုတ်ထဲထိ ဝင်သွားတော့ ကျွန်တော် လက်ရှိက ပုံမှန်လို ပြန်ပြီးမလုပ်နိုင်သေးဘူး။ သွားလာလို့တော့ရတယ်။ နေထိုင်တာကတော့ ပုံမှန်ပဲ။ အလေးအပင်တွေမတဲ့အခါမျိုး၊ အရမ်းလှုပ်လှုပ်ရှားရှား လုပ်တဲ့အခါမျိုးကျရင် အဆုတ်က အသက်ရှူရတာမဝတဲ့သဘောမျိုးဖြစ်တယ်။ အဆုတ်က တော်တော်ကြီး ငြိမ်ငြိမ်လေးနေလိုက်တော့မှသာ ပြန်သက်သာသွားတယ်။ အဲဒီလိုလေးတော့ ရှိပါသေးတယ်။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါ။ ဆရာကြီးရှင့် အခုဆိုရင် ကိုဗစ်ရောဂါခံစားပြီး ပြန်လည်သက်သာလာသူတွေအနေနဲ့ ၂၈ ရက် ကျန်းကျန်းမာမာ ရှိပြီဆိုရင် သွေးရည်ကြည်လှူဒါန်းလို့လည်း ရနေပြီဆိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း သွေးရည်ကြည်လှူဒါန်းဖို့ ဖိတ်ခေါ်နေတယ်ဆိုတော့ ဆရာကြီးအနေနဲ့ သွေးရည်ကြည်လှူဒါန်းဖို့ အစီအစဉ် ရှိပါသလား။

**ပါမောက္ခဒေါက်တာတင်ဦး။ ။** ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော် လှူဒါန်းဖို့ အစီအစဉ်ရှိပါတယ်။ အကယ်၍ ၂၈ ရက်ပြည့်မယ်၊ လှူဒါန်းဖို့ သူတို့ စစ်ဆေးမယ်ထင်ပါတယ်။ ကျွန်တော်တို့မှာ လိုအပ်တဲ့ Antibody ခေါ်တာပေ့ါ၊ တက်ဖို့လည်းလိုပါတယ်။ အဲဒီ Antibody ပမာဏ ရှိတယ်ဆိုရင် လှူလို့ရပါတယ်။ ကျွန်တော် ကျန်းမာရေးလည်း ကောင်းပြီ၊ အဲဒီပမာဏ ရှိတယ်၊ အဲဒီလို သွေးရည်ကြည်လည်းလှူဖို့ ကျန်းမာရေးအခြေအနေလည်း ပေးတယ်ဆိုရင် လှူပါမယ်ခင်ဗျာ။

ဖြစ်တဲ့လူတိုင်းကလည်း ကြီးကြီးမားမားကြီး၊ ဆိုးဆိုးရွားရွားကြီး ဖြစ်သွားတာမဟုတ်ဘူး။ ရာခိုင်နှုန်း နည်းနည်းပါ။ အဲဒီရာခိုင်နှုန်း နည်းနည်းမှာလည်း တကယ့်ကို အသက်လည်းကြီးမယ်၊ ခန္ဓာကိုယ်မှာလည်း တခြားရောဂါအစုံတွေ ရှိနေမယ်။ အခုဆုံးသွားတဲ့ လူတွေကိုကြည့်ရင် အဲဒီလိုလူတွေများပါတယ်။ တခြားရောဂါအစုံတွေ ရှိနေမယ် အဲဒီလို လူမျိုးတွေဆိုရင် နည်းနည်းစိုးရိမ်ရပါတယ်။ ဒါပေမယ့် အဲဒီလိုလူမျိုးတွေလည်း အကယ်၍ အိမ်မှာပဲကုနေတာမဟုတ်ဘဲ ဆေးရုံမှာ စနစ်တကျကုမယ်ဆိုရင် ဆေးရုံတက်နေစဉ်မှာ ကောင်းသွားတဲ့ လူတွေ အများကြီးရှိပါတယ်။

**သွေးရည်ကြည်က အသက်ကယ်နိုင်**

ဘာဖြစ်လို့လဲဆိုတော့ ဒီဥစ္စာက အခြားသွေးလှူတာနဲ့တောင် မတူဘူး။ လူတိုင်းမှ လှူလို့မရတာ။ ဒီလိုမျိုး ပြန်ကောင်းလာပြီး Antibody ရှိတဲ့လူမှပဲ လှူလို့ရတာဆိုတော့လေ၊ နောက်ပြီးတော့လည်းအဲဒီလိုလှူလိုက်လို့ရတဲ့ သွေးရည်ကြည်ကလည်း အသက်ကယ်နိုင်တာပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဆေးရုံထဲမှာရှိတဲ့ တချို့ပြင်းပြင်းထန်ထန်ဖြစ်တဲ့လူတွေမှာ အဲဒီ Plasma သွေးရည်ကြည်နဲ့ ကုလိုက်လို့ သက်သာသွားတာကို တွေ့ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော် လှူလည်းလှူချင်တယ်။ ရခဲတဲ့ ကုသိုလ်လို့လည်း ပြောလို့ရပါတယ်။ နောက်ပြီး လူတိုင်းလှူလို့မှ မရတာဆိုတော့ အစီအစဉ်ရှိပါတယ်။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါ။ ကိုဝေယံရှင့် သွေးရည်ကြည်လှူဒါန်းပြီဆိုရင် သွေးတစ်ခါလှူရုံနဲ့ လူနှစ်ယောက်၊ သုံးယောက်ရဲ့ အသက်ကို ကယ်နိုင်တယ်ဆိုတော့ အစ်ကို့အနေနဲ့ရော သွေးရည်ကြည်လှူဒါန်းဖို့ ရှိလားရှင့်။

**ကိုဝေယံကိုကို။ ။** ဟုတ်ကဲ့ ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သွေးရည်ကြည် နှစ်ခါသွင်းခဲ့ရတယ်။ အဲဒီတော့ ကျွန်တော် လှူဖို့လည်း ပြောထားပြီးပါပြီ။ ကျန်းမာရေးဘက်ကနေ လှူလို့ရတဲ့ အခြေအနေရောက်ပြီ၊ လှူလို့ရပြီဆိုတာနဲ့ ကျွန်တော် လှူဒါန်းမှာပါခင်ဗျ။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါရှင်။ ဆရာကြီးနဲ့ ကိုဝေယံတို့ နှစ်ယောက်လုံး ကိုဗစ် – ၁၉ ရောဂါ ခံစားရပြီး အခုဆိုရင် ပြန်ပြီးတော့ သက်သာလာတယ်။ ဒီရောဂါကို ရင်ဆိုင်ကျော်လွှားခဲ့ရတဲ့အခါမှာလည်း အခက်အခဲတွေလည်း အများကြီးရှိခဲ့မှာပါ။ အခက်အခဲတွေကြားထဲက အခုလိုမျိုး ပြန်လည်ကျန်းမာလာတာကို ဝမ်းသာဂုဏ်ယူပါတယ်။ အခြားပရိသတ်တွေကိုလည်း ဆရာကြီးတို့အနေနဲ့ ဒီရောဂါကို ဘယ်လိုရင်ဆိုင်ကျော်လွှားခဲ့တယ်ဆိုတဲ့ ခွန်အားပေးစကားလေး ပြောကြားပေးပါဦးရှင်။

**ပါမောက္ခဒေါက်တာတင်ဦး။ ။** ဟုတ်ကဲ့ ခင်ဗျ။ ဒီရောဂါကိုတော့ နှစ်မျိုးပြောရမှာပါ။ ကြောက်လည်း ကြောက်ပါ။ မကြောက်လည်း မကြောက်ပါနဲ့။ ကြောက်လည်း ကြောက်ပါဆိုတာ မဖြစ်တာတော့ အကောင်းဆုံးပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့ ညွှန်ကြားချက်တွေအားလုံး တတ်နိုင်သမျှတော့ လိုက်နာပါ။

**တအားကြီးကြောက်စရာမလို**

ဒါဆိုရင် ကာကွယ်နိုင်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်သွားပြီးပြီဆိုရင် အနည်းဆုံးတော့ အဲဒီကာလမှာ ကိုယ့်ရဲ့အလုပ်ပျက်တာပေ့ါ။ အလုပ်အကိုင်ပျက်တယ်။ ထိခိုက်မှုလည်းရှိတယ်။ ဒါက မဖြစ်တာ အကောင်းဆုံး။ အကယ်၍ တစ်ခါတလေကျတော့လည်း ကိုယ်ဘယ်လောက်ပဲ ကာကွယ်နေပါစေ တစ်ခါတလေ လွတ်သွားတဲ့အခါရှိတော့ ဖြစ်လာတာပေ့ါ။ ဖြစ်လာရင်လည်း တအားကြီး ကြောက်စရာမလိုပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဖြစ်တဲ့လူတိုင်းကလည်း ကြီးကြီးမားမားကြီး၊ ဆိုးဆိုးရွားရွားကြီး ဖြစ်သွားတာမဟုတ်ဘူး။ ရာခိုင်နှုန်း နည်းနည်းပါ။ အဲဒီရာခိုင်နှုန်းနည်းနည်းမှာလည်း တကယ့်ကို အသက်လည်းကြီးမယ်၊ ခန္ဓာကိုယ်မှာလည်း တခြားရောဂါအစုံတွေ ရှိနေမယ်။ အခုဆုံးသွားတဲ့ လူတွေကိုကြည့်ရင် အဲဒီလိုလူတွေများပါတယ်။ တခြားရောဂါအစုံတွေ ရှိနေမယ် အဲဒီလိုလူမျိုးတွေဆိုရင် နည်းနည်းစိုးရိမ်ရပါတယ်။ ဒါပေမယ့် အဲဒီလိုလူမျိုးတွေလည်း အကယ်၍ အိမ်မှာပဲ ကုနေတာမဟုတ်ဘဲ ဆေးရုံမှာ စနစ်တကျကုမယ်ဆိုရင် ဆေးရုံတက်နေစဉ်မှာ ကောင်းသွားတဲ့လူတွေအများကြီး ရှိပါတယ်။

ဆရာရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ဦးရဲ့ အမေဆိုရင်လည်း ICU ထဲမှာ အကြာကြီးနေပြီး ကောင်းသွားတယ်။ ဆေးရုံမှာ စနစ်တကျကုသလို့ ဖြစ်ပါတယ်။ ဒီတော့ စောစောကပြောသလိုပဲ မဖြစ်ခင်တော့ ကြောက်ပြီး သေသေချာချာ လိုက်နာကြပါ။ ဖြစ်ပြီးရင်လည်း တအားကြီး ကြောက်စရာမလိုဘူး။ ညွှန်ကြားချက်တွေအတိုင်း လိုက်နာမယ်။ နေထိုင်တတ်သွားမယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မယ်။ လူနာအချင်းချင်း ပြန်ကူညီလိုက်မယ်ဆိုရင် ဒီဟာကို ဒီလိုပဲ ကျော်ဖြတ်သွားကြမှာပါ ခင်ဗျာ။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါ။ ကိုဝေယံရှင့် ကိုဗစ်ရောဂါ ခံစားနေတဲ့သူတွေအတွက် အားပေးစကားလေး မျှဝေပေးပါဦးရှင့်။

**ကိုဝေယံကိုကို။ ။** ဟုတ်ကဲ့ပါ။ မဖြစ်သေးတဲ့လူတွေအတွက်ကတော့ ဆရာကြီးပြောသလိုပါပဲ တိုက်ပွဲဝင်နေတဲ့ ဆရာဝန်၊ ဆရာမတွေကို ကူညီတဲ့အနေနဲ့ MOHS က ထုတ်ပြန်ထားတဲ့ စည်းမျဉ်းတွေအတိုင်း လိုက်နာကျင့်သုံးပါ။ အတတ်နိုင်ဆုံး အိမ်မှာပဲနေပါ။ အပြင်ထွက်ရင်လည်း စနစ်တကျ နှာခေါင်းစည်းတပ်ပြီး ထွက်ဖို့၊ လက်ကို သေချာဆေးဖို့ ဒါဆိုရင် ကူးစက်ဖို့ ရာခိုင်နှုန်း နည်းပါတယ်။ ကြောက်တော့ ကြောက်သင့်ပေမယ့်လည်း အရမ်းကြီးကြောက်နေဖို့လည်း မလိုပါဘူး။ တချို့တွေ အရမ်းကြီးအကြောက်လွန်နေတတ်ပါတယ်။

ဒါကြောင့် ဖြစ်လာရင်လည်း ကြိတ်မကုဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ဆက်သွယ်ပြီး လိုအပ်ရင် သေချာစနစ်တကျကို ဆေးနဲ့ကုသပေးလို့ အလွန်အကျွံလည်းမစိုးရိမ်ပါနဲ့လို့၊ ကျွန်တော်တို့တွေ အခု အားလုံး ကပ်ဘေးက ကျော်လွှားနိုင်တော့မှာပါ။

**အစီအစဉ်မှူး။ ။** ဟုတ်ကဲ့ပါရှင်။ ဆရာကြီးနဲ့ ကိုဝေယံတို့ရဲ့ ပြောစကားတွေနဲ့ ကြည့်ရှုနေကြတဲ့ ပရိသတ်တွေလည်း စိတ်ဓာတ်ခွန်အားတွေရရှိမယ်လို့ ယုံကြည်ပါတယ်။ အချိန်ပေးပြီး ဖြေကြားပေးခဲ့တဲ့အတွက်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

# အမေရိကန်စီးပွားရေးတိုးတက်မှုရရှိချင်ပါက မိမိကိုသာ မဲပေးရန် မဲဆန္ဒရှင်များကို သမ္မတထရမ့် တိုက်တွန်း




**ပင်ဆယ်ဗေးနီးယား အောက်တိုဘာ ၂၁**

ကိုရိုနာဗိုင်းရပ်စ်၏ သက်ရောက်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးကျဆင်းမှုမှ အမြန်ဆုံး ပြန်လည်ထူထောင်လာစေရေး ဆောင်ရွက်ပေးနိုင်ရန် ၎င်းအတွက် ဒုတိယအကြိမ်သမ္မတသက်တမ်းလိုအပ်ကြောင်းနှင့် စီးပွားရေး တိုးတက်မှုကို လိုချင်ပါက ၎င်းကိုသာ မဲပေးကြရန် ပင်ဆယ်ဗေးနီးယားတွင် ပြုလုပ်သည့် မဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း သမ္မတထရမ့်က ပြောကြားခဲ့သည်။

ထရမ့်က " ဒီရွေးကောက်ပွဲဟာ အထူးပြန်လည်ထူထောင်ရေးအတွက် စွမ်းဆောင်နိုင်မယ့် ထရမ့်နဲ့ စီးပွားရေးကျဆင်းမှု အကြီးအကျယ်ဖြစ်ပေါ်စေမယ့် ဘိုင်ဒင်တို့ကြား ယှဉ်ပြိုင်ရတဲ့ ပွဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ရာ ထရမ့်ကို ထောက်ခံသူများက အကြီးအကျယ်အော်ဟစ် ထောက်ခံခဲ့ကြသည်။ ဆက်လက်ပြီး ထရမ့်က ကျောင်းတွေ ဆက်လက်ဖွင့်လှစ်နိုင်ရေး၊ စီးပွားရေးပြန်ပွင့်လာရေးနှင့် ကျန်းမာပြီး လုံခြုံမှုရှိသည့် နိုင်ငံထူထောင်ရေးအတွက် ၎င်းကိုသာ မဲပေးသင့်ကြောင်း ဆိုသည်။

ဘိုင်ဒင်က ၎င်း၏ စည်းရုံးရေးခရီးစဉ်များအတွင်း ကိုဗစ်-၁၉ရောဂါပြန့်ပွားနေစဉ်မှာပင် စီးပွားရေးလုပ်ငန်းများကို လျင်လျင်မြန်မြန် ပြန်လည်ဖွင့်လှစ်စေခဲ့သည့် ထရမ့်၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး အဓိကထား ဝေဖန်ခဲ့သည်။

သမ္မတထရမ့်၏ အစောပိုင်း သမ္မတသက်တမ်းတွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်လာမှုကြောင့် လူထုထောက်ခံမှုန်းသိသိသာသာ မြင့်တက်ခဲ့သော်လည်း ကိုဗစ်-၁၉ရောဂါ အမေရိကန်တွင် ဖြစ်ပွားခဲ့ပြီးသည့်နောက် ထရမ့်၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး စီမံခန့်ခွဲမှုများကြောင့် ထောက်ခံမှုန်း ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ရောဂါသည် အမေရိကန်ပြည်ထောင်စုသို့ အကြီးအကျယ်ရိုက်ခတ်သည့် ကာလမှာပင် အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပရန် တိုက်ဆိုင်နေခြင်းကလည်း သမ္မတထရမ့်၏ ဒုတိယမြောက် သမ္မတသက်တမ်းရရှိရေး ကြိုးပမ်းမှုတွင် အဟန့်အတားတစ်ရပ်ဖြစ်စေနိုင်သည့် အချက်ပင်ဖြစ်သည်။ ထရမ့်လက်ထက် အမေရိကန်တွင် ကိုဗစ်ရောဂါကြောင့် သေဆုံးသူ နှစ်သိန်းနှစ်သောင်းကျော်အထိရှိခဲ့ပြီဖြစ်သလို လူသန်းပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲမကျင်းပမီ နှစ်ပတ်အလိုတွင် အကြိုမဲပေးသူ ၃၅ သန်းကျော်ရှိကြောင်း ဖလော်ရီဒါတက္ကသိုလ်မှ ပြုလုပ်သည့် အမေရိကန်ရွေးကောက်ပွဲ စီမံချက်ဆိုင်ရာစာရင်းများအရသိရသည်။ သမ္မတထရမ့်က ပင်ဆယ်ဗေးနီးယား၊ ဖလော်ရီဒါနှင့် တက္ကဆက်စ်ပြည်နယ် များတွင် ရွေးကောက်ပွဲရလဒ် ကောင်းမွန်ရေး ပစ်မှတ်ထားနေပြီး ပင်ဆယ်ဗေးနီးယား ခရီးစဉ်အတွင်း "ပင်ဆယ်ဗေးနီးယားမှာ အနိုင်ရရင် တစ်နိုင်ငံလုံးမှာ အနိုင်ရသလိုပါပဲ" ဟု ပြောကြားခဲ့သည်။

**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်-မေလွဲ့သင်း**

# စီးပွားရေးပြန်လည်ဦးမော့လာရေးနှင့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေး မူဝါဒများကို ဂျပန်ဝန်ကြီးချုပ်ဆူဂါနှင့် အစိုးရအဖွဲ့ဝင်များ ဆွေးနွေးမည်

**ဂျကာတာ အောက်တိုဘာ ၂၁**

ဂျပန်ဝန်ကြီးချုပ် ဆူဂါက ၎င်း၏ အဓိကမူဝါဒလမ်းစဉ်များကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံးနှင့် လာမည့် အောက်တိုဘာ ၂၆ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ ဂျကာတာမြို့၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

## အချိုးကျစွာ တိုးတက်ရေးအတွက် ကတိပြု

ဆူဂါက ၎င်းအနေဖြင့် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာရေးနှင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး ကိစ္စနှစ်ရပ်စလုံးကို အချိုးမျှတစွာ ဆောင်ရွက်နိုင်မည့် မူဝါဒပိုင်းချမှတ်မှုများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ ကိုဗစ်-၁၉ အလွန်ကာလအတွက် ပြင်ဆင်မှုများအဖြစ် ဒစ်ဂျစ်တယ်လိုက်ဖေးရှင်းအေဂျင်စီတစ်ရပ် ဖွဲ့စည်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဦးစားပေးသည့် အစိမ်းရောင် လူမှုအသိုက်အဝန်းတစ်ရပ်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အာမခံပေးရေး စသည့်ကိစ္စရပ်များကိုလည်း အဓိက ဦးစားပေးမူဝါဒများအဖြစ် ဖော်ဆောင်မည်ဖြစ်သည်။

## ပူးပေါင်းမှုကိုဖိတ်ခေါ်

ဆူဂါ၏ ဦးစားပေးမူဝါဒတွင် ဘက်စုံသုတေသနဖွံ့ဖြိုးရေးအတွက် သိပ္ပံကောင်စီကို အဆင့်မြှင့်တင်သွားရေးလည်းပါဝင်ကာ သိပ္ပံကောင်စီတွင် နယ်ပယ်ပေါင်းစုံမှ ထိပ်တန်းသုတေသနပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ရရှိစေရန် ဖိတ်ခေါ်သွားမည်ဖြစ်သည်။ ကိစ္စရပ်များကို အကျယ်ပြန့်ဆုံးနှင့် အထိရောက်ဆုံး ဖော်ဆောင်နိုင်မည့် ပုဂ္ဂိုလ်များကိုသာ သိပ္ပံကောင်စီ အဖွဲ့ဝင်လောင်းများအဖြစ် ၎င်းကိုယ်တိုင်စာရင်းပေးမည်ဖြစ်ကြောင်း ဆူဂါက အတည်ပြုခဲ့သည်။

ဖူကူးရှီးမားဒါအိချိ နျူးကလီးယားစက်ရုံမှ ထွက်ရှိခဲ့သည့် ရေဒီယိုသတ္တိကြွ ဓာတ်ကြွင်းများနှင့် ပတ်သက်သည့် ပြဿနာရပ်များကိုလည်း အမြန်ဆုံး ဖြေရှင်းရန် စီမံသွားရေးကိုလည်း လာမည့်ဆွေးနွေးပွဲတွင် အစိုးရအဖွဲ့ဝင်များနှင့် ဆွေးနွေးအဖြေရှာမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-မေလွဲ့သင်း**



# ဂျပန်နိုင်ငံက ပါလက်စတိုင်းနိုင်ငံအတွက် စားနပ်ရိက္ခာအကူအညီအဖြစ် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှတစ်ဆင့် ကန်ဒေါ်လာ ၂ ဒသမ ၈ သန်း လှူဒါန်း

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်နိုင်ငံအစိုးရသည် ပါလက်စတိုင်းနိုင်ငံအတွက် စားနပ်ရိက္ခာအကူအညီအဖြစ် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါစားနပ်ရိက္ခာအကူအညီပေးရေးသဘောတူညီချက်ကို ပါလက်စတိုင်းနိုင်ငံဆိုင်ရာ ဂျပန်ကိုယ်စားလှယ် မာဆာယူကီနှင့် ပါလက်စတိုင်းနိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ကိုယ်စားလှယ် စတီဖန်ကီယာနေးတို့က ပါလက်စတိုင်းနိုင်ငံ၏မြို့တော်ရာမယ်လာ၌ အောက်တိုဘာ ၂၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ယခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဗယ်ဆုရရှိခဲ့ပြီး ပါလက်စတိုင်းပြည်သူ ၃၅၀၀၀၀ ခန့်ကိုလည်း စားနပ်ရိက္ခာအကူအညီများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

လိုအပ်ချက်ရှိနေသူများကို စားနပ်ရိက္ခာများ အထောက်အပံ့ပေးခြင်းသည် ၎င်းတို့၏ အသက်အိုးအိမ် စည်းစိမ်အတွက် အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံအနေဖြင့် ဆက်လက်၍လည်း အကူအညီများ ပေးစွမ်းသွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းနိုင်ငံဆိုင်ရာ ဂျပန်ကိုယ်စားလှယ် မာဆာယူကီက ပြောကြားခဲ့သည်။

စားနပ်ရိက္ခာသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်အတွက်လည်း မရှိမဖြစ်အရေးပါကြောင်းနှင့် ဂျပန်နိုင်ငံ၏ အထောက်အပံ့ပေးမှုသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ လုပ်ငန်းဆောင်တာများအတွက် အလွန်အမင်းအရေးပါကြောင်း ပါလက်စတိုင်းနိုင်ငံရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ကိုယ်စားလှယ် စတီဖန်ကီယာနေးက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပါကစ္စတန်ကောင်စစ်ဝန်ရုံးအနီး လူအုပ်ပြိုမှု ဖြစ်ပွားရာ ၁၅ ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရ

**ကဘူးလ် အောက်တိုဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ ပါကစ္စတန်ကောင်စစ်ဝန်ရုံး၌ ဗီဇာလျှောက်ရန် လူအများအပြား စုဝေးရောက်ရှိလာခဲ့သည့် ကွင်းပြင်တစ်ခု၌ ယမန်နေ့က လူအုပ်ပြိုမှုတစ်ခုဖြစ်ပွားခဲ့ရာ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားလိုက်သည်။

သေဆုံးခဲ့သူ ၁၅ ဦးအနက် ၁၁ ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း၊ သက်ကြီးရွယ်အို အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အခင်းဖြစ်ပွားရာ ဂျလာလာဘတ်မြို့မှ ပြည်နယ်ကောင်စီဝင်တစ်ဦးဖြစ်သူ ဆိုရတ်ဘ်ကွာဒီရီက အတည်ပြုသည်။ ပါကစ္စတန်နိုင်ငံသို့သွားရောက်ရန်အတွက်ဗီဇာလျှောက်ထားရန်လိုအပ်လျက်ရှိသော တိုကင်ယူရန် လူ ၃၀၀၀ ကျော် စုရုံးခဲ့ကြောင်း အခြား ပြည်နယ်တာဝန်ရှိသူနှစ်ဦးက ပြောသည်။



ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ပါကစ္စတန်နိုင်ငံက ယခုနှစ်အစောပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ သားများအတွက် ဗီဇာအရေးအတွက် ကန့်သတ်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံသားအများစုက ဆေးကုသမှုပြုလုပ်ရန် ပါကစ္စတန်နိုင်ငံသို့ သွားရောက်ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံသားများအတွက် ဗီဇာလျှောက်ထားမှုလုပ်ငန်းစဉ် ဖြေလျှော့မည်ဟု ပါကစ္စတန်နိုင်ငံက ကတိပြုခဲ့ပြီး အောက်တိုဘာလ ၁၆ ရက်တွင် ဗီဇာထုတ်ပေးမှုအစီအစဉ်သစ်တစ်ရပ် စတင်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား- သည်စထရိတ်တိုင်းမ်**

**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရုရှားနိုင်ငံက နိုဝင်ဘာလအတွင်း ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးမှု စတင်မည်

**မော်စကို အောက်တိုဘာ ၂၁**

ဘေးအန္တရာယ်ကင်းမှုနှင့်ပတ်သက်၍ ကျွမ်းကျင်သူအချို့၏ စိုးရိမ်မှုများ ရှိနေလင့်ကစား ရုရှားနိုင်ငံက နိုဝင်ဘာလအတွင်း ပြည်တွင်းထုတ် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်မျိုး စတင်ထိုးပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရုရှားနိုင်ငံ ဂါမာလီယာ ကူးစက်ရောဂါနှင့် အဏုဇီဝဗေဒ သုတေသနဗဟိုဌာနက ယခုဗိုင်းရပ်စ်ကာကွယ်ဆေးကို ထုတ်လုပ်ခဲ့ကြောင်း သုတေသနဗဟိုဌာန အကြီးအကဲ အလက်ဇန္ဒားဂင့်စ်ဘတ်ဂ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ နိုဝင်ဘာလအတွင်း ဆရာဝန်များ၊ ပညာရေးဝန်ထမ်းများကို ဗိုင်းရပ်စ်ကာကွယ်ဆေးသစ် ထိုးပေးမည်ဟု အလက်ဇန္ဒားက ဆိုသည်။ ရုရှားအစိုးရက ဩဂုတ်လအတွင်း စပွတ်ညစ်ခ်-ဗွီ ဟုခေါ်ဆိုသည့် ဗိုင်းရပ်စ်ကာကွယ်ဆေးကို အတည်ပြုခဲ့သည်။ စပွတ်ညစ်ခ်-ဗွီ ဆိုသည်မှာ ၁၉၅၇ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုဟောင်း လွှတ်တင်ခဲ့သည့် ကမ္ဘာ့ပထမဆုံး ဂြိုဟ်တုအမည်ဖြစ်သည်။

အဆိုပါ ဗိုင်းရပ်စ်ကာကွယ်ဆေး၏ အပြီးသတ်အဆင့် လက်တွေ့စမ်းသပ်မှုများတွင် လူပေါင်း ၄၀၀၀၀ ခန့် ပါဝင်လျက်ရှိသည်။ သို့သော်လည်း ရုရှားဆေးဝါးကုမ္ပဏီတစ်ခုက ဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်မှု တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ ကမ္ဘာ့ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ရုရှားနိုင်ငံ၌ ထုတ်လုပ်နိုင်သည့်အတွက် ဂုဏ်ယူမိကြောင်း ရုရှားဝန်ကြီးချုပ် မီးခေးလ်မီရှူစတင်က အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ ရုရှားနိုင်ငံက အခြားနိုင်ငံများသို့ ဗိုင်းရပ်စ်ကာကွယ်ဆေးများ မြန်မြန်ဆန်ဆန် ထောက်ပံ့သွားမည်ဖြစ်သည်။ အပြီးသတ်အဆင့် လက်တွေ့စမ်းသပ်မှုများ မပြီးစီးသေးခင် ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးပေးမှုနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း၊ ဗိုင်းရပ်စ်ကာကွယ်ဆေး စမ်းသပ်မှုလုပ်ငန်းစဉ်ကို အလျင်စလိုဆောင်ရွက်ရန်မလိုကြောင်း ရုရှားနိုင်ငံရှိ ပညာရှင်အချို့က ပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာရန် အိန္ဒိယနိုင်ငံသားများအား ဝန်ကြီးချုပ် မိုဒီ ပြောကြား



**နယူးဒေလီ အောက်တိုဘာ ၂၁**

အိန္ဒိယနိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာရန် ဝန်ကြီးချုပ်မိုဒီက အောက်တိုဘာ ၂၀ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားခဲ့သည့် နိုင်ငံအခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

**လူမှုဘဝ စည်းမျဉ်းများလိုက်နာ**

အိန္ဒိယနိုင်ငံသားအားလုံးအနေဖြင့် အိမ်အပြင်ထွက်ပါက နှာခေါင်းစည်းများဝတ်ဆင်ရန်၊ လက်ကို ပုံမှန်ဆေးရန်နှင့် ခပ်ခွာခွာနေခြင်းစည်းမျဉ်းကို လိုက်နာရန်လည်း ဝန်ကြီးချုပ် မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၀၄၄ ဦး ရှိသောကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၅၁၁၀၇ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းအထိ အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည်လည်း ၁၁၅၉၁၄ ဦးအထိရှိလာခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ရောဂါမှပြန်လည်သက်သာ လာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၇၉၅၁၀၃ ဦးရှိကြောင်းနှင့် ပိုးတွေ့ဆဲလူနာ ၇၄၀၀၉၀ ရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ၂၀၂၀ ပြည့်နှစ် တတိယသုံးလပတ်တွင် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး အနည်းငယ် တိုးတက်လာ



**ဂျီနီဗာ အောက်တိုဘာ ၂၁**

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုးမှာ ယမန်နှစ်တန်ဖိုးနှင့် နှိုင်းယှဉ်ပါက ၉ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း တတိယသုံးလပတ်တွင် ကမ္ဘာ့ကုန်သွယ်မှု အနည်းငယ် ပြန်လည်တိုးတက်လာခဲ့ကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

တတိယသုံးလတာကာလအတွင်း တရုတ်နိုင်ငံနှင့် အာဆီယံဒေသနိုင်ငံများကြား ကုန်သွယ်မှုတန်ဖိုး သိသိသာသာ တိုးတက်လာခြင်းနှင့်အတူ ကမ္ဘာ့စီးပွားရေးမှာလည်း တတိယသုံးလပတ်တွင် ပထမနှင့် ဒုတိယသုံးလပတ်ကာလများထက် အနည်းငယ် ပြန်လည်တိုးတက်လာခဲ့သည်။ သို့ရာတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယခုနှစ် ကုန်သွယ်မှုတန်ဖိုးမှာ ယမန်နှစ် အလားတူကာလအောက် ၄ ဒသမ ၅ ရာခိုင်နှုန်းသာ ကျဆင်းခဲ့ရာ တတိယသုံးလပတ်တွင် ကမ္ဘာ့စီးပွားရေး ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်သည်ဟူသော WTO ၏ ခန့်မှန်းချက်ထက် တိုးတက်မှုရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် အာဆီယံနိုင်ငံများကြား နေအိမ်မှာပင် ရုံးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသုံးပြုရမည့် ပစ္စည်းများ၊ ဆေးဝါးများ၊ စွမ်းအင်ထုတ်ကုန်များ၊ ကားအရောင်းအဝယ်တို့ကို အဓိက ကုန်သွယ်မှုပြုခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ကုန်သွယ်မှုတန်ဖိုးများ ဆက်လက်တိုးမြင့်လာမည်လားဆိုသည့်အချက်မှာမူ မှန်းဆရန်ခက်ခဲပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ အရှိန်အဟုန် ထပ်မံမြင့်တက်လာသည်နှင့် မူဝါဒချမှတ်သူများက ကန့်သတ်ချက်များကို ထပ်တိုးဆောင်ရွက်မည်ဖြစ်ရာ စီးပွားရေးတိုးတက်မှုနှုန်းလည်း ပြန်လည်ကျဆင်းသွားနိုင်သည်။

ကိုဗစ်-၁၉ ဒုတိယလှိုင်းကြောင့် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထမှု နှေးကွေးနေဦးမည်ဖြစ်ကာ ၂၀၂၁ ခုနှစ် နှစ်လယ်လောက်မှ သာလျှင် စီးပွားရေးပြန်လည်ကောင်းမွန်လာမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)က ခန့်မှန်းထားသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-မေလှဲ့သင်း**

# ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားခြင်းကြောင့် ဂျပန်နိုင်ငံ၌ ကိုယ်ဝန်ဆောင်နှုန်း ကျဆင်း

**တိုကျို အောက်တိုဘာ ၂၁**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အမျိုးသမီးများ၏ ကိုယ်ဝန်ဆောင်နှုန်းမှာ ယမန်နှစ်အလားတူကာလထက် ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ကျန်းမာရေးဝန်ကြီးကလည်း အမျိုးသမီးများအနေဖြင့် ကပ်ရောဂါကာလအတွင်း ကိုယ်ဝန်ဆောင်ခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်သင့်ကြောင်း အကြံပြုထားသည်။

ဂျပန်တစ်ဝန်းတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ကိုယ်ဝန်ဆောင်သူ ၂၇၀၀၀၀ ကျော်သာရှိခဲ့ရာ ယခုနှစ်နှင့် လာမည့်နှစ် အစောပိုင်းကာလအထိ ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားနှုန်း ဆက်လက်ကျဆင်းနေမည်ဖြစ်သည်။ မေလအတွင်း ကိုယ်ဝန်ဆောင်နှုန်းမှာ အနိမ့်ဆုံးအဖြစ် ၁၇ ဒသမ ၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သလို ဇွန်လတွင် ၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဇူလိုင်လတွင် ၁၀ ဒသမ ၉ ရာခိုင်နှုန်းအထိ အသီးသီးကျဆင်းခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က အမျိုးသမီးတစ်ဦး ကိုယ်ဝန်ဆောင်ချိန် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပါက မွေးဖွားသည့်ကလေးမှာ အသက်ရှင်ရန် အလားအလာနည်းကြောင်း သတိပေးထားပြီးဖြစ်သည်။ ဂျပန်အစိုးရကမူ မိခင်လောင်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် လမ်းညွှန်ချက်များအတိုင်း လိုက်နာနေထိုင်နိုင်ရေးနှင့် ကျန်းမာရေးဆွေးနွေးမှုများကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်ရန် စီစဉ်ပေးထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလှဲ့သင်း**

# မဟာမိတ်နိုင်ငံများ ကာကွယ်ရေးဘတ်ဂျက်တိုးမြှင့်ရန် အမေရိကန် ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါ တိုက်တွန်း

**ဝါရှင်တန် အောက်တိုဘာ ၂၁**

ကာကွယ်ရေးဘတ်ဂျက်များ တိုးမြှင့်သုံးစွဲကြရန် အမေရိကန် ကာကွယ်ရေးဝန်ကြီး မတ်ခ်အက်စပါက မဟာမိတ်နိုင်ငံများသို့ တိုက်တွန်းလိုက်သည်။ အမေရိကန်နိုင်ငံ၏ ဦးဆောင်မှုကြောင့် နေတိုးအဖွဲ့ဝင် မဟာမိတ်နိုင်ငံများ၏ ကာကွယ်ရေးဘတ်ဂျက်မှာ ပြီးခဲ့သောနှစ်များအတွင်း တိုးမြှင့်လာခဲ့ကြောင်း ၎င်းက ပြောသည်။ နေတိုးအဖွဲ့ဝင် ကိုးနိုင်ငံက ယခုအခါ ကာကွယ်ရေးဘတ်ဂျက်ကို ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းသုံးစွဲမည့် ကတိကဝတ်ပြည့်မီပြီး နှိုင်းယှဉ်ကြည့်ပါက ၂၀၁၆ ခုနှစ်တွင် ငါးနိုင်ငံသာရှိခဲ့ကြောင်း အက်စပါက ဆိုသည်။

နေတိုးအဖွဲ့ဝင် နိုင်ငံအားလုံးက ကာကွယ်ရေးအသုံးစရိတ်အတွက် ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းထက်မနည်း ရင်းနှီးမြှုပ်နှံရန် မျှော်လင့်ကြောင်း ၎င်းက ပြောသည်။ ၂၁ ရာစုနှစ်တွင် ရှုပ်ထွေးသော စိန်ခေါ်မှုများ ကျော်ဖြတ်ရန်နှင့် မျှဝေတန်ဖိုးများ ကာကွယ်စောင့်ရှောက်ရန် ဘုံလုံခြုံရေးအတွက် နိုင်ငံအားလုံးတွင် တာဝန်ရှိကြောင်း ၎င်းက ဆိုသည်။ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ကြရန်နှင့် အမေရိကန်တပ်ဖွဲ့များ လက်ခံထားရှိသောနိုင်ငံများက ကုန်ကျစရိတ် မျှဝေကျခံကြရန် အမေရိကန်အစိုးရက တောင်းဆိုခဲ့သည်။

လာမည့် ဘဏ္ဍာနှစ်အတွင်း ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များအတွက် ဂျပန်နိုင်ငံက ကုန်ကျစရိတ် မျှဝေကျခံရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအစိုးရများက ယခုလနှောင်းပိုင်းတွင် ဆွေးနွေးမှုများ စတင်မည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အစ္စရေးနှင့် ယူအေအီး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေမည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုး

**တဲလ်အဗစ် အောက်တိုဘာ ၂၁**

အစ္စရေးနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသော အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မှ ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေမည့် ကြိုးပမ်းမှုများ အရှိန်မြှင့်လုပ်ဆောင်ရန်အတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

သဘောတူညီချက်များအနက်မှ အစ္စရေး-ယူအေအီး တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲပျံသန်းရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယူအေအီးထိပ်တန်းခေါင်းဆောင်များနှင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဖင်မနူချင်တို့ အစ္စရေးထိပ်တန်းခေါင်းဆောင်များနှင့်အတူ အောက်တိုဘာ ၂၀ ရက်က တဲလ်အဗစ်မြို့အနီးရှိ ဘင်ဂူရီအွန်လေဆိပ်၌ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲတွင် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် ယူအေအီးတို့သည် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။ အစ္စရေးနှင့် ယူအေအီးတို့သည် စက်တင်ဘာလအတွင်းကလည်း အမေရိကန်နိုင်ငံက ကြားဝင်ညှိနှိုင်းပေးခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ဂျေရုဆလင်သည် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား အငြင်းပွားနယ်မြေဖြစ်သည့်အတွက် ယူအေအီးနိုင်ငံအနေဖြင့် ၎င်း၏ သံရုံးကို ဂျေရုဆလင်တွင်မဟုတ်ဘဲ တဲလ်အဗစ်တွင် ဖွင့်လှစ်ရန် ရည်ရွယ်ကြောင်းလည်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြခဲ့သည်။ ပါလက်စတိုင်းနိုင်ငံကမူ ယူအေအီးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ အစ္စရေးသို့ လာရောက်ခြင်းနှင့်စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၁၁၂၃၆၁၂ | ဦး |
| သေဆုံးသူ | ၁၁၃၁၀၃၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၀၆၇၂၂၉၂ | ဦး |

# ဝိုင်းမော်၊ ပင်လောင်း၊ လောက်ကိုင်နှင့် ဟိုပန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ဝိုင်းမော်မြို့ အမှတ်(၃) ရပ်ကွက် ဆမားဒူဝါလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ မမူမူလင်း (ခ) အိငယ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၄ ကီလိုကို လည်းကောင်း၊ အလားတူ ယမန်နေ့ နံနက် ၆ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ခနွဲ(ဝါးပြုံး) ကျေးရွာနေ ခွန်တုတ်(ခ) တီးတုတ်၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား နေအိမ်တွင် တွေ့ရှိခြင်းမရှိဘဲ နေအိမ်အတွင်းမှ တူမီးသေနတ် တစ်လက်၊ ယမ်းမှုန့် ဂရမ် ၉၀ ပါ ပလတ်စတစ်ဘူး တစ်ဘူး၊ ယမ်းကတ် ၁၈ ခု၊ ခဲစ သုံးခုနှင့် ကတ်ထူပုံးများ အတွင်းမှ ဘိန်းစိမ်း ကီလို ၁၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့နယ် မန်မိုင်ကျေးရွာနေ ထွန်းနေ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ လောက်ကိုင်မြို့နယ် ထင်ပါကျိုင်းကျေးရွာနေ ရန်ဖာလျန်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၊ အိုက်စ် သုည ဒသမ ၁၅ ကီလိုကို လည်းကောင်း၊ အလားတူ ယမန်နေ့ ညနေ ၆ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့နယ် ဟိုပန်-ပန်လုံ သွားကားလမ်း မိုင်တိုင်အမှတ် ၂/၂ အနီးတွင် အိုက်ကော် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများအား တွေ့ရစဉ်။

# သုံးဘီးဆိုင်ကယ် လမ်းဘေးထိုးကျတိမ်းမှောက်ရာ နှစ်ဦး သေဆုံး

**ကျောက်တံခါး အောက်တိုဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျွန်းကုန်း-မြို့ချောင်း-စိန်ကန့်လန့် ကားလမ်း မိုင်တိုင်အမှတ် ၇၁/၇ ကလိန်ခြုံကျေးရွာအနီး၌ ယမန်နေ့ ည ၇ နာရီခွဲခန့်က သုံးဘီးဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းတစ်ဦးနှင့် ယာဉ်ပေါ်ပါ သူတစ်ဦး နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုသတင်းအရ ဖဒိုနယ်မြေရဲစခန်းမှ ရဲတပ်ကြပ် ကျော်ဇေယျာမြင့်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့ချောင်းမှ ဖဒိုသို့ ကျော်ထွေး မောင်းနှင်ပြီး နောက်တွင် ဝဏ္ဏလိုက်ပါလာသော သုံးဘီးဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ သုံးဘီးဆိုင်ကယ်မောင်းသူ ကျော်ထွေးနှင့် နောက်တွင်လိုက်ပါလာသူ ဝဏ္ဏတို့သည် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းက သုံးဘီးဆိုင်ကယ်မောင်းသူအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

■

# အသိပေးနှိုးဆော်ချက်

COVID-19 ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်သူလူထုကလည်း လိုက်နာဆောင်ရွက်လျက်ရှိပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် Stay at Home အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုကာလသည် ရွေးကောက်ပွဲအကြိုကာလ အချိန်အခါလည်းဖြစ်သဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရလျက်ရှိပါသည်။

သို့သော် မကြာမီရက်များတွင် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိပြီး ယင်းကာလကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ ထိန်းချုပ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇၆ စီး၊ သွင်းကုန် ၂၂၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၁၀ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် Soy Milk (Lactasoy) (125 ml x 60) (30 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်


## ရွေးကောက်ပွဲများသည် -


- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ် ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၁၇ ရက်သာ

လိုတော့သည်။





**ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့ မဲရုံသွားကာ မဲပေးစို့ . . .**

## အင်းစိန်မြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်း ဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၉နာရီတွင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်ရှိ မင်းကွန်းတောရပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆင့်ပွားသင်တန်း ဖွင့်ပွဲတွင် မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မွေး၊ ခရိုင်တာဝန်ခံ ဦးတင်မြင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က အဖွင့်အမှာစကားများ ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃၀ ကျော်ကို ယနေ့မှစ၍ အဆိုပါ စာသင်တိုက်၌ နံနက်တစ်ချိန်၊ ညနေတစ်ချိန် တန်းခွဲနှစ်ခုကို သင်တန်းသား သင်တန်းသူ ၃၀ စီဖြင့် အောက်တိုဘာ ၂၄ ရက်အထိ လေးရက်အတွင်း ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်း လမ်းညွှန်များအတိုင်း ရွေးကောက်ပွဲ လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် နည်းပြခုနစ်ဦးတို့က သင်တန်းများ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ညဏ်ဟိန်း





## ပြည်သူတွေဘက်က တတ်နိုင်သမျှ တစ်ဦးချင်း ကျန်းမာအောင်နေပေးပါ



ကျွန်မတို့ပြည်သူတွေ တစ်ဦးချင်းတစ်ဦးချင်း ကျန်းမာမှ နိုင်ငံက အင်အားရှိမှာပါ။ အခုအချိန်မှာဆိုရင် နည်းနည်းထိန်းလာနိုင်ပြီဆိုတော့ မပေါ့သွားစေချင်ပါဘူး။ နည်းနည်းထိန်းလာနိုင်တဲ့အခြေအနေကနေ လုံးဝထိန်းနိုင်မယ့် အခြေအနေရောက်ဖို့ဆိုတာဟာ တော်တော်လုပ်ယူရပါဦးမယ်။ သို့သော်လည်း ဒီလို စလာပြီဆိုတာ ကျွန်မတို့အတွက် အင်အားတစ်ခုပဲ။ လုပ်နိုင်တယ်၊ တကယ်ပဲကြိုးစားရင်၊ တကယ်ပဲဆန္ဒရှိရင်၊ တကယ်ပဲ ဝီရိယစိုက်ထုတ်ပြီးလုပ်ရင် အောင်မြင်နိုင်တယ်ဆိုတဲ့အသိနဲ့ ဆက်ပြီးကြိုးစားစေချင်ပါတယ်။ နိုင်ငံတော်ဘက်ကတော့ ခဏခဏပြောတဲ့အတိုင်းပဲ တတ်နိုင်သမျှ လုပ်ပေးပါတယ်။ ကျန်းမာရေးဘက်ကရော၊ စီးပွားရေးဘက်ကရော၊ ပြည်သူတွေရဲ့ စိတ်လုံခြုံမှု၊ လူမှုရေးဘက်ကရော တတ်နိုင်သမျှ လုပ်ဆောင်နေပါတယ်။ ပြည်သူတွေဘက်ကတော့ တတ်နိုင်သမျှ တစ်ဦးချင်း တစ်ဦးချင်း ကျန်းမာအောင်ပဲနေပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၆-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၁-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၂၀-၁၀-၂၀၂၀) ရက်နေ့အတွက် **ခာတ်ခွဲအတည်ပြုလူနာ (၁၃၀၆) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ချမ်းမြသာ | ၉၂ |
| | | မင်္ဂလာဒုံ | ၈၃ |
| | | မြောက်ဥက္ကလာပ | ၈၃ |
| | | မရမ်းကုန်း | ၆၁ |
| | | သင်္ဃန်းကျွန်း | ၅၇ |
| | | အင်းစိန် ** | ၅၁ |
| | | တောင်ဥက္ကလာပ | ၅၀ |
| | | လှိုင်သာယာ | ၄၄ |
| | | လှိုင် | ၄၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၈ |
| | | တာမွေ | ၃၂ |
| | | ဒေါပုံ | ၂၉ |
| | | သန်လျင် * | ၂၈ |
| | | ကျောက်တံတား | ၂၄ |
| | | လသာ | ၂၂ |
| | | ကျွဲတော | ၂၁ |
| | | ဗဟန်း | ၂၀ |
| | | အလုံ | ၁၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၉ |
| | | မင်္ဂလာတောင်ညွန့် | ၁၈ |
| | | ထန်းတပင် | ၁၈ |
| | | သာကေတ | ၁၇ |
| | | ရန်ကင်း | ၁၆ |
| | | စီလ်တာထောင် | ၁၄ |
| | | လမ်းမတော် | ၁၃ |
| | | သုံးခွ | ၁၂ |
| | | ပန်းဘဲတန်း | ၁၁ |
| | | ဒလ | ၉ |
| | | ကြည့်မြင်တိုင် | ၉ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၈ |
| | | ဆိပ်ကြီးခနောင်တို | ၇ |
| | | ပုဇွန်တောင် | ၆ |
| | | ကွမ်းခြံကုန်း | ၆ |
| | | ခရမ်း | ၅ |
| | | ကမာရွတ် | ၅ |
| | | စမ်းချောင်း | ၄ |
| | | မှော်ဘီ | ၄ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၄ |
| | | ကျောက်တန်း | ၃ |
| | | လှည်းကူး | ၃ |
| | | ကော့မှူး | ၁ |
| | | စုစုပေါင်း | ၁၀၀၈ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၉ |
| | | လက်ပံတန်း | ၁၈ |
| | | ကျောက်ကြီး ** | ၁၀ |
| | | ဝေါ | ၉ |
| | | ရွှေတောင် | ၇ |
| | | တောင်ငူ | ၆ |
| | | ပြည် | ၅ |
| | | ဇေယျ | ၂ |
| | | မင်းလှ | ၁ |
| | | မြို | ၁ |
| | | စုစုပေါင်း | ၇၈ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၄၁ |
| | | အမရပူရ | ၁၄ |
| | | ချမ်းမြသာစည် | ၈ |
| | | မဟာအောင်မြေ | ၅ |
| | | မိတ္ထီလာ | ၂ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | စုစုပေါင်း | ၇၂ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၂ |
| | | မအူပင် | ၃ |
| | | ဟင်္သာတ | ၁ |
| | | လပွတ္တာ | ၁ |
| | | ဓနုဖြူ | ၁ |
| | | မြောင်းမြ | ၁ |
| | | စုစုပေါင်း | ၉ |
| ၅။ | ရှမ်းပြည်နယ် | ပုတ္တာအိုကျွန်း | ၁၄ |
| | | ဘူးသီးတောင် | ၃ |
| | | ကျောက်မြို့ | ၃ |
| | | စစ်တွေ | ၃ |
| | | ကျောက်တော် | ၂ |
| | | မောင်တော | ၂ |
| | | စုစုပေါင်း | ၂၇ |
| ၆။ | မကွေးတိုင်းဒေသကြီး | မြို့သစ် | ၁၆ |
| | | မကွေး | ၁၆ |
| | | ခရုနဲချောင်း | ၇ |
| | | စလင်း | ၅ |
| | | နတ်မောက် | ၅ |
| | | မင်းဘူး | ၄ |
| | | မင်းဘူး | ၃ |
| | | ပခုက္ကူ | ၂ |
| | | ဆင်းလှ | ၁ |
| | | ရေနံကြို | ၁ |
| | | မြိုင် | ၁ |
| | | စုစုပေါင်း | ၆၁ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင် | ၃ |
| | | ကန့်ဘလူ | ၂ |
| | | မုံရွာ | ၂ |
| | | ရွှေဘိုးဦး | ၁ |
| | | မင်းကင်း | ၁ |
| | | စုစုပေါင်း | ၉ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၈ |
| | | သံဖြူဇရပ် | ၃ |
| | | သထုံ | ၂ |
| | | ပေါင် | ၁ |
| | | စုစုပေါင်း | ၂၄ |
| ၉။ | ကရင်ပြည်နယ် | ဘားအံ | ၂ |
| | | လှိုင်းဘွဲ | ၂ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၀။ | ချင်းပြည်နယ် | မိုင်းပျဉ်း | ၁ |
| | | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၃ |
| | | ဘုတ်ပြင်း | ၃ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ကချင်ပြည်နယ် | မိုးညှင်း | ၁ |
| | | ရွှေကူ ** | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | နေပြည်တော် | ပျဉ်းမနား | ၃ |
| | | စုစုပေါင်း | ၃ |
| | (၂၀-၁၀-၂၀၂၀) ရက်နေ့အတွက် ခာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၀၆) ဦး |

* (၈) ဦးသည် ပြည်ပနိုင်ငံမှ ရောက်ရှိလာသူများဖြစ်သဖြင့် သန်လျင်မြို့နယ်တွင် အသွားအလာ ကန့်သတ်ထားရှိသူများဖြစ်ပါသည်။

** ကျောက်ကြီးမြို့နယ်မှ (၂) ဦး၊ အင်းစိန်မြို့နယ်မှ (၁) ဦးနှင့် ရွှေကူမြို့နယ်မှ (၁) ဦးတို့သည် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိသူများဖြစ်ပါသည်။

မှတ်ချက်။ (၂၀-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၃၀၆)ဦးတွင် အန်မရရှိသူ (၃၇၀)ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကိုဗစ် – ၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့

# နိုင်ငံတော်အစိုးရ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်သူ့အကျိုးပြု ပညာရေးဆိုင်ရာမှတ်တိုင်များ အပိုင်း(၁)

# အခြေခံပညာကဏ္ဍ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ

(ယမန်နေ့မှအဆက်)

အခြေခံပညာ အလယ်တန်းနှင့်အထက်တန်း သင်ရိုးညွှန်းတမ်းများတွင် လူမှုရေးဆိုင်ရာ အကြောင်းအရာများဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် နေထိုင်ရာဒေသများ၊ ကျား၊ မ တန်းတူညီမျှမှု၊ မသန်စွမ်းသူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူ့အခွင့်အရေးနှင့် မျိုးဆက်ပွားကျန်းမာရေးတို့ ပါဝင်မှုကို ဆန်းစစ်ရန်အတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် လူမှုရေးဆိုင်ရာ အကြောင်းအရာများ ပါဝင်ရေးလမ်းညွှန်ကို ရေးသားပြုစုပြီး Grade 7 နှင့် Grade 10 သင်ရိုးညွှန်းတမ်းများကို ဆန်းစစ်ခဲ့ပါသည်။



### အခြေခံပညာ ဆရာ ဆရာမများအား ပညာရေးအဆင့်အလိုက် ရာထူးတိုးမြှင့်သတ်မှတ်ရေးဆောင်ရွက်ချက်

အခြေခံပညာ ဆရာ ဆရာမများ၏ ရာထူးတိုးစနစ်သည် အခြေခံပညာအဆင့် တစ်ခုမှတစ်ခုသို့ အဆင့်ဆင့် ရာထူးတိုးမြှင့်ပေးသည့်စနစ်ကို အသုံးပြုလျက်ရှိပါသည်။ အဆင့်ဆင့်ရာထူးတိုးသည့်စနစ်ကို ကျင့်သုံးသဖြင့် အရေးအကြီးဆုံးဖြစ်သည့် မူလတန်းအဆင့်တွင် အတွေ့အကြုံနည်းပါးသည့် ဆရာအသစ်များကသာ သင်ကြားပေးနေရခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် သင်တန်းများပို့ချပေးရာတွင် ရာထူးတိုးစနစ်ကြောင့် သင်တန်းရရှိပြီးသူများ ရာထူးတိုးသွားသဖြင့် အသစ်ဝင်ရောက်လာသူများကို သင်တန်းထပ်မံပို့ချပေးရန် လိုအပ်ခြင်း၊ အဆင့်တိုင်းတွင် အတွေ့အကြုံနည်းသည့် ရာထူးတိုး အသစ်ဝင်ရောက်သည့် ဆရာ ဆရာမများက သင်ကြားပေးရခြင်း စသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။

သို့ပါ၍ အခြေခံပညာအရည်အသွေးမြင့်မားရေးအတွက် ကျောင်းသား ကျောင်းသူများအား စွမ်းဆောင်ရည်မြင့်မားပြီး လုပ်သက်အတွေ့အကြုံရင့်ကျက်သည့် ဆရာ ဆရာမများက အခြေခံပညာအဆင့်အလိုက် သင်ကြားလေ့ကျင့်ပေးနိုင်ရန်ရည်ရွယ်၍ လက်ရှိသတ်မှတ်ထားသည့် မူလတန်းပြ၊ အလယ်တန်းပြနှင့် အထက်တန်းပြများအား အခြေခံပညာအဆင့်အလိုက်အတွင်း ရာထူးတိုးမြှင့်ပေးနိုင်ရန်အတွက် ရာထူးအခေါ် အဝေါ်နှင့် ရာထူးတိုးမြှင့်ရေးမူများကို ပြင်ဆင်ဖွဲ့စည်းပြီး အခြေခံပညာအဆင့်အလိုက်အတွင်း ရာထူးတိုးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းအစီအစဉ်ကို စတင်ဆောင်ရွက်ပါက လာမည့်ပညာသင်နှစ်များမှစ၍ အခြေခံပညာ ဆရာ ဆရာမများသည် မိမိတို့ကျွမ်းကျင်သည့် ပညာရေးအဆင့်အတွင်းမှာပင် ဆက်လက်၍ ရာထူးတိုးမြှင့် ခံစားနိုင်မည်ဖြစ်ပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုများ လျော့ပါးသွားမည်ဖြစ်ရာ အတွေ့အကြုံရှိ ကျွမ်းကျင်သည့် ဆရာ ဆရာမများ ပိုမိုများပြားလာမည် ဖြစ်ပါသည်။

### အခြေခံပညာကျောင်းသားအားကစားပွဲတော် ကျင်းပခြင်း

မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းမြင့်မားရေး၊ နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိကွင်း၌ ၂၃-၁၂-၂၀၁၉ ရက်နေ့မှစ၍ ၂-၁-၂၀၂၀ ရက်နေ့အထိ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ အခြေခံပညာ ကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း စသည့် အားကစားနည်းများကို ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၆၉၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။



နေပြည်တော် ဝဏ္ဏသိဒ္ဓိကွင်း၌ ၂၃-၁၂-၂၀၁၉ ရက်က အခြေခံကျောင်းသားအားကစားပွဲတော် ကျင်းပစဉ်။

**လာမည့်ပညာသင်နှစ်များမှစ၍ အခြေခံပညာ ဆရာ ဆရာမများသည် မိမိတို့ ကျွမ်းကျင်သည့် ပညာရေးအဆင့်အတွင်းမှာပင် ဆက်လက်၍ ရာထူးတိုးမြှင့်ခံစား နိုင်မည်ဖြစ်ပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုများ လျော့ပါးသွားမည် ဖြစ်ရာ အတွေ့အကြုံရှိ ကျွမ်းကျင်သည့် ဆရာ ဆရာမများ ပိုမိုများပြားလာမည်ဖြစ်။**



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးဆောင်ရွက်မှုများ

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝ မနေခဲ့ဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီကျောင်းထွက်စောခဲ့သူ၊ အသက်(၁၀-၁၄) နှစ်ကလေးများ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်သို့ ဆက်လက်သင်ယူခွင့်ရရှိစေရန် ဒုတိယအကြိမ် ပညာသင်ယူမှုအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးသော တန်းညှိပညာရေးအစီအစဉ်ဖြစ်သည့် ကျောင်းပြင်ပ မူလတန်းပညာရေး (Non-Formal Primary Education) ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ပညာသင်နှစ် | မြို့နယ် | စခန်း | ကျောင်းသားဦးရေ | | စုစုပေါင်း | တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်သူ | မြို့နယ် ကြီးကြပ်သူ | ဆရာ၊ဆရာမ ဦးရေ |
|---|---|---|---|---|---|---|---|---|---|
| | | | | Level -1 | Level -2 | | | | |
| ၁ | ၂၀၁၆-၁၇ | ၁၀၄ | ၅၃၇ | ၄၀၉၈ | ၄၉၈၁ | ၉၀၇၉ | ၄၉ | ၁၆၄ | ၉၆၀ |
| ၂ | ၂၀၁၇-၁၈ | ၉၄ | ၄၆၀ | ၄၅၂၄ | ၃၆၁၁ | ၈၁၃၅ | ၄၁ | ၁၃၄ | ၈၆၃ |
| ၃ | ၂၀၁၈-၁၉ | ၉၀ | ၄၅၀ | ၄၆၃၁ | ၄၃၁၅ | ၈၉၄၆ | ၄၀ | ၁၃၅ | ၈၄၃ |
| ၄ | ၂၀၁၉-၂၀ | ၈၉ | ၄၁၁ | ၄၀၆၉ | ၃၄၆၄ | ၇၅၃၃ | ၄၂ | ၁၂၄ | ၇၄၆ |

အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအလယ်တန်းအဆင့်သို့ တက်ရောက်ရန် အခက်အခဲရှိသူ ကလေးများနှင့် ပုံမှန်ကျောင်းများမှ အလယ်တန်းအဆင့်မပြီးမြောက်မီ ကျောင်းထွက်ခဲ့ရသောကလေးများ၏ဘဝကို ပညာသင်ယူမှုအခွင့်အလမ်းထပ်မံပေးရန် အခြားနည်းလမ်းတစ်သွယ်ဖြင့် ပညာသင်ယူခွင့်ကို ရရှိပိုင်ဆိုင်စေမည့် ကျောင်းပြင်ပ အလယ်တန်းပညာရေး(Non-Formal Middle Education) ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ပညာသင်နှစ် | မြို့နယ် | စခန်း | ကျောင်းသားဦးရေ | ကြီးကြပ်ဦးရေ | ဆရာ/ဆရာမ ဦးရေ |
|---|---|---|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၈ | ၁၄ | ၂၈၆ | ၈ | ၄၀ |
| ၂ | ၂၀၁၇-၂၀၁၈ | ၈ | ၁၄ | ၁၉၆ | ၈ | ၄၀ |
| ၃ | ၂၀၁၈-၂၀၁၉ | ၈ | ၁၄ | ၁၈၇ | ၈ | ၄၀ |
| ၄ | ၂၀၁၉-၂၀၂၀ | ၈ | ၁၃ | ၂၆၀ | ၈ | ၄၇ |

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများအား ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခု ရှိ ခရိုင် ၂၆ ခု၊ မြို့နယ် ၇၀ တို့တွင် သင်ယူသူပေါင်း ၅၃၉၂၁ ဦး ရှိခဲ့ပြီး သင်ယူပြီးမြောက်သူ ၄၉၉၆၁ ဦးကို အခြေခံအရေး၊ အဖတ်၊ အတွက် တတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | ခုနှစ် | မြို့ နယ် | စာသင်ဝိုင်း | သင်ပြသူ ဦးရေ | တတ်မြောက်သူ ဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ကယား | လွိုင်ကော်၊ ဘော်လခဲ | ၂၀၁၆ | ၇ | ၄၅၅ | ၄၅၅ | ၄၇၇၅ |
| ၂ | ရှမ်း | တောင်ကြီး | ၂၀၁၇ | ၉ | ၂၅၉၆ | ၂၆၈၀ | ၂၅၇၀၂ |
| ၃ | ရခိုင် | မြောက်ဦး၊သံတွဲ၊ ကျောက်ဖြူ | ၂၀၁၇ | ၁၁ | ၃၄၇ | ၃၈၃ | ၃၁၄၅ |
| ၄ | ကရင် | ဘားအံ၊ကော့ကရိတ်၊ မြဝတီ၊ဖာပွန် | ၂၀၁၇ | ၇ | ၁၁၃ | ၂၄၂ | ၁၀၀၆ |
| ၅ | တနင်္သာရီ | ထားဝယ် | ၂၀၁၇ | ၄ | ၆၀ | ၁၂၅ | ၅၆၀ |
| ၆ | ရှမ်း(အရှေ့) | ကျိုင်းတုံ၊မိုင်းဖြတ် | ၂၀၁၈ | ၇ | ၁၉၄ | ၃၈၈ | ၂၂၉၈ |
| ၇ | ကချင် | မြစ်ကြီးနား | ၂၀၁၈ | ၁ | ၅ | ၁၁ | ၇၀ |
| ၈ | ချင်း | မင်းတပ်၊ဖလမ်း | ၂၀၁၈ | ၂ | ၁၁၂ | ၂၄၆ | ၁၀၉၂ |
| ၉ | မွန် | သထုံ | ၂၀၁၈ | ၂ | ၁၅၉ | ၂၆၅ | ၁၁၁၉ |
| ၁၀ | စစ်ကိုင်း | မုံရွာ၊ယင်းမာပင် | ၂၀၁၈ | ၂ | ၉၁ | ၁၉၀ | ၉၂၆ |
| ၁၁ | မကွေး | ပခုက္ကူ | ၂၀၁၈ | ၂ | ၁၅၆ | ၃၁၀ | ၁၄၈၃ |
| ၁၂ | ပဲခူး(အနောက်) | ပြည်၊ သာယာဝတီ | ၂၀၁၈ | ၅ | ၁၉၄ | ၄၀၈ | ၁၈၈၆ |
| ၁၃ | ရခိုင် | မောင်တော | ၂၀၁၉ | ၁ | ၆ | ၁၄ | ၇၂ |
| ၁၄ | မန္တလေး | မိတ္ထီလာ၊ မြင်းခြံ၊ညောင်ဦး | ၂၀၁၉ | ၁၀ | ၇၆၀ | ၁၅၅၈ | ၅၈၂၇ |
| | | စုစုပေါင်း | | ၇၀ | ၅၂၄၈ | ၇၂၇၅ | ၄၉၉၆၁ |

စာမျက်နှာ ၁၉ သို့ ❖

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာ ကြီးမားခဲ့မှုများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့်အညီ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှုများကို လည်းကောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာစေရန်နှင့် လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို လည်းကောင်း ဖော်ညွှန်းရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဆောင်းပါးပြိုင်ပွဲ**

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ဆောင်းပါးပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ် မြကျွန်းညို"** ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ ယှဉ်ပြိုင်ရပါမည်။

**ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ**

ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲသို့ နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ကဗျာပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၁ မျက်နှာမှ ၂ မျက်နှာအထိ ကွန်ပျူတာစာစီ၍ လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍ လည်းကောင်း ပေးပို့ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူ နှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့် အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက် ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၁**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ ကာတွန်းပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ် မြကျွန်းညို"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ကြီး၏ သာယာလှပမှုများ၊ အေးချမ်းပျော်ရွှင်မှုများ၊ ကြည်နူးဝမ်းမြောက်ဖွယ်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများ၊ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ပုံများ စသည်တို့ကို ဖော်ညွှန်းရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

**တစ်ပုံသာ ယှဉ်ပြိုင်ရမည်**

ကာတွန်းပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် ကာတွန်းတစ်ပုံသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်ကာတွန်းများကို လက်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာဖြင့် ဖြစ်စေ ရေးဆွဲယှဉ်ပြိုင်နိုင်ပြီး A3 အရွယ် စာရွက်ဖြင့် ရေးဆွဲပေးပို့ယှဉ်ပြိုင်ရပါမည်။ ပြိုင်ပွဲဝင်သည့် ကာတွန်းကို ဆေးရောင်စုံခြယ်၍ ယှဉ်ပြိုင်နိုင်သော်လည်း ရောင်စုံခဲတံ၊ ရောင်စုံဖယောင်းနှင့် အဏုမြူဆေးရောင်စုံတို့ကို အသုံးမပြုရပါ။

**ပေးပို့ရန်**

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်ကာတွန်းကို ကိုယ်တိုင်ရေးကာတွန်းဖြစ်ကြောင်း ဝန်ခံချက် ရေးသား၍ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကာတွန်းများကို နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက် ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

**သတင်းစဉ်**

# နေရပ်ပြန်ပြည်သူများအတွက် စည်သွတ်ဘူးများ လာရောက်လှူဒါန်း



**ပဲခူး အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က Grandma Style Co., Ltd. က ကိုဗစ်-၁၉ ကာလအတွင်း နေရပ်ပြန်ပြည်သူများအတွက် စည်သွတ်ဘူးများ လာရောက်လှူဒါန်းသည်။

**ကျေးဇူးတင်စကားပြောကြား**

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၏ဇနီး မိကျင်သန်း မိသားစု (Grandma Style Co.,Ltd.) က ကိုဗစ်-၁၉ကာလအတွင်း နေရပ်ပြန်ပြည်သူများအတွက် ငွေကျပ် ၃၃ သိန်း တန်ဖိုးရှိ စည်သွတ်ဘူး ၂၅၀၀ ကို ထောက်ပံ့ပေးအပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

"ကိုဗစ် ၁၉ ကာလမှာ နေရပ်ပြန်ပြည်သူတွေနဲ့ ပဲခူးမြို့ ကန့်သတ်စောင့်ကြည့်ရေးစခန်းမှာရှိတဲ့ ပြည်သူတွေအတွက် စည်သွတ်ဘူးအမျိုးအစား ၃၅ မျိုးကို ဘူး ၂၅၀၀ လှူဒါန်းပေးတာပါ။ ဆက်လက်ပြီးတော့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ နေပြည်တော် ဆေးရုံကြီးတို့မှာလည်း လှူဒါန်းပေးသွားမယ်"ဟု အလှူရှင်က ပြောသည်။

**ဟိန်းထက်(ပဲခူး)**

# MPRL E&P ကုမ္ပဏီများအုပ်စု၏ ဝန်ထမ်းများစုပေါင်း၍ ငွေကျပ် သိန်း ၇၀ ကျော်တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဆေးရုံအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သလို အသုံးပြုနိုင်ရန်ရည်ရွယ်၍ MPRL E&P ကုမ္ပဏီများအုပ်စု၏ ဝန်ထမ်းများ စုပေါင်းကာ ငွေကျပ် သိန်း ၇၀ ကျော် တန်ဖိုးရှိ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို အောက်တိုဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ လှူဒါန်းခဲ့သည်။

**ပေးအပ်လှူဒါန်း**

အဆိုပါအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် ကျင်းပခဲ့ပြီး MPRL E&P ကုမ္ပဏီများအုပ်စု၏ ဝန်ထမ်းမိသားစုများက စုစုပေါင်းငွေကျပ် ၇၃၅၀၀၀၀ တန်ဖိုးရှိတစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၅၀၀ နှင့် N95 နှာခေါင်းစည်း အခုရေ ၅၀၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

MPRL E&P ကုမ္ပဏီများအုပ်စု၏ ကုမ္ပဏီတစ်ခုဖြစ်သည့် MPRL E&P သည် မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အတူ အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်လျက်ရှိပြီး ယခုနှစ် ဖွန်လဆန်းတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများကို မင်းဘူး အထွေထွေရောဂါကုဆေးရုံကြီးနှင့် မန်းရေနံမြေထိစပ်ကျေးရွာအချို့ရှိ ကျန်းမာရေးဆေးပေးခန်းများအတွက် လှူဒါန်းခဲ့သည်။

အလားတူ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဝေဘာဂီ အထူးကု ဆေးရုံကြီးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများအတွက် နေ့လယ်စာနှင့် ညစာထမင်းဘူးများကို ဧပြီလနှင့် မေလတို့တွင် ပေးပို့လှူဒါန်းခဲ့သည်။


**သတင်းစဉ်**

❖ စာမျက်နှာ ၁၈ မှ

ပညာရေးဝန်ကြီးဌာနသည် "မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်" ရည်ရွယ်၍ Myanmar Education Channel ရုပ်သံလိုင်းအား ပညာရေးနှင့်သက်ဆိုင်သော ကဏ္ဍအသီးသီး၏ ဆောင်ရွက်ချက်များကို ပြည်သူအများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်၍ ရုပ်သံအစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိပါသည်။



အခြေခံစာတတ်မြောက်ရေးအတွက် အခြေခံ အရေး၊ အဖတ် တတ်မြောက်အောင် သင်ကြားပေးစဉ်။



ပညာရေးရုပ်သံလိုင်း ထုတ်လွှင့်နိုင်ရေး တည်းဖြတ်ခြင်း။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အိတ်ချ်ပီဗီကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံခြင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

**ထားဝယ် အောက်တိုဘာ ၂၁**

ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်အစီအစဉ်တွင် HPV ကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံခြင်း တိုင်းဒေသကြီးအဆင့် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ HPV ကာကွယ်ဆေး ထည့်သွင်းခြင်းနှင့်ပတ်သက်၍ အဖွင့်မိန့်ခွန်းအား ပါဝါပွိုင့်ဖြင့်ပြသပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် HPV ကာကွယ်ဆေး စတင်ထည့်သွင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည့် ဗီဒီယိုအား ပြသသည်။

ထို့နောက် တက်ရောက်လာသူများအား HPV ကာကွယ်ဆေးနှင့်ပတ်သက်၍ ပညာပေးဗီဒီယိုအား ပြသပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် တာဝန်ရှိသူများက အသက်ကိုးနှစ်အထက် အမျိုးသမီးငယ် ၁၅ ဦးအား HPV ကာကွယ်ဆေးထိုးနှံခြင်းကို ကြည့်ရှုခဲ့ပြီး ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အိတ်ချ်ပီဗီကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံခြင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မကွေး အောက်တိုဘာ ၂၁**

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် HPV ကာကွယ်ဆေးကို စတင်ထည့်သွင်းထိုးနှံခြင်း ဗဟိုအဆင့် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖေ့စ်ဘွတ်စာမျက်နှာမှ တိုက်ရိုက်ထုတ်လွှင့်ခြင်းအစီအစဉ်ဖြင့်ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမမှ တစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် HPV ကာကွယ်ဆေးကို ထိုးနှံပေးခြင်းအားဖြင့် HPV ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ဖြစ်ပွားနိုင်သည့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွား သေဆုံးမှုများကို ထိရောက်စွာလျှော့ချနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားသည်။

ဆက်လက်ပြီး HPV ကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံခြင်း ပညာပေးဗီဒီယိုကို ပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးဝင်းအတွင်း မိန်းကလေးငယ်များအား HPV ကာကွယ်ဆေး ထည့်သွင်းထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ရန်ကုန်အနောက်ပိုင်းခရိုင်၌ ထပ်မံလျှောက်ထား ပြင်ဆင်မှုများကြောင့် မဲဆန္ဒရှင် ၃၀၀၀၀ ကျော်တိုးလာ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း ဒုတိယအကြိမ်အဖြစ် မဲဆန္ဒရှင်စာရင်းများ



ကြေညာခဲ့ရာ ပုံစံ(၃)ဖြင့် မဲစာရင်းသွင်းရန်ထပ်လျှောက်ခြင်းနှင့် ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်ခြင်းများကြောင့် မဲဆန္ဒရှင်ဦးရေ ၃၀၀၀၀ ကျော် တိုးလာကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်တို့မှ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင် ၇၂၀၃၃၁ ဦး၏ အမည်စာရင်းများကို ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ထုတ်ပြန်ကြေညာထားရာ ရက်ပေါင်း ၉၀ အကျုံးဝင်သော ပုံစံ ၃(က)ဖြင့် မဲပေးခွင့်လျှောက်ထားသူများ မပါဝင်သေးဘဲ ပုံစံ (၃) ဖြင့် မဲစာရင်းသွင်းရန် ထပ်လျှောက်ခြင်းနှင့် ပုံစံ(၄-ဂ) ဖြင့် ပြင်ဆင်သူများကြောင့် မဲဆန္ဒရှင်ဦးရေ ၃၄၄၆၈ ဦးတိုးလာကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

မဲရုံလုံခြုံရေးဆပ်ကော်မတီများအား တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အလိုက် ဖွဲ့စည်းထားရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများ၌ မဲရုံမှူးနှင့် ဒုမဲရုံမှူး အပါအဝင် မဲရုံဝန်ထမ်း ၉၈၀၀၀ တာဝန်ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# ပြည်ကြီးတံခွန်၌ မဲဆန္ဒရှင်စာရင်း ပြင်ဆင်၊ ကန့်ကွက်၊ တောင်းဆိုလွှာလျှောက်ထားသူ ၁၅၀၀၀ နီးပါးရှိ

**ပြည်ကြီးတံခွန် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက် မှ ၁၄ ရက်အထိ ကပ်ထားကြေညာခဲ့ရာ ပြင်ဆင်၊ ကန့်ကွက်၊ တောင်းဆိုလွှာလျှောက်ထားသူ ၁၅၀၀၀ နီးပါးရှိကြောင်း ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ဒုတိယအကြိမ်မဲစာရင်းကပ်ထားကြေညာမှု၌ ပုံစံ(၃)ဖြင့်တောင်းဆိုသူ ၁၃၇၅၄ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၁၉၆ ဦးနှင့် ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်သူ ၇၄၀ စုစုပေါင်း ၁၄၆၉၀ ရှိကြောင်း ပြည်ကြီးတံခွန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းက ပြောကြားသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် မဲရုံ ၇၁ ရုံရှိပြီး မဲဆန္ဒရှင် ၁၉၆၀၀၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ လက်ရှိပြုစုထားသောစာရင်းများအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဗဟန်းမြို့နယ်၌ မဲရုံမှူးများအတွက် သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၁**

ဗဟန်းမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများအား သင်တန်းပို့ချခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီ က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဖူဆန်ဘုံကျောင်း၌ ကျင်းပသည်။

ဗဟန်းမြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းပြီး နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မြန်ဆန်ချောမွေ့စွာ မဲပေးနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး မဲရုံအတွင်း၊ အပြင်တို့တွင် တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများအား သင်တန်းပေးခြင်းဖြစ်ကြောင်း၊ မဲရုံများတွင် လက်သန့်ဆေးဘူးများ၊ မျက်နှာအကာအကွယ်များ ထားရှိသွားမည်ကြောင်း သိရသည်။



ဗဟန်းမြို့နယ်တွင် ရပ်ကွက် ၂၂ ရပ်ကွက်ရှိ၍ မဲရုံ ၆၅ ရုံရှိပြီး ဒုတိယအကြိမ် မဲစာရင်းကြေညာချိန်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၈၀၀၀ ကျော်ရှိကာ ပါတီခြောက်ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**မြင့်မောင်**

# မိုင်းရှူးမြို့နယ်၌ မဲစာရင်း လာရောက်ကြည့်ရှုသူ ၃၀၅၈ ဦးရှိ

**မိုင်းရှူး အောက်တိုဘာ ၂၁**

၂၀၂၀ ပြည့်နှစ် ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ မိုင်းရှူးမြို့နယ်အတွင်းရှိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဒုတိယအကြိမ် ကပ်ထားကြေညာထားရာ လာရောက်ကြည့်ရှုသူ ၃၀၅၈ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မိုင်းရှူးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၇ အုပ်စု၌ မဲရုံပေါင်း ၄၅ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူ ၅၂၀၇၁ ဦးရှိပြီး မဲစာရင်းလာရောက်ကြည့်ရှုသူ ၃၀၅၈ ဦး၊ ပုံစံ(၃)ဖြင့်တောင်းဆိုသူ ၄၅၈ ဦး၊ ပုံစံ(၃-က)ဖြင့် တောင်းဆိုသူ ၈၆ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၆၈ ဦး၊ ပုံစံ(၄-ဂ) ဖြင့် ပြင်ဆင်သူ ၆၈ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်တော်နဲ့ ကိုရန်ပိုင်စိုး အမှတ်တရများ

နိုင်ဇော်(Lazy Club)

ကိုဗစ်ကာလမှာ အိမ်တွင်းအောင်းနေရလို့ စာရေးရမယ့် အလုပ်တွေ မရှိတော့သလို၊ ရေးစရာဂျာနယ်တွေလည်း မရှိချိန် မထင်မှတ်ဘဲစာရေးဖို့အကြောင်း ဖန်လာလို့ စာရေးစားပွဲထိုင်ရပါတော့တယ်။ မနက် ၁၁ နာရီ ၁၁ မိနစ်က ကွယ်လွန်သွားတဲ့ ကျွန်တော့်ရဲ့ ချစ်လှစွာသော အစ်ကိုကြီး (ရေဒီယိုအဆိုတော်) တာတူးလေး(ခ) ရန်ပိုင်စိုးအကြောင်း အမှတ်တရလေးရေးပေးစေချင်ပါတယ်လို့ ဖုန်းဆက်ပြောလာလို့။ တကယ်လည်း စိတ်မကောင်းစွာနဲ့ ညနေချက်ချင်းရေးပေးပါ့မယ် ကတိပေးလိုက်မိပါတယ်။ ဒါကလည်း နံနက်ခင်း ဂျာနယ်မှာ ရေးတုန်းက အနုပညာရှင်တစ်ယောက် ကြွေလွင့်ရင် ဂျာနယ်ထွက်ရက်နဲ့ အချိန်မီရေးခဲ့တဲ့ အတွေ့အကြုံကြောင့်ပါ။ အခုလည်း ကိုရန်ပိုင်စိုး(သူနဲ့ သက်တူရွယ်တူတွေကတော့ တာတူးလို့ ခေါ်ကြပါတယ်) နဲ့ ကျွန်တော် ရှားရှားပါးပါး ခင်မင်မှုအကြောင်းလေး စာရေးဖို့ ပြန်စဉ်းစားရပါတော့တယ်။

တကယ်တော့ ကိုရန်ပိုင်စိုးဟာ ကျွန်တော်တို့ ငယ်ငယ် ကျောင်းသားဘဝ အိမ်မှာရေဒီယိုမပြတ်တမ်း တစ်နေကုန်ဖွင့်လို့ နားထောင်နေရတဲ့အချိန်တည်းက "တာတူးလေး" ဆိုတဲ့ နာမည်ဆန်းဆန်းကို ကြားဖူးနေခဲ့သူပါ။ ရင်းနှီးနေခဲ့သူပါ။ သူဟာငယ်ငယ်ရွယ်ရွယ်နဲ့ ရေဒီယိုအဆိုကျော်ဖြစ်တယ်လို့ ခန့်မှန်းရလောက်အောင် ကျွန်တော်တို့ ဂီတလောကထဲဝင်ရောက်ပြီး စတိတ်ရှိုးတွေ၊ မင်္ဂလာပွဲတွေမှာ ပြန်တွေ့တော့လည်း ရုပ်ရည် ကြည်ကြည်လင်လင်၊ ဝဝဖြိုးဖြိုး၊ မျက်ခုံးမွေး ကောင်းကောင်း၊ အပြုံးအရယ်နဲ့ အမြဲတွေ့ရတဲ့သူ၊ ခင်မင်စရာကောင်းလွန်းသူမို့ ရေဒီယို၊ စတီရီယို၊ ဂီတကွဲပြားပြီး ဆံပင်ရှည်နဲ့ လမ်းသရဲလို့ အဆင့်ခွဲခြား ဆက်ဆံကြရတဲ့ ရှေးရိုးဂီတသမားကြီးတွေရဲ့ အရိပ်အယောင်လုံးဝမတွေ့ရဘဲ ဖော်ရွေပျူငှာတဲ့ ညီအစ်ကို စိတ်နဲ့ ပြန်တွေ့ကြရလို့ သူ့အောင်မြင်မှုသက်တမ်းမှာ ခပ်ငယ်ငယ်လို့ပဲ ထင်မိပါတယ်။ သူနဲ့အဲဒီအချိန်တွေ့တော့ ရန်ပိုင်စိုး ဖြစ်နေပါပြီ။ နောက်ပိုင်း မင်္ဂလာဆောင်တီးဝိုင်း တစ်ခေတ်မှာ မင်္ဂလာပွဲတွေသီဆိုကြတဲ့ ရေဒီယို အဆိုတော်တွေ အခမ်းအနားမှူးလုပ်ကြတဲ့ခေတ် ရောက်လာပါတော့တယ်။ (ကို)သန်းမြတ်စိုး(တက္ကသိုလ်ကိုကိုဇော်)၊ ကိုရန်ပိုင်စိုးတို့ မတိမ်းမယိမ်း မြန်မာဝတ်စုံတွေဝတ်၊ ခေါင်းပေါင်းတွေနဲ့ ကျက်သရေရှိစွာ မင်္ဂလာ အခမ်းအနားမှူးလောကထဲဝင်လာတော့မှ ကျွန်တော်နဲ့ လှလှပပ တကယ်တွေ့ကြပါတော့တယ်။ ဘာကြောင့် လှလှပပတွေ့ကြသလဲဆိုတော့ မင်္ဂလာဆောင် တီးဝိုင်း နဲ့ အခမ်းအနားမှူးဆိုတာ ခေါင်းနဲ့ပန်းလိုပတ်သက်နေပါတယ်။

မင်္ဂလာပွဲတစ်ခုမစခင် တီးဝိုင်းဆရာနဲ့ အခမ်းအနားမှူးက ကြိုတင်ညှိကြရပါတယ်။ ဘယ်အချိန်စချင်လဲ၊ ဘယ်သူအခါတော်ပေးဆိုမှာလဲ၊ ဘယ်လောက်အချိန် ကြာချင်လဲ၊ မင်္ဂလာပွဲစောထွက်ချင်လား၊ နောက်ကျစေချင်လား စသည်ဖြင့် မေးရသလို သူ့ဘက်ကလည်း ကျွန်တော်တို့ တီးဝိုင်းနာမည်နဲ့ ကျေးဇူးတင်စကား ပြောပေးဖို့ အတိအကျသူသိချင်တဲ့နာမည်တွေ၊ မင်္ဂလာ အဆိုတော်နာမည်ကအစ ကြိုမေးရတော့ တစ်နေ့လေးပွဲ ယုဇနဂါးဒင်းမှာ စနေ၊ တနင်္ဂနွေမှာ မင်္ဂလာအခမ်းအနားမှူးကျရာ ဦးသိန်းလှမော်၊ ဦးကျော်စိုးဦး၊ ဦးဝင်းတင်၊ ဦးရန်ပိုင်စိုး စသည်ဖြင့် မတွေ့မဖြစ် ရှစ်နှစ်လောက်အတူ အလုပ်လုပ်ကြတော့ သူတို့နဲ့ကျွန်တော်တို့တွေ စကားပြောတယ်ဆို တကယ့်ကိုထိထိမိမိ စကြနောက်ကြဖို့ အချိန်သတ်မှတ်ထားသလို အကန့်အသတ် အချိန်လေး တန်ဖိုးရှိရှိခင်မင်ခဲ့ကြသူတွေပါ။



တေးသံရှင် ရန်ပိုင်စိုး
ဓာတ်ပုံ – ကိုလင်းနိုင်ဦး (အလင်းတန်း) [ဓာတ်ပုံကို လူရွှင်တော် ကိုအရိုင်းက ကျေးဇူးပြုပါသည်။]

ကိုရန်ပိုင်စိုးက ကျန်တဲ့သူတွေထက် နည်းနည်းပိုတွေ့ဖြစ်တာက MRTV မြန်မာ့ရုပ်မြင်သံကြား ဆိုကြမယ်ပျော်ကြမယ်အစီအစဉ်မှာ အခမ်းအနားတင်ဆက်သူလည်းလုပ်တော့ အန်တီလွဲ့(တက္ကသိုလ်လွဲ့လွဲ့) က ကျွန်တော့်ကို ဧည့်သည်အဖြစ် ဒိုင်လုပ်ပေးဖို့အကူအညီတောင်းရင် သွားထိုင်ပေးရ၊ သွားတီးပေးရနဲ့ သူနဲ့ကိုညောင်ညောင်ရဲ့ ရယ်စရာတွေ ကြားမှာလည်း တကယ့်ကိုပျော်စရာကာလတွေ ကြုံခဲ့ဖူးပါတယ်။ နောက်ထပ်ခင်မင်ဖူးတာကတော့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှာ ၂၀၀၆ ခုနှစ် ကျွန်တော်အရွေးခံရတော့ ကိုရန်ပိုင်စိုးကလည်းအရွေးခံရလို့ တွဲဖက်အတွင်းရေးမှူး(၂) တာဝန်ယူထားလို့ ဂီတအစည်းအရုံးမှာ အစည်းအဝေးတွေ တက်ကြ၊ အဆိုတွေတင်သွင်းကြ၊ ငြင်းကြ၊ ခုံကြချိန် ကျွန်တော်က တကယ့်ကို သွေးဆူအမျိုးအစား၊ ကိုရန်ပိုင်စိုးကတော့ တကယ့်ငြိမ်းချမ်းရေးပါ။ ဒီလိုစရိုက်မတူကြပေမယ့် ကျွန်တော်က ဘယ်လိုကဘယ်လို ဟာသဝါသနာ ပါမှန်း မသိပါပြီး တွဲလိုက်ရတဲ့လူတိုင်းက ရယ်စရာပြောတတ်မှ ပေါင်းသလို၊ လူပျက်ပေါင်းစုံ၊ ဟာသသမားပေါင်းစုံနဲ့တွဲခဲ့ရင်း ကိုယ့်ဘာသာကိုယ် ဟာသစာရေးဆရာတန်းထဲ မထင်မှတ်ဘဲ ရောက်ရပါတော့တယ်။ MRTV 4၊ Reader Channel မှာ ကိုအကြည်တော်ကတောင် ဟာသစာပေခေါ်ပြီး ဆွေးနွေးခိုင်းလို့ ဝင်ပြောတာ လူတွေလမ်းတွေ့တိုင်း သဘောကျကြောင်း အပြောခံရတာအမှတ်တရပါ။ ဒါကြောင့် နံနက်ခင်း ဂျာနယ်မှာ ကိုရန်ပိုင်စိုးတို့ရဲ့ မင်္ဂလာအခမ်းအနားမှူးတွေရဲ့ အလွဲတွေ ဟာသဆောင်းပါးတစ်ခုရေးဖို့ တစ်နေ့ (၂၀၀၈ ခုနှစ်လောက်) ဂီတအစည်းအရုံးက သူတို့ရုံးခန်းထဲသွား သူ့ကိုခွင့်တောင်းပြီး သူကြုံတွေ့ခဲ့ရတဲ့ ဟာသလေးတွေကိုမေးပြီး ပရိသတ်ကိုတင်ပြချင်ပါတယ်ဆိုတော့ သူကလိုလိုချင်ချင် သူ့အတွေ့အကြုံလေးတွေကို ပြန်ပြောပြတာ အခုတော့သူမရှိတော့ချိန် ၂၄ နာရီမပြည့်သေးပေမယ့် ကျွန်တော် သူ့အမှတ်တရ ပြန်တင်ဆက်ပေးလိုက်မိပါတော့တယ်။

သူပြောပြတဲ့အထဲက နှစ်ချက်ကို ကျွန်တော်ပြန်ရေးပြချင်ပါတယ်။

ပထမအဖြစ်အပျက်တစ်ခုက ကိုရန်ပိုင်စိုး အခမ်းအနားမှူးလုပ်တဲ့ မင်္ဂလာပွဲတစ်ခုမှာ ဌာနဆိုင်ရာ (အရာရှိတစ်ဦး)က လာပြီးလက်ထပ်လက်စွပ်ဝတ်ပေးဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ကိုရန်ပိုင်စိုးလည်း လက်စွပ်ဝတ်ပေးဖို့ အရာရှိအန်ကယ်ကြီးကို ခေါ်လိုက်ပါတယ်။

စင်ပေါ်ရောက်လာတော့ အရာရှိအန်ကယ်ကြီးက သူ့ကိုနှုတ်ဆက်ပြီး သတို့သားနဲ့ သတို့သမီးကို မင်္ဂလာလက်စွပ်ဝတ်ပေးဖို့ လက်စွပ်ဘူးကိုယူပြီး ဖွင့်လိုက်ပါတယ်။ အဲဒီမှာ အန်ကယ်ကြီး မျက်လုံးပြူးသွားပါတယ်။ ဘာလို့လဲဆိုတော့ လက်စွပ်ထည့်တဲ့ဘူးထဲမှာ လက်စွပ်ပါမလာလို့ပါပဲ။ မင်္ဂလာပွဲရှင်တွေက မေ့ပြီးကျန်ခဲ့တာပါ။ ဒါပေမယ့် လက်စွပ်ဝတ်ပေးရမယ့် အန်ကယ်ကြီးက ဘာလုပ်ရမှန်းမသိတော့ဘူးဖြစ်နေပါတယ်။

ကင်မရာမင်းတွေ၊ ဗီဒီယိုရိုက်သူတွေကလည်း ရိုက်နေကြပါတယ်။ ဒါကြောင့် ကိုရန်ပိုင်စိုးက "အန်ကယ်ဘာမှမရှိတဲ့ဘူးထဲက လက်စွပ်ရှိသလို ဟန်ဆောင်ပြီးထုတ်လိုက်၊ ပြီးတော့ လက်ထဲကလက်စွပ် (ရှိသလို)နဲ့ သတို့သမီး၊ သတို့သားလက်ထဲကို ဝတ်ပေးချင်ယောင်ဆောင်လိုက်ပါ" လို့ ရုတ်တရက် (ရုပ်ရှင်သရုပ်ဆောင်ပီပီ) အိုက်တင်လုပ်ဖို့ သင်ပေးလိုက်မှ လက်စွပ်ဝတ်ပေးရမယ့် အန်ကယ်ကြီးလည်း သဘောပေါက်သွားပြီး ဘာမှမရှိတဲ့လက်စွပ်ကို ရှိသလို ဟန်ဆောင်ပြီး ဝတ်ပေးလိုက်မှ အဆင်ပြေသွားပါတယ်။ ကင်မရာမင်းတွေကလည်း ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်ကြတာပေါ့။

သူပြောပြတဲ့ ဒုတိယအဖြစ်အပျက်တစ်ခုကတော့ ဆင်ခြေဖုံးမြို့နယ်တွေမှာ အခမ်းအနားမှူးသွားလုပ်ရတဲ့ ပွဲတွေဆိုရင် တီးဝိုင်းမရှိတဲ့၊ မပါတဲ့အတွက် မင်္ဂလာစကား ပြောပြီးလို့ သတို့သား၊ သတို့သမီးကို စင်မြင့်ပေါ် ဖိတ်ခေါ်မယ်ဆိုရင် ခြောက်ကပ်ကပ်ကြီး တီးလုံးမပါဘဲ ပွဲထွက်ကြတာမျိုးဖြစ်လေ့ရှိတော့ အဲဒီအခက်အခဲကို ဖြေရှင်းတဲ့အနေနဲ့ မင်္ဂလာသီချင်း (အခါတော်ပေး)ကို အဆိုတော် တင်တင်မြ၊ ဟေမာနေဝင်း၊ စိုးစန္ဒာထွန်းစသဖြင့် အဆိုတော်တွေရဲ့ ဆိုထားတဲ့ ကက်ဆက်ခွေလေးကို ယူသွားပေးလေ့ရှိပါတယ်။ မင်္ဂလာရှင်တွေကို ပွဲထွက်ဖို့ တီးဝိုင်း၊ အဆိုတော်ပါလားမေးပြီး မပါခဲ့ရင် သူယူခဲ့တဲ့ ကက်ဆက်ခွေထဲက ကြိုက်တဲ့အဆိုတော်ရဲ့အသံနဲ့ ပွဲထွက်ဖို့ ဖွင့်ခိုင်းလိုက်ရုံပါပဲ။

အဲဒီလို အဆင်ပြေအောင်လုပ်ပေးဖို့ သူတတ်နိုင်သလောက်ကြိုးစားထားလို့ ဆင်ခြေဖုံးမြို့နယ်တစ်ခုက မင်္ဂလာဆောင်တစ်ခုရောက်သွားတဲ့အခါ အခါတော်သီချင်း ဆိုပေးမယ့် အဆိုတော်နဲ့၊ တီးဝိုင်းမငှားထားတဲ့အကြောင်း၊ မင်္ဂလာပွဲရှင်တွေက ပြောပြလို့ သူ့ကက်ဆက်ခွေလေးကို ဖွင့်ပေးဖို့ အသံချဲ့စက်ဆရာကို သွားပေးပါတယ်။ စက်ဆရာကို သူက "ညီလေး ဒီသီချင်းခွေလေးကို ပွဲစမယ်ဆိုရင် ဖွင့်ပေးပါကွာ" လို့ ရိုရိုသေသေပေးပါတယ်။ စက်ဆရာက သူ့မျက်နှာကို ပြန်ကြည့်ပြီး လက်ကစားပွဲခုံကိုတောက်နေပါတယ်။ ပါးစပ်ကလည်း လေချွန်နေပါတယ်။ ခြေတစ်ဖက်ကလည်း ဒူးပေါ်ကန့်လန့်တင်ထားပြီး မထီလေးစားနဲ့ သူ့ကို ပြန်ကြည့်နေပါတယ်။ ပြီးတော့မှ "ကက်ဆက်ခွေ ခေတ်ကုန်သွားပြီ၊ ကျွန်တော့်စက်မှာ ကက်ဆက်မပါဘူး။ ဒီဗွီဒီစက်ပဲပါတယ်။ သီချင်းလည်း ဗွီစီဒီခွေပဲသုံးတယ်" ဆိုပြီး မထီလေးစားပြန်ဖြေပါတယ်။ ကိုရန်ပိုင်စိုးလည်း စက်ဆရာရဲ့ အမူအရာကို မကြိုက်ပေမယ့် သူ့ဘက်က ခေတ်မမီတော့တာကို ဝန်ခံပြီး "ကိုယ်ကကက်ဆက်ခွေပဲ ပါလာလို့ ဆောရီးပါပဲ ညီလေးရာ၊ အဲဒီတော့ ပွဲစမယ်ဆိုရင် ကိုယ်အချက်ပြလိုက်မယ်။ ညီလေးက မင်္ဂလာသီချင်းဖွင့်ပေးပါ" လို့ပဲ ပြောခဲ့ပါတယ်။ အဲဒီဗွီစီဒီကလည်း ရုပ်ရှင်မင်းသမီး တစ်ယောက်ရဲ့ မင်္ဂလာအခမ်းအနားခွေ (မူရင်း)ပါ။ ဒါကြောင့် သူဖွင့်ချင်တဲ့ သီချင်းနံပါတ်ကိုပဲ ပြောခဲ့ပါတယ်။

တကယ်ပွဲထွက်ရမယ့်အချိန်မှာ သတို့သား၊ သတို့သမီးက မြက်ခင်းပြင်လေးမှာ နေရာယူပြီးပါပြီ။ ဒါနဲ့ သူက စက်ဆရာကိုဖွင့်တော့လို့ အချက်ပြလိုက်ပါတယ်။ အဲဒီမှာ စက်ဆရာက သူ့ထုံးစံအတိုင်း လေချွန်ပြီး နံပါတ်နှိပ်လိုက်ပါတယ်။ သတို့သားနဲ့ သတို့သမီးလည်း တောင်ကုန်းလေးအတိုင်း ပရိသတ်တွေဘက်ကိုလာနေတော့ ခေါင်းပေါင်းလေးက တဖြည်းဖြည်းနဲ့ မြင့်တက်လာပါတယ်။ တီးလုံးက မထွက်သေးပါဘူး။ ဒါကြောင့် စက်ဆရာကို ဘယ်လိုလဲ မေးငေါ့ပြပါတယ်။ စက်ဆရာကလည်း ဒီဗွီဒီစက်ကို လက်ညှိုးထိုးပြပြီး လေချွန်နေပါတယ်။ ဒူးကလည်း နှန့်နေပါတယ်။ သတို့သား၊ သတို့သမီးလည်း ပရိသတ်က တွေ့ရတဲ့အချိန်မှာ အသံကြားရပါတော့တယ်။ "အရှင်ရက္ခစိုးနတ်မင်းကြီး၊ ကျွန်တော့်ရဲ့ သားလေး အရှင်ရက္ခစိုးနတ်မင်းရဲ့ ညောင်ပင်အောက်မှာ အပေါ့သွားခဲ့တဲ့အတွက်......." စသဖြင့် ယင်လုံးအိမ်သာ ဆောက်လုပ်ရမယ့်ပညာပေးပြကွက်ပါတဲ့ အသံထွက်လာပါတယ်။ အဲဒီမှာ အသံချဲ့စက်ဆရာလည်း ဒုက္ခရောက်တော့တာပါပဲ။ သူက သီချင်းနံပါတ် (၆) ဆိုရင် ဗွီစီဒီမှာက အဲဒီနံပါတ်အတိုင်း သီချင်းမထွက်ပါဘူး။ အကျိုးပြု အစီအစဉ်တွေပါရင် နံပါတ်တွေလွဲကုန်တတ်ပါတယ်။ သူ့ဒီဗွီဒီစက်ကိုကျော်လိုက်တော့လည်း "ဆရာမ သမီးဗိုက်တွေ အောင့်အောင့်နေတယ်" ဆိုတဲ့ ယင်လုံးအိမ်သာအကြောင်းပဲ အသံထွက်နေပါတော့တယ်။ အဲဒီမှာပဲ သတို့သား၊ သတို့သမီးလည်း စိတ်ဆိုးပြီး စင်မြင့်ပေါ် ရောက်ခဲ့ရပါတော့တယ်။ ဒါလေးကတော့ ကိုရန်ပိုင်စိုး ပြောပြတဲ့ မင်္ဂလာအခမ်းအနားမှူး အလွဲလေးတွေ ဖြစ်ပါတယ်။

အစ်ကိုရေ တကယ်တော့အဲဒီဟာသဆောင်းပါးလေး ကျွန်တော်ရေးတာ အစ်ကို့ပရိသတ်တွေ ကြိုက်လွန်းလို့ မင်္ဂလာပွဲတွေငှားတိုင်း အမြဲပြောကြတယ်လို့ ကျွန်တော်နဲ့ ဘယ်နေရာပြန်ဆုံပြန်ဆုံ အစ်ကို ဦးဆုံးစပြောခဲ့တာ။ အခုတော့ ကိုဗစ်ကပ်ဆိုးကြီးကြောင့် ကျွန်တော်တို့ အနုပညာလောကထဲက ကြွေလွင့်ရတဲ့ ပထမဆုံး အနုပညာရှင်ကြီးတစ်ယောက် ဖြစ်ခဲ့ပါပြီ။ အစ်ကို့ရဲ့ နောက်ဆုံးထွက်ခဲ့တဲ့ Live Show "ဘဝတိုက်ပွဲဆိုတာ" အစ်ကိုအခုလိုအခြေအနေဖြစ်မှာ ကြိုသိလို့များ ပေးခဲ့တဲ့ နာမည်လားလို့... ဂီတတိုက်ပွဲတွေ၊ အနုပညာတိုက်ပွဲတွေ အဆက်ဆက်အောင်မြင်ခဲ့ပြီး ကိုဗစ်ဆိုတဲ့ ရောဂါဆိုးကြီးမှာ ကျဆုံးခဲ့ရတဲ့ အစ်ကို့အတွက် အမြဲအမှတ်ရသတိတရ ဖြစ်နေတော့မှာပါ။ အစ်ကိုရောက်ရာဘဝမှာ ပျော်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ပျော်နေမယ့်ဘဝရောက်မယ်လို့လည်း ယုံကြည်ပါတယ်။ ။

# တေးသံရှင်ရန်ပိုင်စိုး ကွယ်လွန်

တေးသံရှင် ရန်ပိုင်စိုးကို ၁၉၅၁ ခုနှစ်တွင် ဝါးခယ်မြို့၌ မွေးဖွားခဲ့ပါသည်။ ငယ်နာမည်မှာ ကိုမြင့်ဆွေဖြစ်ပြီး ၁၉၆၇ ခုနှစ်တွင် တာတူးလေးအမည်ဖြင့် ဂီတလောကသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ ဆရာဖြစ်သူ တေးရေး ဦးဆွေနွယ် (မောင်ဆွေနွယ်)၊ အဆိုတော်ကြီး ကိုတင်လှိုင်နှင့် စန္ဒရားချစ်ဆွေ တို့ထံတွင် တပည့်ခံရင်း "မုန့်လေးတွေဝေစားတုန်းက" သီချင်းဖြင့် ဓာတ်ပြား စတင်ရရှိပြီး ဂီတလောကနှင့် ရုံးဌာနတွင် တေးသံရှင် ဦးညိုမြလေးနှင့်အတူ အနုပညာလှုပ်ရှားမှုများ ရှိခဲ့ပါသည်။

၁၉၇၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပါတီဌာနချုပ် လမ်းစဉ်လူငယ်ဌာနများတွင် ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ ၈၈ အရေးအခင်းကာလအပြီး ဝဇီရာပြဇာတ်ရုံတွင် အဘစည်သူဗိုလ်ကလေးတင့်အောင်နှင့် အကယ်ဒမီ ဂီတလုလင် မောင်ကိုကိုတို့ တင်ဆက်သော ပြဇာတ်များတွင် နောက်ခံသီချင်းဆိုရင်း နာမည်ကြီးအဆိုတော်ဖြစ်လာပြီး ရုပ်ရှင်နယ်ပယ်သို့ ရောက်ရှိခဲ့ပါသည်။

ဒါရိုက်တာစိန်သံမဏိရိုက်ကူးသော ရုပ်ရှင်ဗီဒီယိုဇာတ်ကားများတွင် နာမည်ကြီး သရုပ်ဆောင်များနှင့်အတူ ဇာတ်ကားပေါင်းများစွာရိုက်ကူးခဲ့ရာမှ နာမည်ကြီးသရုပ်ဆောင် ဖြစ်လာခဲ့ပါသည်။ မကွယ်လွန်ခင်အချိန်အထိ တေးသီချင်းသီဆိုခြင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်း၊ ဘိသိက်သွန်းဆရာအဖြစ် ဆောင်ရွက်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

တေးသံရှင် ရန်ပိုင်စိုးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ဆိုကြမယ်ပျော်ကြမယ်အစီအစဉ်တွင် အစီအစဉ်တင်ဆက်သူအဖြစ် (၁၀)နှစ်ကျော် နှစ်(၂၀)နီးပါး ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ အဖွဲ့ဝင်အဖြစ်လည်း ဆောင်ရွက်ခဲ့ပါသည်။

ဦးရန်ပိုင်စိုး(ရုပ်ရှင်သရုပ်ဆောင်၊ ဂီတပညာရှင်၊ မင်္ဂလာအခမ်းအနားမှူး) အသက်(၇၀)နှစ်သည် ၂၂-၁၀-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီ ၁၁ မိနစ်အချိန် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသည်။

# ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးစာစောင်များအကြောင်း သိကောင်းစရာ(၂)

ဦးခင်ဇော်
တရားလွှတ်တော်ရှေ့နေ(ပဲခူး)

> **ကောင်းမွန်တဲ့လူငယ်၊ လူတော်လူကောင်းတွေဖြစ်ကြဖို့ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်တာ၊ စည်းကမ်းရှိတာနဲ့ တာဝန်ယူမှုရှိတာ၊ ရိုးသားဖြောင့်မတ်မှုရှိတာ၊ အများအကျိုးအတွက် သင့်သင့်မြတ်မြတ် အတူတကွ လက်တွဲဆောင်ရွက်တာ၊ ဟီရိသြတ္တပ္ပဆိုတဲ့ မကောင်းမှုပြုလုပ်ရမှာကို ရှက်ရွံ့ကြောက်လန့်တာ စတာတွေကို အဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့ ဖွဲ့ဆိုရေးသားထားတာပါ။ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်တဲ့စိတ်၊ ဟီရိသြတ္တပ္ပဆိုတဲ့ မကောင်းမှုကိုပြုလုပ်ရမှာ ရှက်ရွံ့ကြောက်လန့်တဲ့စိတ်တွေ အခုလို ဆဋ္ဌမတန်းကစပြီး လူငယ်တွေရဲ့ စိတ်ထဲမှာ စွဲမြဲလာကြရင် နောင်တစ်ခေတ် နိုင်ငံ့သားကောင်း၊ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာကြမှာဖြစ်။**

ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၁၆ (ည) တွင် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း"ဟု ပြဋ္ဌာန်းပါရှိတဲ့အတိုင်း အခြေခံမူလတန်းအဆင့်မှ စတင်သင်ကြားရေးအတွက် ပညာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး ၂၀၁၈ ခုနှစ်တွင် မူလတန်းအဆင့်(ဆရာကိုင်) စာအုပ် ၄၀၀၀၀၊ ၂၀၁၉ ခုနှစ်တွင် အခြေခံပညာအလယ်တန်းအဆင့် (ဆရာကိုင်) စာအုပ် ၄၀၀၀၀ ထုတ်ဝေပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

**ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်းအဆင့်)**

ယခုရေးသားတင်ပြလိုတဲ့ စာအုပ်ကတော့ အခြေခံပညာအလယ်တန်းအဆင့် ပညာပေးစာစောင်အကြောင်း သိကောင်းစရာဖြစ်ပါတယ်။ အခြေခံပညာအလယ်တန်းအဆင့်တွင် ထုတ်ဝေခဲ့တဲ့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်) စာအုပ်မှာ ဆဋ္ဌမတန်း (G-6) အတွက် အခြေခံ(အတွေးအခေါ်)၊ ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှု၊ ကျောင်းတွင်း တာဝန်ထမ်းဆောင်ခြင်းများ၌ ခွဲခြားဖော်ပြထားပါတယ်။

သတ္တမတန်း (G-7) အတွက် လူမှုတန်ဖိုးများကို တည်ဆောက်ခြင်းနှင့် အသုံးချခြင်း၊ မိမိကိုယ်တိုင်နှင့် အခြားသူ၊ လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း၊ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံသားကောင်းတို့၏ တာဝန်ဝတ္တရားများဟူ၍ အခန်း သုံးခန်း ခွဲခြားပြုစု ပြဋ္ဌာန်းထားပါတယ်။

အဋ္ဌမတန်း (G-8) အတွက် စည်းမျဉ်းစည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေလိုက်လောက်ခြင်းဟူ၍ အခန်း နှစ်ခန်း ခွဲခြားပါရှိပါတယ်။

နဝမတန်း (G-9) တွင် အသိဉာဏ်နိုးကြားခြင်း၊ အဂတိလိုက်စားခြင်း၊ ကိုယ်ကျိုးအတွက် အသုံးချခြင်း ဆိုပြီး အခန်း သုံးခန်းခွဲ၍ ပြုစုရေးသားထားကြောင်း တွေ့ရှိရပါတယ်။

**ကိုယ်ကျိုးနှင့် အများအကျိုး ခွဲခြားတွေးတောခြင်း**

ကိုယ်ကျိုးနှင့် အများအကျိုး ခွဲခြားတွေးတောခြင်း (အခြေခံအတွေးအခေါ် ၁၊ ၂) မှာ ကျောင်းစာကြည့်တိုက်တွင် အချက်အလက်တွေ ရှာဖွေရာမှာ စာအုပ်ငှားဖို့ ပျင်းလို့ လိုချင်တဲ့စာရွက်ကို ဆုတ်ဖြဲယူလာတဲ့ အပြုအမူ၊ ဈေးသည်တွေ ပလက်ဖောင်းပေါ်မှာ ဈေးရောင်းတဲ့ကိစ္စ၊ စာစီစာကုံးကို ကိုယ်တိုင်မရေးဘဲ အခြားသူရေးသားပေးတာကို မိမိရေးသားတဲ့ စာစီစာကုံးအဖြစ် အသုံးချနေတဲ့ကိစ္စ၊ ကျွန်ုပ်တို့အတွက် အကျိုးရှိမယ်ဆိုရင် အဂတိလိုက်စားလည်း ကိစ္စမရှိပါဘူး ဆိုတဲ့စကား၊ ဘေးမဲ့တောတွေမှာ resort တွေ တည်ဆောက်တာ၊ အများပြည်သူပိုင်မြေနေရာမှာ စိုက်ပျိုးရေးလုပ်တာ၊ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ နိုင်ငံပိုင်ကား၊ နိုင်ငံပိုင်ဖုန်း အသုံးပြုတာ၊ နိုင်ငံပိုင် ပရိဘောဂတွေ မိမိအိမ်သို့ ယူဆောင်တာတွေ ပြုလုပ်တာဟာ ကိုယ်ကျိုး၊ အများအကျိုး၊ ပြုမူသင့်၊ မပြုမူသင့်ကို ကျောင်းသားတစ်ဦးချင်း ဖြည့်သွင်း၊ ဆရာက စိစစ်၊ အဖြေမှန်ရှင်းပြ၊ အသိပညာပေးစာစောင် ဖြန့်ဝေဖတ်ရှုစေပြီး ထပ်ဆင့်ရှင်းပြ၊ မိမိအကျိုးထက် အများအကျိုးကို ပိုမိုစဉ်းစား၊ အလေးထားတတ်ဖို့၊ အများအကျိုး ထိခိုက်အောင် မပြုမူဖို့ ရှင်းပြဖို့အတွက် ရုပ်ပုံကားချပ် မှတ်တမ်းလွှာတွေနဲ့ အဖွဲ့လေးတွေဖွဲ့ပြီး တင်ပြဆွေးနွေးစေဖို့ ပြည့်ပြည့်စုံစုံ ရည်ညွှန်းရေးသားထားတာ တွေ့ရပါတယ်။

**မရိုးမဖြောင့်သော လုပ်ဆောင်မှု**

ကျောင်းစာသင်ယူမှုတွင် မရိုးမဖြောင့်သော လုပ်ဆောင်မှုသာဓကအချို့ကို ရုပ်ပုံတွေနဲ့ ဖော်ပြထားပါတယ်။ သာဓက (၁)အနေနဲ့ အိမ်စာတွေ မလုပ်တတ်တဲ့ကျောင်းသူလေးကို ဘေးကသူငယ်ချင်းက ရှေ့ ဒီမှာ ငါလုပ်ထားတဲ့အိမ်စာတွေ ကူးချလိုက်ဆိုပြီး ပေးတဲ့ပုံပါ၊ အောက်မှာတော့ အိမ်စာကူးချတာဟာ မမှန်ကန်သော၊ မရိုးမဖြောင့်သော အပြုအမူဖြစ်ကြောင်း၊ စာရိတ္တပျက်ပြားပြီး အဂတိလိုက်စားတဲ့ အပြုအမူထဲ ပါဝင်ကြောင်း ဖော်ပြထားပါတယ်။ ကျောင်းသား ကျောင်းသူလေးတွေ အခက်အခဲတစ်ခုကို ပေါ့ပေါ့တန်တန်ထား လွယ်လွယ်နဲ့ဖြေရှင်းတာဟာ တကယ်တမ်း တွေးတောစဉ်းစားကြည့်ရင် မမှန်မကန် မရိုးဖြောင့်တဲ့ အပြုအမူဖြစ်နေကြောင်း သိရှိတွေးတောဆင်ခြင်ရင် ကြီးလာတဲ့အထိ အကျင့်ဆိုးမပါနိုင်တာကိုလည်း ဆင်ခြင်နိုင်ပါတယ်။

**စာစီစာကုံးရေးပေးခြင်း**

နောက် သာဓက (၂) က ဒီနေ့အိမ်စာကတော့ "ကျောင်းတွင်း လှုပ်ရှားမှုများ" ခေါင်းစဉ်နဲ့ စာစီစာကုံး ရေးခဲ့ကြပါ တပည့်တို့ဆိုပြီး ဆရာကြီးက အတန်းထဲမှာ ပြောကြားနေပုံပါ။ ဘယ်လိုရေးရမလဲ။ ခက်လိုက်တာနော်လို့ ကျောင်းသားတွေကတွေး၊ နောက် အိုး အကြံရပြီဆိုပြီး ရှေ့ မင်းအတွက် စာစီစာကုံးရေးထားတယ်လို့ အစ်မကြီး တစ်ယောက်က စာရွက်ပေးနေပုံ၊ ကျောင်းသားက ကျေးဇူးတင်ပါတယ်ခင်ဗျာလို့ ပြောနေတဲ့ပုံတွေပါ။ အခြားသူတွေအတွက် တရားမျှတမှုမရှိသော အပြုအမူ၊ ကိုယ်ပိုင်အသိကိုယ်ပိုင်စွမ်းရည်ကို အသုံးမချဘဲ ကိုယ်ကျိုးရှာတဲ့ ပုံစံဖြစ်ပါတယ်။ စာရေးသူ ရန်ကုန်မြို့က ကျောင်းတစ်ကျောင်းမှာ မိဘဆရာအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်က အလယ်တန်းကျောင်းသူလေး တစ်ယောက်က အတန်းတိုင်းမှာ စာစီစာကုံးပြိုင်ပွဲလုပ်တိုင်း အမြဲပထမရပါတယ်။ ကျောင်းပေါင်းစုံ ပြုလုပ်တဲ့ လွတ်လပ်ရေးပြိုင်ပွဲ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့၊ လူကုန်ကူး၊ လမ်းစည်းကမ်း လိုက်နာခြင်းစတဲ့ ခေါင်းစဉ်တွေနဲ့ ပြိုင်တဲ့ပြိုင်ပွဲတွေမှာလည်း အမြဲတမ်း ပထမဆုတွေ ရပါတယ်။ တစ်နှစ်တစ်နှစ် ဆုပေးပွဲမှာ စာစီစာကုံးနဲ့ပတ်သက်ပြီး သူတစ်ယောက်တည်း ဆုတွေရတာ မနည်းပါဘူး၊ မိခင်ကလည်း သူ့သမီး စာစီစာကုံးပြိုင်ပွဲရှိရင် သူ့ခင်ပွန်းဖြစ်သူက တစ်ညလုံး ဘယ်လိုရှာဖွေရေးသားပေးတာလို့ တခြားမိဘတွေရှေ့မှာ အမြဲဂုဏ်ယူပြောလေ့ရှိပါတယ်။ ဒီလို မိခင်တွေရဲ့ လွဲမှားတဲ့ စိတ်တွေကြောင့် ကလေးတွေရဲ့ ဖြူစင်ရိုးသားတဲ့ စိတ်တွေ၊ နှလုံးသားတွေ၊ အဖြူရောင်ပန်းလေးတွေအတွက် အရောင်ဆိုးခံခဲ့ရတာပေါ့။ အခုလို ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးစာအုပ်တွေသာ အဲဒီခေတ်ကတည်းက ကျောင်းစာသင်ခန်းထဲကို ရောက်လာရင် အဲဒီအချိန်ကရှိတဲ့ X မျိုးဆက်တွေအတွက် နိုင်ငံတော်အနေနဲ့ ပူပင်စရာမလိုဘူး လို့လည်း တွေးမိပါတယ်။

**ခိုးယူကူးချခြင်း**

နောက်တစ်ခုက ခိုးယူကူးချတဲ့ခေါင်းစဉ်မှာ အခြားသူတွေ လုပ်ကိုင်ဆောင်ရွက်ထားတာတွေကို ကူးချ၊ မိမိကိုယ်တိုင် လုပ်ကိုင်သယောင်တင်ပြတဲ့ကိစ္စ၊ အင်တာနက်က ကူးယူ စာလုံးနဲ့စာကြောင်းတွေ၊ အထားအသိုတွေ ပြန်လည်ပြင်ဆင်တဲ့ကိစ္စ၊ မူလရေးသူကို ရည်ညွှန်းမဖော်ပြဘဲ မူလရေးသူရဲ့ အချက်အလက်ကို ခိုးယူအသုံးပြုတဲ့ကိစ္စ၊ အိမ်စာလုပ်တာ၊ စာစီစာကုံး၊ စာတမ်းပြုစုတာ စတဲ့ အလုပ်တွေကို ဆောင်ရွက်ပေးဖို့ အခြားသူကို အခကြေးငွေပေးပြီး ဆောင်ရွက်စေတဲ့ကိစ္စတွေကို ပုံတွေ၊ စာတွေနဲ့ ဖော်ပြထားတာပါ။ လေ့လာမှီငြမ်းပြုစာရင်း၊ ကျမ်းကိုးစာရင်း စတဲ့ မူလစာရေးသားသူကို အမြဲရည်ညွှန်းဖော်ပြခြင်းဖြင့် ထိုသူရေးသားပြုစုခဲ့မှုတွေကို လေးစားကြောင်း ဖော်ပြရာရောက်ပါတယ်ဟူ၍ ပညာပေးရုပ်ပုံတွေနဲ့ ဖော်ပြထားပါတယ်။

အလယ်တန်းအဆင့်ကစပြီး ဒီအတွေးအခေါ်တွေ၊ ဒီယဉ်ကျေးမှုတွေ ထွန်းကားသွားရင် ခုခေတ် စာပေမူပိုင်ခွင့်ကြောင့် အမှုတွေဖြစ်၊ တရားစွဲဆိုခံရ၊ နိုင်ငံပိုင်သတင်းစာတွေကနေ လူသိရှင်ကြား ပြန်တောင်းပန်ရတဲ့ အလွန်ရှက်စရာကောင်းတဲ့ အပြုအမူတွေအထိ မဖြစ်ကြတော့ပါဘူး။ ဥပဒေကို လေးစားလိုက်နာတဲ့ နိုင်ငံသားအကျင့်တွေ အလယ်တန်းအဆင့်ကစပြီး ကြီးတဲ့အထိ ပါသွားကြပြီပေါ့။

**စာတမ်းရေးခိုင်းခြင်း**

ခုခေတ် မာစတာဘွဲ့တွေ၊ ဒေါက်တာဘွဲ့တွေ ကိုယ့်တိုင်းပြည်ထဲမှာ ပေးလို့ရနေပါပြီ။ ဝမ်းသာစရာပါ။ ဒါပေမဲ့ ရေးသားတဲ့သုတေသနစာတမ်းတွေက ကိုယ်တိုင် မရေးနိုင်ကြလို့ တခြားသူတွေကို အခကြေးငွေနဲ့ရေးခိုင်းပြီး စာတမ်းတွေ တင်ကြတာ တချို့ (တချို့) ကြားနေရပါတယ်။ ရေးခိုင်းတဲ့သူရော၊ ရေးပေးတဲ့သူရော ဒါတွေဟာအကျင့်ပျက်ချစားမှုတစ်ခုဖြစ်တယ်ဆိုတာ သတိပြုမိကြမှာ မဟုတ်ပါဘူး။ အားလုံး ဒီလိုပဲ ရေးနေကြတာ။ ရေးပေးတဲ့သူကလည်း ဒါ ငါတတ်တဲ့ပညာနဲ့ ရေးတာပဲ၊ ပညာနဲ့ ရတဲ့ငွေ၊ သန့်ရှင်းတယ်လို့ တွေးကောင်းတွေးမိမှာပဲ။ ကိုယ်ရေးပေးလိုက်တဲ့ စာတမ်းနဲ့ တကယ်ပင်ကိုအရည်အချင်းမရှိဘဲ မာစတာဘွဲ့ ရသွားတာ၊ ဒေါက်တာဘွဲ့ ရသွားတာတွေဟာ တစ်ချိန်ကျရင် တိုင်းပြည်အတွက် ဘယ်လောက်ထိခိုက်နစ်နာမလဲလို့ တွေးမိကြဟန် မတူပါဘူး။ အများမိုးခါးရေသောက်နေကြတာလို့ပဲ တွေးမိကြတာများပါတယ်။ အခုလို ပညာပေးစာစောင်တွေ ပေါ်လာတာတွေဟာ မိမိတို့ရဲ့ လုပ်ရပ်အပေါ် တွေးတောဆင်ခြင်ကြဖို့ မီးရှူးတိုင်တစ်ခုပါပဲ။ အလင်းရပါလျက် အမှောင်ထဲမှာ မနေသင့်ကြတော့ပါဘူး။

**အသိပညာပေးစာစောင် သုံးစောင်**

အသိပညာပေးစာစောင် သုံးစောင် ပါရှိပါတယ်။ အသိပညာပေးစာစောင်(၁)က တာဝန်ယူတတ်တဲ့ အကျင့်ရှိစေဖို့ ပုံပြင်ဖြစ်ပြီး အလုပ်တွက်ကတ်တဲ့ ယုန်ကလေးရဲ့ ပုံပြင်ဖြစ်ပါတယ်။ ပုံပြင်လေးက ရယူမယ့် သင်ခန်းစာအဖြစ် အလုပ်လုပ်ကြရာမှာ လုပ်ငန်းတာဝန် ခွဲဝေ၍ လုပ်ကိုင်တာဟာ ကောင်းမွန်သော လုပ်ရပ်ပင်ဖြစ်ကြောင်း၊ အခြားသူတွေကို တွက်ကတ်ခြင်းဖြင့် လုပ်ငန်းကြီး တစ်ခုလုံးကို ခက်ခဲနှောင့်နှေးပျက်စီးအောင် မပြုလုပ်သင့်ကြောင်း၊ အလုပ်တွက်ကတ်တာဟာ စိတ်သဘောထား သေးသိမ်ရာရောက်ကြောင်း၊ အလုပ်လုပ်ခြင်းအားဖြင့် ရရှိနိုင်သော အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတတိုးတက်မယ့် အခွင့်အရေးရှိကြောင်းကို ပညာပေးရေးသားထားတာ ဖတ်ရှုရပါတယ်။

အသိပညာပေးစာစောင်(၂)က တာဝန်ယူခြင်းဆိုသည်မှာ အဘယ်နည်း ခေါင်းစဉ်ဖြင့် ဖော်ပြထားပါတယ်။ တာဝန်ယူခြင်းဆိုတာ ပေးအပ်တဲ့တာဝန်ကို မေ့လျော့လျစ်လျူရှုခြင်းမရှိဘဲ ကျေပွန်အောင် ထမ်းဆောင်ခြင်းဖြစ်ပါတယ်။ မိမိကိုယ်တိုင် တာဝန်ယူရသလို အဖွဲ့အစည်းနဲ့ အခြားသူတွေအပေါ်လည်း တာဝန်ရှိပါတယ်။ ယေဘုယျအားဖြင့် အပိုင်း ငါးပိုင်း ခွဲခြားထားပြီး (၁) မိသားစုနှင့် မိမိကိုယ်ကိုယ် တာဝန်ယူမှုရှိခြင်း၊ (၂) သူငယ်ချင်းများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိခြင်း၊ (၃) စာသင်ကျောင်းတွင် တာဝန်ယူမှုရှိခြင်း၊ (၄) အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း၊ (၅) နိုင်ငံတော်ကို တာဝန်ယူမှုရှိခြင်းတို့ ဖြစ်ပါတယ်။ နိုင်ငံတော်ကို တာဝန်ယူမှုရှိခြင်းဆိုတာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းကို လိုက်နာပြီး နိုင်ငံသားတို့၏အကျိုး၊ အများအကျိုးကို လက်တွဲဆောင်ရွက်တာတွေ ဖြစ်ပါတယ်။ အခုဆို ကိုဗစ်-၁၉ ကာလမှာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာတာဟာ မိမိကိုယ်ကိုယ် တာဝန်ယူမှုရှိခြင်းနဲ့ လူ့အဖွဲ့အစည်းအပေါ်၊ အခြားသူတွေအပေါ် တာဝန်ယူမှုရှိခြင်းပါပဲ။ ခရီးသွားရာဇဝင်ကို မှန်မှန်မပြောတာ၊ ကိုယ့်ရဲ့ဖြစ်စဉ်ကို မှန်မှန်မပြောတဲ့အတွက် ထိတွေ့ခဲ့ကြရတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ ရုံးဝန်ထမ်းတွေပါ Quarantine ဝင်ကြရပြီး နိုင်ငံရဲ့လုပ်အား ဆုံးရှုံးမှုဖြစ်စေတာတွေဟာ ကောင်းမွန်တဲ့တာဝန်ယူခြင်းဆိုတဲ့ အပြုအမူတွေကို လေးစားလိုက်နာရမယ်ဆိုတဲ့ ပြည်သူ့နီတိတွေနဲ့ ဝေးလာကြတဲ့ ဖြစ်စဉ်တွေ၊ သမိုင်းတွေကြောင့် ဖြစ်တာလားလို့ တွေးမိပါတယ်။

အသိပညာပေးစာစောင် (၃)မှာကတော့ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းက လူငယ်တွေရဲ့ တာဝန်နဲ့ဝတ္တရားတွေဖြစ်ပါတယ်။ ကောင်းမွန်တဲ့လူငယ်၊ လူတော်လူကောင်းတွေဖြစ်ကြဖို့ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်တာ၊ စည်းကမ်းရှိတာနဲ့ တာဝန်ယူမှုရှိတာ၊ ရိုးသားဖြောင့်မတ်မှုရှိတာ၊ အများအကျိုးအတွက် သင့်သင့်မြတ်မြတ် အတူတကွ လက်တွဲဆောင်ရွက်တာ၊ ဟီရိသြတ္တပ္ပဆိုတဲ့ မကောင်းမှုပြုလုပ်ရမှာကို ရှက်ရွံ့ကြောက်လန့်တာ စတာတွေကို အဓိပ္ပာယ်ရှင်းလင်းချက်တွေနဲ့ ဖွဲ့ဆိုရေးသားထားတာပါ။ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်တဲ့စိတ်၊ ဟီရိသြတ္တပ္ပဆိုတဲ့ မကောင်းမှုကို ပြုလုပ်ရမှာ ရှက်ရွံ့ကြောက်လန့်တဲ့စိတ်တွေ အခုလို ဆဋ္ဌမတန်းကစပြီး လူငယ်တွေရဲ့ စိတ်ထဲမှာ စွဲမြဲလာကြရင် နောင်တစ်ခေတ် နိုင်ငံ့သားကောင်း၊ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာကြမှာ မလွဲပါဘူး။

**နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံသားကောင်းပီသခြင်း**

နိုင်ငံသားဖြစ်ခွင့်ဆိုတာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီကြကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခြင်းကို တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားသူ၊ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတွေကို နိုင်ငံသားအဖြစ် သတ်မှတ်ကြောင်း၊ နိုင်ငံသားဖြစ်ပြီးသူတွေဟာ နိုင်ငံသားကောင်းပီသစေဖို့အတွက် ရှိသင့်တဲ့ ဂုဏ်အင်္ဂါ၊ အရည်အချင်းတွေကို နားလည်ဖို့ လိုအပ်ကြောင်း၊ နိုင်ငံသားကောင်းပီသစေဖို့ ပြည့်စုံရမယ့် အရည်အချင်းတွေအနက် အဓိကကျတဲ့ အရည်အချင်းတွေကတော့ (၁) အသိဉာဏ်နှင့်ပြည့်စုံခြင်း၊ (၂) အများအကျိုးအတွက် စိတ်ရောကိုယ်ပါ ဆောင်ရွက်ခြင်း၊ (၃) မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်စည်းခြင်း (ဖြောင့်မတ်တည်ကြည်ခြင်း)၊ (၄) တရားဥပဒေကို လိုက်နာခြင်း၊ (၅) အသိဉာဏ်နှင့်ယှဉ်ပြီး ရိုးသားဖြောင့်မတ်စွာ ဆန္ဒမဲပေးခြင်း၊ (၆) တိုင်းပြည်တိုးတက်ရေးအတွက် မိမိစွမ်းဆောင်နိုင်သည့်နေရာက ဝင်ရောက်ဆောင်ရွက်ခြင်း၊ (၇) အခွန်ငွေကို ဥပဒေနှင့်အညီ အပြေအကျေ ထမ်းဆောင်ခြင်းတို့ဖြစ်ကြောင်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးစာစောင်၌ နိုင်ငံသားတို့၏ တာဝန်နှင့်ဝတ္တရားများ အခန်းတွင် ဖော်ပြထားပါတယ်။

**စာမျက်နှာ ၂၃ သို့** ■

# ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင်အသုံးပြုရန် စားသောက်ကုန်ပစ္စည်းများ လှူဒါန်း

**ဘားအံ အောက်တိုဘာ ၂၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး မိကျင်သန်း မိသားစုတို့က ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်း ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် အသုံးပြုနိုင်ရန်အတွက် စားသောက်ကုန်ပစ္စည်း အသားစည်သွတ်ဘူးများကို ယနေ့နံနက် ၈ နာရီခွဲခန့်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၏ ဇနီး မိကျင်သန်းက ငွေကျပ် ၃၃ သိန်းခန့်တန်ဖိုးရှိ စည်သွတ်ဘူး ၂၅၀၀ ကို ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှရှစ်ရက်ခန့်နှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ရှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

○ **ကိုဗစ်-၁၉ ကာလမှ**

"နေရာအလိုက် သန့်ရှင်းရေးဝန်ထမ်းတွေကိုချထားပြီး နေ့ဆိုင်း၊ ညဆိုင်းနဲ့ ဆောင်ရွက်နေပါတယ်။ အဓိက ကတော့ အမှိုက်ကန်သန့်ရှင်းရေးကို အလေးထား ဆောင်ရွက်ပါတယ်။ ခုလို ကိုဗစ်ကာလမှာ ပြည်သူလူထုအနေနဲ့လည်း အမှိုက်တွေကို စည်းကမ်းတကျစွန့်ပစ်သင့်ပါတယ်။ Quaratine Center ကထွက်တဲ့ အမှိုက်တွေကိုတော့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံဝတ်ထားတဲ့ သန့်ရှင်းရေးဝန်ထမ်းတွေက အလုံပိတ်ကားနဲ့စုရပ်တွေကနေ သတ်မှတ်ထားတဲ့နေရာတွေမှာ သွားရောက်စွန့်ပစ်ပေးလျက်ရှိပါတယ်"ဟု သာကေတမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းကျော်က ပြောသည်။

သန့်ရှင်းရေးဝန်ထမ်းများသည် နေ့စဉ်နှင့်အမျှ နေရာပေါင်းစုံသွားလာနေရခြင်း၊ စွန့်ပစ်အမှိုက်များကို ကိုင်တွယ်နေရခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရန် စည်ပင်ဝန်ထမ်းများက နေ့စဉ် ကိုယ်အပူချိန်တိုင်းခြင်း၊ ကျန်းမာရေးဆေးစစ်ပေးခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကိုဗစ်အမှိုက်ကို မတ်လ ဒုတိယပတ်မှစတင်၍ ရန်ကုန်စည်ပင်ဧရိယာတွင် ခရိုင်အလိုက် အဖွဲ့(၅)ဖွဲ့ ဖွဲ့စည်းပြီး ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း တာဝန်ယူဆောင်ရွက်နေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

"ကိုဗစ်အမှိုက်က နိုင်ငံခြားကပြန်လာတဲ့သူတွေကို စောင့်ကြည့်ရေးစင်တာတွေမှာစထားမယ်ဆိုပြီး သူတို့ကို Quarantine ထားဖို့လုပ်တဲ့အခါမှာ စင်တာတွေကနေထွက်လာတဲ့အမှိုက်တွေကို ကိုဗစ်အမှိုက်အဖြစ် သီးသန့်ရှင်းလင်းဆောင်ရွက်ပါတယ်။ ကိုဗစ်က ကမ္ဘာ့ကပ်ရောဂါဖြစ်တယ်။ ဆေးမပေါ်ထွက်သေးတဲ့အတွက် ထိန်းချုပ်ရတာအလွန်ခက်ခဲပါတယ်။ ထွက်လာတဲ့ အမှိုက်တွေက ရောဂါဖြစ်ပြီး Quarantine ဝင်ထားပြီးမှ ထွက်လာတာဖြစ်လို့ ရောဂါပိုးတွေပါလာနိုင်ပါတယ်။ ဒါကြောင့် ခရိုင်တွေမှာ ကိုဗစ်အမှိုက်သိမ်းအဖွဲ့တွေ သီးသန့်ဖွဲ့စည်းပြီး သူတို့အနေနဲ့လည်း Quarantine ဝင်သလိုပဲ ကိုဗစ်အမှိုက်ကို သီးသန့်ရှင်းလင်းဆောင်ရွက်စေပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး(ညွှန်ကြားရေးမှူး)ဒေါက်တာအောင်မြင့်မော်က ပြောသည်။

ကိုဗစ်ရောဂါပိုးပါဝင်သောအမှိုက်များကို သီးသန့်ရှင်းလင်းဆောင်ရွက်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ရန်ကုန်စည်ပင်ခရိုင်လေးခုတွင် အမှိုက်သိမ်းဝန်ထမ်း ၂၅ ယောက်စီပါဝင်သော အဖွဲ့ လေးဖွဲ့ဖြင့် စောင့်ကြည့်ရေးစင်တာများအတွက် သီးသန့်ရှင်းလင်းသည့်အဖွဲ့တစ်ဖွဲ့ပါဝင်ကာ စုစုပေါင်း အဖွဲ့(၅)ဖွဲ့ဖြင့် ရှင်းလင်းဆောင်ရွက်ကြောင်း သိရသည်။

**မြင့်မောင်**

## စားသောက်ရေးအခက်အခဲရှိသူများ ဆက်သွယ်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၁**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမှန်တကယ် စားသောက်ရေးအခက်အခဲရှိသူများအနေဖြင့် We Love North Dagon ပရဟိတအဖွဲ့အထံသို့ ဆက်သွယ်နိုင်ကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

အခက်အခဲရှိသူများအနေဖြင့် ဖုန်း-၀၉-၄၅၁၀၈၃၆၁၈၊ ၀၉-၆၇၇၇၅၅၇၁၄ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ပြီး အမှန်တကယ် လိုအပ်ချက်ရှိသူများကိုသာ အဓိကထား လှူဒါန်းပေးမည်ဖြစ်ကြောင်း We Love North Dagon ၏ အတွင်းရေးမှူး ကိုကောင်းချစ်ဝေ(ခ)ကောင်းကောင်းက ပြောသည်။

ထိုသို့လှူဒါန်းရာတွင် ဆန်နှင့် ဆီကို အများဆုံး လှူဒါန်းပေးပြီး ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ငါးသေတ္တာ၊ လက်ဖက်ထုပ် စသည်တို့ကိုလည်း အလှည့်ကျလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

# သဖန်းဆိပ်ရေလှောင်တမံမှ မိုးစပါးစိုက်ဧက ၄၄၀၀၀၀ ကျော် အောင်ရေရသည်အထိ ဆည်ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း ၂၀၂၀ ပြည့်နှစ် မိုးစပါး လျာထားဧက ၄၂၀၀၀၀ လျာထားခဲ့ပြီး ယခုလက်ရှိတွင် ဆည်ရေဖြင့် ဧက ၄၄၀၀၀၀ ကျော် စိုက်ပျိုးခဲ့ကာ အောင်ရေရသည်အထိ ဆည်ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်ချက်ညီရေပေးဝေ**

သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိလယ်မြေများအား ရေအလေအလွင့်မရှိစေရန် အလှည့်ကျစနစ်ဖြင့် ရေပေးဝေလျက်ရှိပြီး ရေချွေတာသုံးစွဲနည်းစနစ်ဖြစ်သည့် စိုတစ်လှည့် ခြောက်တစ်ခါစနစ်ဖြင့် ရေအသုံးချသူများအဖွဲ့၏ WUG များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဟန်ချက်ညီ ရေပေးဝေလျက်ရှိသည်။



ထို့ပြင် မိုးစပါးစိုက်ပျိုးထားသော ဧရိယာများ အောင်ရေပြည့်မီစွာရရှိရေးနှင့် မြောင်းအဖျားပိုင်းသို့ စိုက်ပျိုးရေရောက်ရှိနိုင်ရေးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်လျက်ရှိပြီး စိုက်ပျိုးပြီး မိုးစပါးဧက ၄၄၀၀၀၀ ကျော်အား အောင်ရေရသည်အထိ ဆည်ရေပေးဝေသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

■ **စာမျက်နှာ ၂၂ မှ**

**ဆန္ဒမဲပေးခြင်း**

ဒီမိုကရေစီခေတ်တွင် နိုင်ငံသားများ၏ ဆန္ဒသဘောထားဟာ အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်ကြောင်း၊ နိုင်ငံ၏ကောင်းကျိုး၊ ဆိုးကျိုးဟာ နိုင်ငံသားတွေရဲ့ အသိဉာဏ်ပေါ်တွင် မူတည်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွေမှာ နိုင်ငံသားတစ်ဦး လုပ်ဆောင်ရမယ့် တာဝန်တွေအနက် အရိုးရှင်းဆုံးနဲ့ အခြေခံအကျဆုံးအဆင့်အနေနဲ့ လုပ်ဆောင်ရမယ့်တာဝန်တစ်ရပ်မှာ ဆန္ဒမဲပေးခြင်းဖြစ်ကြောင်း၊ အရွယ်ရောက်ပြီးတဲ့ နိုင်ငံသားတိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို ဆန္ဒမဲပေးပြီး ရွေးချယ်နိုင်တဲ့ အခွင့်အရေးရှိကြောင်း၊ ထိုဆန္ဒမဲပေးနိုင်တဲ့ အခွင့်အရေးကို ကိုယ်ပိုင်ဉာဏ်ပညာဖြင့် အကောင်းဆုံးနဲ့ တန်ဖိုးအရှိဆုံးဖြစ်အောင် အသုံးချတတ်ဖို့ လိုအပ်ကြောင်း၊ မိမိ၏ ဆန္ဒမဲကို အကျိုးအမြတ်ယူ၍ အဂတိလိုက်စားပြီး ဆန္ဒမဲပေးတာဟာ နိုင်ငံသားတွေရဲ့ တာဝန်ကို အလွဲသုံးစားပြုတာဖြစ်ကြောင်း၊ နိုင်ငံသားတချို့ဟာ မအားလပ်၍လည်းကောင်း၊ ကြောက်ရွံ့၍လည်းကောင်း၊ အကြောင်းကြောင်းကြောင့်လည်းကောင်း ဆန္ဒမဲမပေးဘဲ ရှောင်လွှဲနေတာဟာ နိုင်ငံသားတာဝန် မကျေပွန်ခြင်းဖြစ်ကြောင်း၊ ဆန္ဒမဲပေးတာဟာ ဒီမိုကရေစီစနစ်၏ အသက်ဖြစ်ကြောင်း၊ မဲပေးဖို့အခွင့်အရေးရတိုင်း မဲပေးခွင့်စာရင်းမှာ မိမိအမည်ပါဝင်ခြင်းရှိ၊ မရှိ ကိုယ်တိုင်သွားကြည့်ပြီး မပါဝင်က ပါဝင်အောင် လုပ်ထုံးလုပ်နည်းနဲ့အညီ ကိုယ်တိုင်ကြိုးစားရမှာဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်းကို ကောင်းစွာအသုံးချတတ်ပါက အရည်အချင်းရှိပြီး ကောင်းမွန်တဲ့ ကိုယ်စားလှယ်တွေ ရရှိမှာဖြစ်ကြောင်း၊ အသုံးမချတတ်ပါက ကိုယ်စားလှယ်တွေရဲ့ အရည်အသွေးညံ့ဖျင်းခဲ့ရင် အရည်အချင်းရှိပြီး ကောင်းမွန်တဲ့ အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှုကို မရရှိနိုင်တော့ကြောင်း၊ ထို့ကြောင့် တိုင်းပြည်၊ နိုင်ငံတစ်ခု၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုဟာ နိုင်ငံသား ပြည်သူလူထု၏ မဲပေးပုံ မဲပေးနည်းအပေါ်မူတည်ကြောင်း စတဲ့နိုင်ငံသားတို့၏ တာဝန်နဲ့ ဝတ္တရားတွေကို အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူလူငယ်တွေ ဖတ်မိရုံဖြင့် စိတ်ထဲ လွယ်လွယ်ကူကူ သိရှိမှတ်သား၊ ခံယူလိုက်နာနိုင်စေဖို့ ရိုးရှင်းစွာ စေ့စေ့ငုငုသုံးသပ်လေ့လာပြီး စိတ်ကောင်းစေတနာအပြည့်ဖြင့် ရေးသားထားတာကို လေ့လာဖတ်ရှုရပါတယ်။

**ဖတ်ရှုပါ၊ လေ့လာပါ၊**

**မှတ်သားဆောင်ရွက်ကြပါစို့**

အထက်ဖော်ပြပါ ရေးသားဖော်ပြချက်တွေဟာ ပညာရေးဝန်ကြီးဌာနနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပူးပေါင်းစီစဉ်တဲ့ "ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်" အခြေခံပညာ အလယ်တန်း (ဆရာကိုင်) စာအုပ်မှ ကောင်းနိုးရာရာတွေကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ဖို့ ကောက်နုတ်ရွေးချယ်တင်ပြခြင်းသာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကျောင်းသားလူငယ်တွေအတွက် ဆရာ ဆရာမတွေ၊ မိဘတွေက ကိုယ်တိုင်လည်း ဖတ်ရှုပြီး ကျောင်းသားလူငယ်တွေ၊ သားသမီးတွေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ကြဖို့၊ အဂတိလိုက်စားမှုကို ရှက်ရွံ့တဲ့စိတ်၊ ဆန့်ကျင်တဲ့စိတ်၊ တွန်းလှန်တိုက်ဖျက်လိုတဲ့စိတ်ရှိတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာမယ်လို့ ယုံကြည်တဲ့စိတ်နဲ့ ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါတယ်။ ။

# COVID-19 Fund မှ ဒုတိယအကြိမ် ချေးငွေ ထုတ်ယူခွင့်ပြု

(ယမန်နေ့မှအဆက်)

## ဒုတိယအကြိမ် Covid–19 Fund မှ ဒုတိယအသုတ် ချေးငွေ ခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း

| စဉ် | ကုမ္ပဏီ/လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| [illegible] | [illegible] | [illegible] |

| | | |
|---|---|---|
| [illegible] | [illegible] | [illegible] |

| | | |
|---|---|---|
| [illegible] | [illegible] | [illegible] |

(ဆက်လက်ဖော်ပြပါမည်)

# တစ်နိုင်ငံလုံး၌ သားအိမ်ခေါင်းရောဂါကာကွယ်ဆေး ထိုးနှံပေးမှုမြင်ကွင်း

အသက်(၉)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီးများအား သားအိမ်ခေါင်းရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကလေးငယ်များအတွက် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းအစီအစဉ်တွင် သားအိမ်ခေါင်းရောဂါကာကွယ်ဆေး(HPV) စတင်ထည့်သွင်းထိုးနှံပေးခြင်းကို ယနေ့တွင် တစ်နိုင်ငံလုံး၌ ဆက်လက်ကျင်းပသည်။



ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ သားအိမ်ခေါင်းရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ခေါဇာမြို့၌ သားအိမ်ခေါင်းရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ ညီညီချမ်း(ပြန်/ဆက်)



ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ သားအိမ်ခေါင်းရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ သားအိမ်ခေါင်းရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ မိုင်းထွန်း(ပြန်/ဆက်)




စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့၌ သားအိမ်ခေါင်းရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။ လှငွေ(မင်းကင်း)

သစ်
တော
မှန်
လျှင်
အသုံး
ဝင်
အစဉ်
ထာ
ဝ
ရ
ထိန်း
သိမ်း
ကြ


## နိုင်ငံတော်၏ပြည်ပကြွေးမြီအခြေအနေ
နှင့်
ပဲရစ်ကလပ်ကြွေးမြီရှင်းလင်းခြင်းအတွေ့အကြုံ

ဝင်းရှိန်




"နိုင်ငံတော်၏ ပြည်ပချေးငွေနှင့် ပြည်ပကြွေးမြီဆိုင်ရာ အကြောင်းအရာများ၊ ပြည်ပချေးငွေရယူခြင်းနှင့် ဒွန်တွဲနေသည့် ကြွေးမြီဝန်ထုပ်ဝန်ပိုးများကို သိရှိခံစားနားလည်သဘောပေါက်စေရန်၊ ကြွေးမြီရှင်းလင်းခြင်း အကြောင်းအရာကိစ္စကို အသေးစိတ်သိရှိကြပြီး သမိုင်းမှတ်တမ်း အထောက်အထားဖြစ်စေရန်" ဤစာအုပ်ကို ရေးသားခြင်းဖြစ်ပါသည်။

ဖြန့်ချိရေး - Myanmar Heritage 09-964243893


ဆောက်လုပ်ရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ် (၃၇)မြို့နယ်တွင်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ်(၀၇၁-၂၆၃၄၉၊ ၂၆၃၅၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က)တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၆-၁၀-၂၀၂၀ရက်
(ခ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက် - ၁၆-၁၁-၂၀၂၀ရက်
(ဂ) တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းနောက်ဆုံး တင်သွင်းရမည့်ရက် - ၁၆-၁၁-၂၀၂၀ရက်
(ဃ) တင်ဒါစာအိတ်များနှင့်တင်ဒါ အာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်း တင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မုံရွာမြို့။
(င) တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် - ၁၉-၁၁-၂၀၂၀ရက် နံနက် (၉:၃၀)နာရီမှ (၁၆:၃၀)နာရီထိ
(စ) တင်ဒါဖွင့်မည့်ရက် - ၂၃-၁၁-၂၀၂၀ရက်(၉:၃၀)နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တယ်လီဖုန်း-၀၇၁-၂၆၃၄၉၊ ၂၆၃၅၉**

## အစုရှယ်ယာမတည်ငွေရင်းလျှော့ချမည် ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်မတို့ Zambu Shwesin (Myanmar) Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၇၇၃၃၈၀၇) သည် လက်ရှိ အစုရှယ်ယာအရေအတွက် (၉၅၀) တန်ဖိုးငွေကျပ် သိန်း(၉၅၀)မှ အစုရှယ်ယာအရေအတွက် (၁၀၀) တန်ဖိုးငွေကျပ် သိန်း(၁၀၀)သို့ အစုရှယ်ယာမတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Zambu Shwesin (Myanmar)Co.,Ltd.**

နိုင် ငံ သာ ယာ ဝ ပြော ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့




## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သဖန်းပင်-ညောင်ပင်သာ လမ်းပေါ်ရှိ မြစိမ်းရောင် မေတ္တာပေါင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူရန်နှင့် သယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၁။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | ၁၉-၁၀-၂၀၂၀ ရက် |
| ၂။ တင်ဒါပိတ်မည့် ရက်/အချိန် | - | ၁၈-၁၁-၂၀၂၀ ရက်၊ ညနေ(၁၆:၃၀)နာရီ |
| ၃။ တင်ဒါဖွင့်မည့် ရက်/အချိန် | - | ၂၀-၁၁-၂၀၂၀ ရက်၊ နံနက် (၁၀:၀၀)နာရီ |
| ၄။ တင်ဒါ/တင်သွင်းစိစစ် ရွေးချယ်မည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် |

တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့ (၆)နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ-၀၆၇-၂၅၅၄၈၊ ၀၉-၂၁၃၂၄၅၇၊ ၀၉ -၂၅၄၅၇၀၇၄၅)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း ကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးသုံးစက်ကိရိယာပစ္စည်း ၅ မျိုး

၂။ အိတ်ဖွင့်တင်ဒါများ ဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါနောက်ဆုံးလက်ခံမည့် နေ့ရက်/အချိန် | - | (၂၃-၁၁-၂၀၂၀)ရက် (၁၆:၃၀) နာရီ |
| (ခ) တင်ဒါဖွင့်ဖောက်မည့် နေ့ရက်/အချိန် | - | (၂၆-၁၁-၂၀၂၀)ရက် (၁၀:၀၀) နာရီ |
| (ဂ) တင်ဒါဖွင့်ဖောက်လက်ခံမည့် နေရာ | - | ရုံးအမှတ်(၃၆)၊ အစည်းအဝေးခန်းမ |

၃။ ပစ္စည်းများ၏ ဈေးနှုန်းတင်သွင်းလွှာပုံစံများအား **(၅-၁၁-၂၀၂၀) မှ (၂၃-၁၁-၂၀၂၀)ရက်**အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃-၄၁၈၅၃၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ငါးလုပ်ငန်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက် | - | ၂၁-၁၀-၂၀၂၀ရက်မှ ၂၀-၁၁-၂၀၂၀ ရက် **(ရုံးချိန်အတွင်း)** |
| (ခ) တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၂၃-၁၁-၂၀၂၀ **(ရုံးချိန်အတွင်း)** |
| (ဂ) တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဥတ္တရခရိုင်/ဒက္ခိဏခရိုင်၊ နေပြည်တော် |

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဥတ္တရခရိုင်(ဖုန်း-၀၉-၄၅၅၆၆၃၅၁၄)နှင့် ဒက္ခိဏခရိုင်(ဖုန်း-၀၉-၇၈၉၂၅၃၇၉၂)တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ ကယားပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကယားပြည်နယ်၊ သစ်တောဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ပြည်နယ်ငွေလုံး ငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် အောက်ဖော်ပြပါ လုပ်ငန်းအားဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**အဆောက်အဦ**

လွိုင်ကော်မြို့နယ်တွင် (၂)ခန်းတွဲ၊ (၂) ထပ် (RC) (၁)လုံး၊ (၅၁ပေx၃၂ပေ) တည်ဆောက်ခြင်း (Lot-1) (ရေ၊ မီး၊ မိလ္လာအပါအဝင်)

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ကယားပြည်နယ်၊ သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းစံချိန်စံညွှန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ် ရေးဆွဲတွက်ချက်တင်ပြရန်နှင့် တင်ဒါလျှောက်လွှာ ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်နှင့် သင်းဖွဲ့စည်းမျဉ်းမူရင်း ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၃။ တင်ဒါစတင်ရောင်းချမည့်ရက် | - | ၂၀-၁၀-၂၀၂၀ ရက်မှ ၁၉-၁၁-၂၀၂၀ ရက်ထိ |
| တင်ဒါတင်သွင်းမည့်ရက် | - | ၂၀-၁၁-၂၀၂၀ ရက်၊ ညနေ (၁၆:၃၀)နာရီအထိ |
| တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ | - | ကယားပြည်နယ်၊သစ်တောဦးစီးဌာန နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့ |

၄။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ သစ်တောဦးစီးဌာန၊ လွိုင်ကော်မြို့၊ ဖုန်းနံပါတ်-၀၈၃-၂၂၁၀၃၈၊ ၀၈၃-၂၄၀၁၅၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်၊ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ အကွက်အမှတ်(၂၃၇)၊ စုပေါင်းရုံးရပ်၊ ဦးပိုင်အမှတ်(၁၅-ဃ)၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်နယ်အဆင့် ညွှန်ကြားရေးမှူးရုံး တည်ဆောက်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**(က) ညွှန်ကြားရေးမှူးရုံး အဆောက်အဦ တည်ဆောက်ခြင်း**

ရုံးအဆောက်အဦ ပေ(၈၀x၆၀) နှစ်ထပ် RC အမြင့် (၁၁ ပေ၊ ၁၀ပေ) ပေါ်တီကိုအပါ ပေ(၂၀x၂၀) (ရေ+မီး+မိလ္လာ+ Ground Tank + Over Head Tank အပါအဝင်)

**(ခ) ရုံးအဝင်လမ်းခင်းခြင်း၊ ပြင်ပလျှပ်စစ်မီးတပ်ဆင်ခြင်း၊ အပြင်ရေမြောင်းပြုလုပ်ခြင်း၊ ကားပါကင်ခင်းခြင်း**

(၁) ကွန်ကရစ်အဝင်လမ်းခင်းခြင်း (အရှည် ၈၅ ပေ၊ အကျယ် ၁၅ပေ ၆ လက်မ၊ အထူ ၈ လက်မ)၊

(၂) ကားပါကင်ခင်းခြင်း ကွန်ကရစ် ပေ(၄၅x၂၀) (အမြင့် ၁၂ပေ၊ အမိုးပါ)

(၃) အပြင်ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း (၁၁၈ ပေx၁ ပေ ၆ လက်မ)

(၄) 200 KVA Transformer တည်ဆောက်ခြင်း

(၅) Retaining Wall & Earth Filling (မြေထိန်းနံရံ) (၁၁၈ပေx၅ ပေ ၆ လက်မx ၁ပေ ၆လက်မ)

၂။ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များ မည်သူမဆို တင်ဒါလုပ်ငန်းအား မြန်မာငွေကျပ်ဖြင့် တင်သွင်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်နေ့ရက်/အချိန် | - | ၂၂-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့)မှ ၁၆-၁၁-၂၀၂၀ ရက် (တနင်္လာနေ့)အထိ (ရုံးချိန်အတွင်း) (၉:၃၀ မှ ၁၆:၃၀) နာရီ |
| (ခ) တင်ဒါလျှောက်လွှာတင်သွင်း ရမည့်နောက်ဆုံးနေ့ရက်/အချိန် | - | ၂၀-၁၁-၂၀၂၀ ရက် (သောကြာနေ့) မွန်းလွဲ (၁၄:၀၀) နာရီ |
| (ဂ) တင်ဒါဝယ်ယူ/တင်သွင်း ရမည့်နေရာ | - | တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးဟောင်းဝင်း၊ သစ်တောရပ်၊ တောင်ကြီးမြို့ |
| (ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - | ထပ်မံအကြောင်းကြားပါမည်။ |

၃။ တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/- နှုန်းဖြင့် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ၀၈၁-၂၁၂၅၇၇၅ နှင့် ၀၈၁-၂၁၂၄၅၀၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**ညွှန်ကြားရေးမှူးရုံး၊ ရှမ်းပြည်နယ်**

# ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ချင်းပြည်နယ်၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ချင်းပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံလုပ်ငန်းများအတွက် ပစ္စည်းများ ဝယ်ယူခြင်း

(ခ) ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းများ

(ဂ) မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ

(ဃ) ဖြစ်နိုင်ခြေရှိသော လျှပ်စစ်စွမ်းအင် (ရေအား) အကြိုစူးစမ်းတိုင်းတာခြင်းလုပ်ငန်း

| | | |
|---|---|---|
| ၂။ တင်ဒါစတင်ရောင်းချမည့်နေ့ရက် | - | ၂၃-၁၀-၂၀၂၀ |
| တင်ဒါပိတ်မည့် နေ့ရက်၊ အချိန် | - | ၂၃-၁၁-၂၀၂၀ (၁၂:၀၀နာရီ) |

၃။ တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များရှိပါက ဖုန်းနံပါတ် ၀၇၀-၂၁၉၄၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့ (၄)၊ မန္တလေးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တံတားများတည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးတည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်းနှင့် စက်/ယာဉ် ယန္တရားများ ငှားရမ်းဆောင်ရွက်ခြင်းအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/ငှားရမ်းဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ |
| ၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | ၃-၁၁-၂၀၂၀ရက်(ရုံးချိန်အတွင်း) |
| ၃။ လျှောက်လွှာပုံစံအရောင်း ပိတ်မည့်ရက်/အချိန် | - | ၂၃-၁၁-၂၀၂၀ရက် (၁၆:၃၀)နာရီ |
| ၄။ တင်ဒါဖွင့်မည့် ရက်/အချိန် | - | ၂၄-၁၁-၂၀၂၀ရက်၊ (၉:၃၀)နာရီ |
| ၅။ တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ | - | ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။
(ဆက်သွယ်ရမည့် ဖုန်းနံပါတ် ၀၉-၂၅၁၇၆၉၂၂၃၊ ၀၉-၇၈၁၃၀၀၄၀၉)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၄)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ ဦးအောင်ဇေယျာ(၉)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၁၁၉၅(ခ) ဦးကျော်လေး(CL-012699)အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်လေးထံမှ ဒေါ်ခိုင်မျိုးထွေး [၁၂/ဒလန(နိုင်)၀၄၄၉၆၁]က (၂၉-၆-၂၀၀၀)ရက်တွင် ဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ပိုင်ဆိုင်ခဲ့သူ ဒေါ်ခိုင်မျိုးထွေးက ဖော်ပြပါမြေကွက်နှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော်က ရောင်းဖိုးငွေများကို အပြည့်အဝပေးချေဝယ်ယူ၍ ဂရန်မူရင်း၊ ဆက်စပ်သော အရောင်းအဝယ် စာချုပ်မူရင်းများနှင့်တကွ ရောင်းချသောမြေနှင့်အိမ်ကို လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါအိမ်နှင့်မြေ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူမှာ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာလျှင်ဖြစ်ပါသည်။ ဖော်ပြပါအိမ်မြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ ခွင့်ပြုချက်ဖြင့် လူနေထိုင်ခြင်း စသည်တို့အား ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းကသာ ဆောင်ရွက်ခွင့်ရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်၊ သဘောတူညီချက် မပါရှိဘဲ ဆောင်ရွက်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လိုက်နာမှုမရှိဘဲ ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီကျော် LL.B,D.B.L,D.I.L,D.M.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၅၀)**
**Ph:09-5506143,09-799487280**

# ထာ ဝ ရ ကု သိုလ် ရ ယူ ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

MCB Myanmar Citizens Bank

## အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် (၂၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကြီးကို မကြာမီကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးအားဘဏ်၏ သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ရာ တည်ဆဲသင်းဖွဲ့စည်းမျဉ်းအရ ဒါရိုက်တာများအလှည့်ကျနုတ်ထွက်မည်ဖြစ်ပြီး နုတ်ထွက်သွား၍ လစ်လပ်သွားသော ဒါရိုက်တာများနေရာတွင် အစားထိုးပြန်လည် ရွေးချယ်ရမည် ဖြစ်ပါသည်။

၂။ ပြန်လည်ရွေးချယ်ခံမည့် ဒါရိုက်တာအဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေး မကျင်းပမီ ကြိုတင်ပေးပို့ တင်ပြရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများဘဏ်တွင် စာရင်းဆက်လက် တည်ရှိနေသော ရှယ်ယာရှင် (Special Account Holder) နှင့် Yangon Stock Exchange (YSX) တွင် အရောင်းအဝယ်ပြုလုပ်ရန် စာရင်းဖွင့်ထားသူများ (Security Account Holder) များအနက် မြန်မာနိုင်ငံသားများဘဏ် ဒါရိုက်တာအဖွဲ့မှ သတ်မှတ်ထားသော ၂၆.၁၀.၂၀၂၀ ရက်နေ့ အစုရှယ်ယာပိတ်သိမ်းချိန်တွင် တွင် ကျပ် ၅,၀၀၀,၀၀၀/- (ကျပ်သိန်းငါးဆယ်) နှင့်အထက် ပိုင်ဆိုင်သူရှယ်ယာရှင် လူပုဂ္ဂိုလ်များနှင့် ကျပ် ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာ) နှင့်အထက် ပိုင်ဆိုင်ထားသော အဖွဲ့အစည်း/ ကုမ္ပဏီများအနေဖြင့် ဒါရိုက်တာအဖြစ် ဝင်ရောက်အရွေးခံလိုပါက (၀၂.၁၁.၂၀၂၀) ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အမှတ် (၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်၍ အဆိုပြုလွှာ လျှောက်ထားပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်အရွေးခံမည့် ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း (၁၀) ပုဒ်မ (၇၆)ပုဒ်မခွဲ (ခ)ပုဒ်မခွဲငယ် (၁) မှ (၈) အထိဖော်ပြထားသည့် အရည်အချင်းများနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။

၄။ အဆိုပြုလွှာ ဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓါတ်ပုံ (၁)ပုံ နှင့် အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထားများ တစ်ပါတည်း ယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့် အချိန်နှင့် နေရာကို ထပ်မံ ကြေညာမည် ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့် အချက်များရှိပါက စီမံဌာန ၀၁-၈၃၈၆၀၂၃၊ ၀၁- ၈၃၈၆၀၂၉ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

THE CITIZENS' CHOICE

## အစုရှယ်ယာမတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း။

ကျွန်တော်များ 9 MUDRA GROUP COMPANY LIMITED သည် ယခင်က လုပ်ငန်းကြီးများကို လုပ်ကိုင်ရန်အတွက် ရှယ်ယာပမာဏကို ၁၈၀,၀၀၀,၀၀၀(ကျပ်သိန်းတစ်ထောင့်ရှစ်ရာတိတိ)ထားရှိခဲ့သော်လည်း ယခုအခါ လုပ်ငန်းအနေအထားကြောင့်သော်လည်းကောင်း၊ ငွေကြေးအခက်အခဲကြောင့်သော်လည်းကောင်း၊ ရှယ်ယာပမာဏကို ကျပ်သိန်း ၁၀,၀၀၀,၀၀၀(ကျပ်သိန်းတစ်ရာတိတိ)သို့ လျှော့ချခြင်းဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များ**
**9 MUDRA GROUP COMPANY LIMITED**

## မတည်ငွေရင်းလျှော့ချရန်ဆုံးဖြတ်ပြီးကြောင်း ကြေညာခြင်း

Good Link Manufacturing Co.,Ltd. ၏ ၂၀-၁၀-၂၀၂၀ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးမှ ကုမ္ပဏီ မတည်ငွေရင်းအား ကျပ်သိန်း(၆၀၀)မှ ကျပ်သိန်း(၁၀၀)သို့ လျှော့ချ ပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Good Link Manufacturing Co.,Ltd.(Ph:09-5125438)**

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

'DEALER COMPANY LIMITED' ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာ (၅၀၀၀၀)စု တန်ဖိုးငွေ(၅၀၀,၀၀၀,၀၀၀/-)ကျပ်တိတိမှ အစုရှယ်ယာ(၅၀၀၀)စု တန်ဖိုးငွေ (၅၀,၀၀၀,၀၀၀/-)ကျပ်သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**DEALER COMPANY LIMITED**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၇၉၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၇၉၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်ကြီးမေ [၁၂/ဥကတ(နိုင်)၀၇၀၄၆၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားနှစ်(၆၀)ဂရန်အမည်ပေါက် ဒေါ်ကြီးမေ (မိခင်)သည် (၇-၃-၂၀၁၅)ရက်တွင် လည်းကောင်း၊ ဖခင် ဦးကြွေသည် (၂၈-၂-၁၉၉၅)ရက်တွင်လည်းကောင်း ကွယ်လွန်သွားကြသဖြင့် ကျန်သားသမီးများဖြစ်သော (၁)ဒေါ်သန်းသန်းအေး [၈/မကန(နိုင်)၀၁၂၉၁၃]၊ (၂)ဦးလှငွေး[၁၂/ဥကတ(နိုင်)၀၇၀၃၈၇]၊ (၃)ဒေါ်စန်းစန်းဝေ[၁၂/ဒဂတ (နိုင်)၀၂၀၉၆၈]၊ (၄)ဦးမင်းအေး[၁၂/ဥကတ(နိုင်)၀၇၀၀၂၅]၊ (၅)ဦးကြည်အေး [၁၂/ဥကတ(နိုင်)၀၇၀၄၈၀]တို့မှ မိခင်၊ ဖခင်တို့ကွယ်လွန်သွားသောကြောင့် ၎င်းတို့(၅)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ(၃/၂၆၆၄/၂၀၂၀)(၁၉-၃-၂၀၂၀)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် (၁-၇-၂၀၁၉)၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်/ စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်(၃)၊ အကျယ်အဝန်း (အလျားပေ ၂၀xအနံပေ ၆၀)ရှိ ဦးဂျော်နီနှင့်ဒေါ်ထားတင် ပူးတွဲအမည်ပေါက်သော နှစ်(၆၀)ဂရန် မြေကွက်၏ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၅၅/က)ဟု ခေါ်တွင်သော အကျယ်အဝန်း (အလျားပေ ၁၀xအနံပေ ၆၀)ရှိ မြေနှင့်အိမ်ကို ဒေါ်ပေရယ်လွင်[၇/ပတန(နိုင်)၁၁၁၈၄၀]က ပူးတွဲအမည်ပေါက်ပိုင်ရှင်ဒေါ်ထားတင်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည်ဟု အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏ မိတ်ဆွေက အပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**(LL.B(Q),D.B.L)(စဉ်-၈၂၂၅/၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**LINO MASTER LAW FIRM**
**အမှတ်(၂၂၉)၊ ပထပ်(ယာ)၊ ၃၈လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-250000587, 09-799606825**

## လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့ တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် - (၂၃-၁၀-၂၀၂၀)ရက်မှ (၂၃-၁၁-၂၀၂၀)ရက်ထိ **ရုံးချိန်အတွင်း**
တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် - (၂၄-၁၁-၂၀၂၀)ရက်မှ (၂၅-၁၁-၂၀၂၀)ရက်ထိ **ရုံးချိန်အတွင်း**
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ထပ်မံကြေညာပါမည်။
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၀-၂၁၂၄၅၊ ၀၉-၄၂၇၉၄၅၇၂၄**

## လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့ တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၀)၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန် - (၂၃-၁၀-၂၀၂၀)ရက်မှ (၂၃-၁၁-၂၀၂၀)ရက်ထိ ရုံးချိန်အတွင်း
တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန် - (၂၄-၁၁-၂၀၂၀)ရက်မှ (၂၅-၁၁-၂၀၂၀)ရက်ထိ ရုံးချိန်အတွင်း
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် - ထပ်မံကြေညာပါမည်။
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၀-၂၁၂၄၅၊ ၀၉-၄၂၇၉၄၅၇၂၄**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနအဆောက်အဦအထူးအဖွဲ့(၁၃) (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)တင်ဒါအမှတ်စဉ်(၁/၂၀၂၀-၂၀၂၁)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့ (၁၃)မှ တာဝန်ယူဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ် သည့် အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါလျှောက်လွှာရယူနိုင်မည့်ရက်- ၂-၁၁-၂၀၂၀ ရက်
၂။ တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အဦအထူးအဖွဲ့(၁၃)၊ မွန်ပြည်နယ်
၃။ တင်ဒါလျှောက်လွှာ(နောက်ဆုံး) တင်သွင်းရမည့် ရက်နှင့်အချိန် - ၂၀-၁၁-၂၀၂၀ ရက် ညနေ ၄:၃၀ နာရီ
၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ဆက်သွယ်အကြောင်းကြားပါမည်။
နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။
၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၂-၁၁-၂၀၂၀ရက်မှ စတင်၍ ရုံးချိန်အတွင်း ဖုန်း(၀၉-၄၂၀၇၀၈၀၉၇/၀၉-၄၂၇၅၆၁၃၇၉)သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**မှတ်ချက်**။ ။ တင်ဒါပေးသွင်းမည့်ပစ္စည်းနမူနာများနှင့် ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးချက်အဖြေများကို တင်ဒါလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သန်းရွှေ[၁၂/ပဘတ(နိုင်)၀၁၃၄၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်သည်။

(ဦးတင့်လွင်(ခ)မိုဟာမက်ဟာရွန်းရရှစ်)+ဒေါ်သန်းရွှေ၏သားဖြစ်သူ ကိုအောင်မျိုးလွင်[၁၂/ပဘတ(နိုင်)၀၃၀၈၇၅]သည် ဖခင်ရှိစဉ်ကလည်း မိသားစုပိုင်လုပ်ငန်းမှငွေကြေးများကို သုံးဖြုန်းအလွဲသုံးစားပြုလုပ်ခဲ့၍ အမှုကိစ္စများကိုလိုက်လံဖြေရှင်းခဲ့ပြီး ဖခင်ကိုယ်တိုင် ကြေးမုံသတင်းစာတွင် အမွေပြတ်အဖြစ် (၉-၇-၂၀၁၂) ကြေညာခဲ့ပါသည်။ ယခု ဖခင်ကွယ်လွန်ပြီး၌လည်း သားကိုအောင်မျိုးလွင်သည် အမျိုးမျိုး နှိပ်စက်ဒုက္ခပေး၍ ငွေကြေးအလွဲသုံးစားမှုများပြုလုပ်ခဲ့ပြီး မကြာခဏ လိုက်လံဖြေရှင်းရပါသောကြောင့် ကိုအောင်မျိုးလွင်အား (၁၆-၁၀-၂၀၂၀)ရက်တွင် အပြီးအပြတ်အမွေပေးစာချုပ်ကိုချုပ်ဆိုခဲ့ပါသည်။

သို့ဖြစ်၍ ထိုကဲ့သို့အကြိမ်ကြိမ်အလွဲသုံးစားပြုလုပ်ခြင်း၊ မိခင်နှင့်မောင်နှမများ၏ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်အောင်ပြုမူပြောဆိုခြင်းများရှိနေ၍၊ မိသားစုများကို ဒုက္ခပေးခြင်းများရှိနေ၍ ယခုသတင်းစာထည့်သည့်နေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့သည်ရှိသော် ဤရက်မှစ၍ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သားကိုအောင်မျိုးလွင် ခံစားခွင့်ရှိသော အမွေပစ္စည်းများရှင်းပေးခဲ့ပြီး အမွေပြတ်ဖြစ်ကြောင်း ၎င်းနှင့်ပတ်သက်သူအားလုံးသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းရွှေ (၂၇.ပါးဆေးတိုက်)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သိန်း(B.Sc H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၄၃၉)**
**အမှတ်(၂၄)၊ ၁၁၀ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၃၂၃၅၀**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးရုံး(ပုသိမ်)၊ ဧရာဝတီတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ တိုင်းဒေသကြီးရုံး (ပုသိမ်)၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောက်ရွက်ရန် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) (အလျား ၇၅'၊ အနံ ၄၀'၊ အမြင့် ၂၄') (၄)ခန်းတွဲ (၂)ထပ် သံကူကွန်ကရစ်အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်း။

၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - (၂၂-၁၀-၂၀၂၀) ရက်နေ့မှ (၁၃-၁၁-၂၀၂၀) ရက်နေ့အထိ (ရုံးချိန်အတွင်း)
၃။ တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - (၁၆-၁၁-၂၀၂၀) ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း)
၄။ တင်ဒါ ဖွင့်လှစ်မည့်ရက် - ထပ်မံကြေညာပါမည်
၅။ တင်ဒါတင်သွင်းရမည့် လိပ်စာနှင့်နေရာ - တိုင်းဒေသကြီးဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး(ပုသိမ်)
၆။ တင်ဒါဖွင့်လှစ်မည့်နေရာ - တိုင်းဒေသကြီးရုံး (ပုသိမ်) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
၇။ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး ရုံး (ပုသိမ်) ၀၄၂-၂၄၅၁၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၆)၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)၊ ရန်ကုန်မြို့မှ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွင်း ကမ္ဘာ့ဘဏ်ချေးငွေ (ADSP) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ ဆွာချောင်း ရေလှောင်တမံရေပိုလွှဲအသစ် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်လိုအပ်သော တည်ဆောက်ရေးပစ္စည်းများဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - (၂၆-၁၀-၂၀၂၀) ရက်မှ (၆-၁၁-၂၀၂၀) ရက်ထိ
တင်ဒါတင်သွင်းရမည့်ရက် - (၉-၁၁-၂၀၂၀) ရက်မှ (၁၇-၁၁-၂၀၂၀) ရက် ညနေ (၄:၀၀) နာရီအထိ
တင်ဒါဖွင့်လှစ်မည့်ရက် - (၂၀-၁၁-၂၀၂၀)(သောကြာနေ့) နံနက်(၉:၃၀)နာရီ
တင်ဒါရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။
တင်ဒါဖွင့်လှစ်မည့်နေရာ - ကြည်သာချမ်းမြေဓမ္မာရုံ၊ တိုင်းဆည်မြောင်းရုံးဝင်း၊ ပဲခူးမြို့။

၂။ တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါပုံစံတင်သွင်းရန် ကိစ္စရပ်များအတွက် လူကိုယ်တိုင်လာရောက်ရန် အခက်အခဲရှိပါက တင်ဒါပုံစံရယူရန်နှင့် တင်ဒါလျှောက်လွှာကြေးများပေးသွင်းရန်အတွက် အောက်ပါလိပ်စာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ E-mail Address- ad2con62020 @gmail.com

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၉၇၉၉၂၁၁၉၈၊ ၀၉-၇၉၅၄၂၈၁၈၀**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၃)လမ်း၊ အမှတ်-၆၃၂၊ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်မှ (၄)လွှာ(ခေါင်းရင်းခန်း)၊ အကျယ်အဝန်းပေ(၁၂.၅x၅၀)ရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအောင်[၁၂/သဃက(နိုင်)၀၃၇၉၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မိုး[၁၂/ဥကတ(နိုင်)၁၂၃၆၂၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ဗစိုး(၆)လမ်း၊ မြေကွက် အမှတ်(၅၁၂)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀)၊ စတုရန်း(၂၄၀၀)ပေရှိ မြေကွက်နှင့်၎င်း မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဂရန်အမည်ပေါက် ဒေါ်မြဝင်းထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းညွန့်[၁၂/ ဥကတ(နိုင်)၁၃၈၃၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေလင်းအောင်[၁၂/ဥကမ(နိုင်)၂၂၁၃၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊**
**မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၃၀၁၀၇၇၈၊ ၀၉-၂၅၈၄၆၅၈၇၁**

# တောမဲ့မြေသား ရေတိုက်စား၏

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်အေး(ခ)ဦးတီအကောက်

### အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်နေ (ဦးထွားနား–ဒေါ်လှ)တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၁၇)နေ [ဒေါ်သန်းသန်းမြင့်(ခ) ဒေါ်ရှုကင်း]၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးထွန်းလင်းအေး–ဒေါ်ဇင်မာလွင်၊ ဦးရဲခိုင်အေး–ဒေါ်ဖြူဖြူခိုင်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးတင်အေး(ခ)ဦးတီအကောက် (၇၉) နှစ်သည် ၁၅-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မျိုးတင့်

### အသက်(၈၂)နှစ်

ဦးစိုးလှိုင်(ညွှန်ကြားရေးမှူး–ငြိမ်း၊ TSC)၏ဇနီး ဒေါ်ခင်မျိုးတင့်သည် ၁၉-၁၀-၂၀၂၀(တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TSC–MICS အငြိမ်းစားဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးအုန်းချို

### အသက်(၅၈)နှစ်

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၆)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီနှင်းဆီလမ်း၊ အမှတ်(၆၅၀)နေ ဒေါ်ဝင်းသူဇာတင်မောင်(မီးငယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မခွန်းချိုသံသာဆင့်၊ မချိုအိန္ဒြေခေတ်၊ မောင်ရဲရင့်မောင်တို့၏ ချစ်လှစွာသော ဖခင်သည် ၂၀-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**(ပါမောက္ခ ဦးလှမင်း)–ဒေါ်ခင်ခင်အေး**
**သား – ဦးတင်ဇော်မင်း**
**သမီး – ဒေါ်နွယ်နီအေးမင်း**
**(မိသားစု)**

## သင့် သွေးဖြင့် အသက် ကယ်ပါ

## အနိစ္စ







ဘုရား၊ တံခွန်တိုင်၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ နတ်လမ်း ဒါယကာကြီး

လွှတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်

လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)

## ဦးသိန်းဟန် (ပုဂံတောင်)

### အသက် (၉၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးထွန်းမြိုင်–ဒေါ်အေးခင်)တို့၏ သား၊ (ဒေါ်တင်ညွန့်)၏ ခင်ပွန်း၊ ဦးငွေထွန်း–ဒေါ်တင်ရီ၊ ဦးစိုးနိုင်–ဒေါ်ယဉ်ကြည်၊ (ဦးစိုးခိုင်)–ဒေါ်တင်တင်ဦး၊ ဦးလှထွန်း–ဒေါ်မြင့်မြင့်ကြည်၊ (ဒေါ်ကြည်ကြည်သိန်း)၊ ဦးမျိုးအောင်–ဒေါ်ခင်ဆွေမြင့်၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇော်(ငြိမ်း)–ဒေါ်စောသူဇာငြိမ်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုး၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၁-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၄၅နာရီ တွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးသန်းထွန်း(ခ)စအစ်အာမက်ခန့်

### အသက်(၈၀)

ငွေကိုင် ဘတ်ဂျက် စား/ထွေ(ငြိမ်း) ကုန်သွယ်ရေး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ အမှတ်–၃၃၉၊ ကျိုက္ကဆံလမ်း၊ ပထမထပ်၊ ၁၅၇လမ်းထိပ်နေ (Dr.S.M.ခန့်–ဒေါ်စလီမာဘီ)တို့၏သား (ဦးS.အလီ–ဒေါ်အာဆူဘီ)တို့၏သားသမက်၊ ဒေါ်ခင်သန်းမြင့်(ခ)ဒေါ်ဘားနူဘီ၏ခင်ပွန်း၊ ကိုသိန်းထွန်း၊ မခင်မာချို၊ မနီးနီးသန်း(ခ)ရရှိဒါ–(မော်လဝီဟာဖစ်နာ့ဖွေ့စ်)၊ မအေးအေးသန်းတို့၏ ဖခင်၊ ဟာဖစ်ဆာဖာတမာဘီ၊ ဟာဖစ်ဆာနာဖွေ့အာဘီတို့၏ အဘိုး(နာနာ)သည် ၂၅-၉-၂၀၂၀(သောကြာနေ့) နံနက် ၃နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပြီး ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေး စွန္နီကဗရ်စတာန်တွင် ဒါဖနာမြှုပ်နှံပြီးစီးကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်း မဂ်ဖရတ်အတွက် အသိပေးပါသည်။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မေစီကြည်

ဆရာမ (ငြိမ်း) အထက(၁)ဒဂုံ

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ၂၃၆ သစ်ရာပင်လမ်း (ဗိုလ်ချုပ်ရွာ)နေ (ဦးထွန်းကြည်–ဒေါ်စိုး)တို့၏သမီး[ဦးကြည်သိန်း(SAE ဆောက်လုပ်ရေး–ငြိမ်း)]–ဒေါ်ခင်နှင်းဆွေ (ဆောက်လုပ်ရေး–ငြိမ်း)၊ Dr. ခင်မောင်ဝင်း (Managing Director)–ဒေါ်ခင်ခင်ငြိမ်း(JAGUCO–MYANMAR International Co.,Ltd) ၊ ဦးပိုက်ရ [ATEO အလုံ–(ငြိမ်း)]–ဒေါ်ခင်စမ်းလွင်[ကျောင်းအုပ်(ငြိမ်း)၊ ကြည့်မြင်တိုင်မြို့နယ်]တို့၏ ချစ်လှစွာသောညီမ၊ ဒေါ်မေနီကြည် (Director–JAGUCO–MYANMAR International Co.,Ltd)၏ အစ်မ၊ ကိုကျော်ထွေးလွင်–မအေးမင်းမင်းလှိုင် (ခေတ္တ–USA)၊ ကိုသိန်းဆွေဦး–မမူမူအောင်၊ ကိုနေမျိုးလှိုင်–မအေးအေးခိုင် (ခေတ္တ–USA) တို့၏ချစ်လှစွာသောအဒေါ်၊ မရွှေရည်ဖြိုး(12th year Harrow International School– Bangkok)၊ မောင်ဝေလင်းအောင်(Grade–9 Sierra Vista High School – Los Angeles. USA) တို့၏ အဘွားသည် ၂၀-၁၀-၂၀၂၀ရက် နံနက် (၄:၀၀) နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ (၁၁:၀၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သန့်

### အသက်(၉၂)နှစ်

သံအမတ်ကြီး(ငြိမ်း)

**အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူ ဦးအုံးဖေစာပေဆုရှင်**

ဦးမျိုးသန့်[Principal Economist (Rtd.), ADB]–ဒေါက်တာခိုင်စံပယ်လတ် [Medical Officer (Rtd.), W.H.O]၊ ဒေါ်သီတာသန့် (MD, New Link Marketing Ltd.,)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအောင်သန့် အသက်(၉၂)နှစ်သည် ၁၃-၁၀-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Diector**
**Sinma Furnishings Co., Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှင်းဥ

### အသက်(၉၁)နှစ်

ဦးညဏ်ထွန်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)–ဒေါ်ဌေးဌေးဟန်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ (ဦးသန်းမြင့်)၏ဇနီး ဒေါ်နှင်းဥ အသက်(၉၁)နှစ်သည် ၁၉-၁၀-၂၀၂၀ (တနင်္လာနေ့)၊ နံနက် ၉:၂၀နာရီတွင် အမှတ်(၁၀၀)၊ သုခရိပ်သာ(င)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်စန်း(ဘီးလင်း)

### အသက်(၇၂)နှစ်

သူငယ်ချင်း ဒေါက်တာ ကံဦးအောင်–ဒေါက်တာ မျိုးမာလာဝင်း(မေ့ဆေးအထူးကုဆရာဝန်ကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး)တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်စန်း အသက်(၇၂)နှစ်သည် ၁၉-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**11/87–Batch**
**ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ**

## ဦးထွန်းဝင်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း(ငြိမ်း)

### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၃)၊ အမှတ်(၃၁၂)၊ အခန်း (၆)နေ ဒေါ်သန်းသန်းနွယ်၏ ခင်ပွန်း၊ ဦးထွန်းလင်းအောင်–ဒေါက်တာ သီရိတင်တင်ထွန်းတို့၏ ဖခင်၊ မနှင်းအိန္ဒြေ၏အဘိုး၊ ဒေါ်သုဓမ္မစာရီ၊ ဒေါ်ချိုချိုတို့၏ မောင်၊ ဒေါ်စမ်းစမ်းအေး၊ ဦးဇော်သန်း–(ဒေါ်ခင်မြင့်ဦး)၊ ဦးကျော်မြင့်–ဒေါ်ခင်သီတာတို့၏ အစ်ကို၊ တူ/တူမများ၏ ဘကြီးသည် ၁၇-၁၀-၂၀၂၀ ရက် ည ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၂၀ ရက်တွင် အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန်းညွန့်

တိုင်းဆောက်–၁၁ (ငြိမ်း)

### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၇၃/၇၅)၊ ရေကျော်လမ်းမကြီးနေ (ဦးခင်မောင်ညွန့်–ဒေါ်ယဉ်နု)တို့၏ သား၊ (ဦးမျိုးမြင့်ညွန့်–ဒေါ်မြင့်မြင့်အောင်)၊ (ဦးမျိုးဝင်းညွန့်)–ဒေါ်ခင်ဆွေဝင်းတို့၏ ညီ၊ ဦးခင်မောင်ကြိုင်–ဒေါ်ခင်မျိုးညွန့်၊ ဦးမျိုးဆန်းညွန့်၊ ဦးမျိုးဆင့်ညွန့်–(ဒေါ်စန်းစန်းဝင်း)၊ ဒေါ်ခင်မျိုးလှိုင်၊ ဦးဝင်းမောင်–ဒေါ်ခင်မျိုးယဉ်၊ ဦးခင်ဇော်–ဒေါ်ခင်မျိုးသိန်း၊ ဒေါ်ခင်မျိုးသစ်တို့၏ အစ်ကိုကြီး၊ ဒေါ်မီမီဌေး၏ ခင်ပွန်း၊ ဦးမျိုးသူရ–ဒေါ်ခင်ပြည့်ပြည့်ဖြိုး၊ (ဒေါ်အိအိမျိုး)၊ ဦးထက်မြတ်မျိုး၊ ဦးဖြိုးသက်ခိုင်တို့၏ ဖခင်၊ မအိမ့်ငုံဖူး၊ မငြိမ်းစုသွယ်၊ မောင်ထက်အောင်ရှိုင်းတို့၏ အဘိုးသည် ၁၉-၁၀-၂၀၂၀ (တနင်္လာနေ့) ညနေ ၆:၁၅ နာရီတွင် အရိုးကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရှိုလာအုန်းကြွယ် [B.Econ(C.S)]

### အသက် (၇၃)နှစ်

ဒေါ်ရှိုလာအုန်းကြွယ် [B.Econ(C.S)] အသက် (၇၃)နှစ်သည် ၁၇-၁၀-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ ကျွန်ုပ်တို့အတွက်လည်း မိတ်ဆွေသူငယ်ချင်းကောင်းတစ်ဦး ဆုံးရှုံးသွားသည်ကို နှမြောတသဖြစ်ရပါသည်။ ဒေါ်ရှိုလာအုန်းကြွယ် မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေ။

**၁၉၇၂ ခုနှစ် စီးပွားရေးတက္ကသိုလ် B.Econ(C.S)**
**ဘွဲ့ရသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးရဲလွန်းနီ

### အသက်(၇၀)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ရိပ်သာလမ်း၊ အမှတ်(၁၂၄)နေ ဒေါ်ခင်ဆွေမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်တင်–ဒေါ်မြင့်မြင့်သန်း**
**GLORIOUS MONYWA HOTEL**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီး အုန်းချို(ကြည်း–၁၈၈၄၀)

**(သူရဲကောင်းမှတ်တမ်းဝင်၊ သူရဲကောင်းလက်မှတ်)**

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)**

### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ နှင်းဆီလမ်း၊ အမှတ်(၆၅၀)နေ ဒေါ်ဝင်းသူဇာတင်မောင်၏ ချစ်လှစွာသောခင်ပွန်း၊ မခွန်းချိုသံသာဆင့်၊ မချိုအိန္ဒြေခေတ်၊ မောင်ရဲရင့်မောင်တို့၏ချစ်လှစွာသောဖခင် သူငယ်ချင်း ဗိုလ်မှူးကြီး အုန်းချို အသက်(၅၈)နှစ်သည် ၂၀-၁၀-၂၀၂၀ (အင်္ဂါနေ့)တွင် တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**မိချို၊ မိခိုင်၊ မြသွေး၊ ခင်စန်းဝေ၊ နုနုဝင်း၊**
**တင်မောင်မောင်၊ ဖုန်းမြင့်၊ ဝင်းတင်၊**
**မင်းအောင်၊ မောင်နိုင်၊ သန်းစိုးဦး**

# အောက်တိုဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁၉၄ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၀-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၃၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁၉၄)ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၁-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၉၀၇) ခု | (၂၀၈) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၅၀) ခု | (၄၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၁၁၇) ခု | (၈၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၁) ခု | (၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၃၈၆) ခု | (၂) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇၁) ခု | (၄၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၀) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၃) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၄၅) ခု | (၃၄၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၅၉၈) ခု | (၄၄၂) ဦး |
| စုစုပေါင်း | (၁၄,၃၆၂) ခု | (၁,၁၉၄) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

## ကိုဗစ်-၁၉ ကာလ မြို့ပြသန့်ရှင်းရေးကို နည်းလမ်းလေးခုဖြင့် ဆောင်ရွက်



**ရန်ကုန် အောက်တိုဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ကာလအတွင်း ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးဆေးရုံနှင့် ကန့်သတ်စောင့်ကြည့်ရေး စခန်း အသီးသီးမှ ထွက်ရှိလာသော အမှိုက်များ နေ့စဉ်များပြားလာခြင်းကြောင့် ကိုဗစ်-၁၉ စွန့်ပစ်အမှိုက်များကို စနစ်တကျသိမ်းဆည်းပြီး စွန့်ပစ်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း အမှိုက်၊ အမှိုက်ကန်သန့်ရှင်းရေး၊ လမ်းမကြီးများ သန့်ရှင်းရေး၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ သန့်ရှင်းရေး၊ သန့်ရှင်းရေးဝန်ထမ်းများနှင့် မိသားစုများသန့်ရှင်းရေး (နေ့စဉ် ကိုယ်အပူချိန်တိုင်း၍ စစ်ဆေးပေးခြင်း)တို့ကို အလေးထားဆောင်ရွက်နေကြောင်း သိရသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○

## ကချင်အမျိုးသားကွန်ဂရက်ပါတီနှင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

ကချင်အမျိုးသားကွန်ဂရက်ပါတီ နှင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၂၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို နှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၁**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၂ အာရှဖလား အမျိုးသမီး ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ယင်းခြေစစ်ပွဲကို ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကျင်းပရန် စီစဉ်ထားပြီး အာရှနိုင်ငံများမှ အမျိုးသမီးလက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

**ပြိုင်ပွဲများအတွက် ပြင်ဆင်**

မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် အာရှဖလားခြေစစ်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ အခြေအနေအပေါ်မူတည်၍ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဖေဖော်ဝါရီလက ယှဉ်ပြိုင်ခဲ့သည့် တိုကျိုအိုလံပစ် တတိယအဆင့် ခြေစစ်ပွဲပြီးကတည်းက လေ့ကျင့်မှုရပ်နားထားရခြင်းဖြစ်ပြီး နည်းပြချုပ်သစ် ဦးတင်မြင့်အောင်အနေဖြင့် လာမည့်နှစ်တွင် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများအတွက် ပြင်ဆင်မှုများစွာ ပြုလုပ်ရန် စီစဉ်ထားသည်။

မြန်မာအမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ပုံမှန်အတိုင်း လေ့ကျင့်ခွင့်ရပါက ပြည်တွင်းပြည်ပခြေစမ်းပွဲများစွာကစားရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းကို ယခုနှစ်လယ်ပိုင်းတွင် နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒



မြန်မာအမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ) အမျိုးသမီးအသင်းတို့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလက ခြေစမ်းခဲ့စဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**


ရုရှားနိုင်ငံက နိုဝင်ဘာလအတွင်း ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးမှု စတင်မည်
စာမျက်နှာ » ၁၂

၂၀၂၀ ပြည့်နှစ် တတိယသုံးလပတ်တွင် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး အနည်းငယ် တိုးတက်လာ
စာမျက်နှာ » ၁၃

သဖန်းဆိပ်ရေလှောင်တမံမှ မိုးစပါးစိုက်ဧက ၄၄၀၀၀၀ ကျော် အောင်ရေရသည်အထိ ဆည်ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၂၃